The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

**VOL. 19, NO. 8** တနင်္လာနေ့တိုင်းထုတ်ဝေသည် **February 25, 2019**

# မြန်မာ့ပို့ကုန် "ပြောင်း"အား ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် Duty Free Quota Free ဖြင့် တင်ပို့ခွင့်ရရှိနိုင်ရေး

စာမျက်နှာ - ၁၈

သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရာလည်းရောက်၊
စပါးခွံလောင်စာတောင့်ကို
ထုတ်လုပ်သုံးစွဲခြင်းဖြင့်
ပို့ကုန် မြှင့်တင်ကြပါစို့

စာမျက်နှာ - ၆

၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်း
တရုတ်ကုန်စည် ၉၉ ခုအပေါ်
**Anti-dumping duty**
သတ်မှတ်စည်းကြပ်ပြီးဖြစ်ကြောင်း
အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာန
ထုတ်ပြန်

စာမျက်နှာ - ၃၂






**SHARP**
Be Original.




SHARP Product များကို SHARP Myanmar Flagship Store နှင့် မြန်မာပြည်၏တစ်ဦးတည်းသော ကိုယ်စားလှယ်
MEDG Co.,Ltd မှတစ်ဆင့် ဖြန့်ဖြူးရောင်းချသော Wai Yan Electronics Showroom များနှင့်
အခြားအရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွက် တရားဝင်အာမခံ ၂ နှစ် ( ပစ္စည်း + လက်ခ ) အခမဲ့ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။

HYUNDAI
NEW THINKING. NEW POSSIBILITIES.



3 YEAR SUPERGUARD 200,000 KM WARRANTY

Down payment 30%

3 years Installment

GAMT
Authorized Distributor

ရန်ကုန် အရောင်းပြခန်း- အမှတ် ၃၉၉(က)၊သီရိမင်္ဂလာလမ်း(ဂျပန်လမ်း)၊ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း : ၀၁-၃၆၄၂၅၀၆၊ ၀၁-၃၆၄၇၆၃၉၊ ၀၉-၉၇၇၂၁၀၉၈၂၊ ၀၉-၉၇၇၂၁၀၉၈၃
မန္တလေး အရောင်းပြခန်း- အမှတ်(၅၁၂)၊၃၁x၃၂ လမ်းကြားပြင်ဦးလွင်-မန္တလေးလမ်းမကြီးပုသိမ်ကြီးမြို့နယ်၊မန္တလေးမြို့။
ဖုန်း : ၀၉-၉၇၇၉၇၀၃၀၅၊ ၀၉-၉၇၆၉၉၉၃၃၃၊ ၀၉-၉၇၆၉၉၉၄၄၄
မုံရွာ အရောင်းပြခန်း - HYUNDAI Car Showroom Monywa အမှတ် (၁၁၉/ဘီ)၊ဗိုလ်ချုပ်လမ်း၊နတ်လှထိပ်ပန်ရပ်ကွက်၊မုံရွာမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း : ၀၉-၇၉၂၁၃၀၂၀၀၊၀၉-၇၉၂၁၃၀၆၀၀၊၀၉-၇၉၆၄၅၀၈၀၀

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာဗဟို လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုတွင် အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက် (၄) ရပ်၊ စီးပွားရေးမူဝါဒ (၁၂) ရပ်နှင့် အညီ အထူးစီးပွားရေးဇုန်များ အောင်မြင်အောင်နှင့်

စာမျက်နှာ ၂၇ သို့



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စတုတ္ထအကြိမ် အိန္ဒိယ-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား




စတုတ္ထအကြိမ် အိန္ဒိယ-အာဆီယံကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြ ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားရာတွင် အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား ခိုင်မာသော လူမှု-စီးပွားဆိုင်ရာ ပေါင်းစည်းဆက်သွယ်ဆောင်ရွက်မှုသည် ကာလရှည်ကြာ တည်ရှိခဲ့ပြီးဖြစ်သည့်အတိုင်း အနာဂတ်တွင်လည်း ဆက်လက်ရှင်သန်ခိုင်မာစေရေး ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ မိတ်ဖက်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများနှင့် အခြားကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများအား ပူးပေါင်းလက်တွဲ၍ ညှိနှိုင်းဖြေရှင်းသွားရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

စာမျက်နှာ ၄ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mrs. Helena Konig ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mrs. Helena Konig၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၂၁ ရက် ၁၃:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ဥရောပသမဂ္ဂမှ Everything But Arms (EBA) အစီအစဉ်အရ မြန်မာနိုင်ငံအား ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ပေးအပ် ထားသည့်အတွက် ဥရောပသမဂ္ဂသို့ ပို့ကုန်များပိုမိုတင်ပို့လျက်ရှိကြောင်း၊ လက်ရှိရရှိထားသည့် Generalized System of Preferences (GSP) အကျိုးခံစားခွင့်အား ဆက်လက်ထိန်းသိမ်းပြီး ပို့ကုန် တိုးမြှင့်တင်ပို့ခြင်းနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ခြင်းတို့မှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားနိုင်ရေး၊ မြန်မာနှင့် ဥရောပသမဂ္ဂအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်း ရရှိသည်။

MOC (IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 19, No.8 Monday February 25 2019

# ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများ၏ ဆန်တင်ပို့မှုအခြေအနေ

ဖေဖော်ဝါရီ၉ ရက်မှ ၁၅ ရက်အထိ တစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅၆ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၁၅၆၃၃၇၀၀ ကီလို တင်ပို့ခဲ့ကြောင်းသိရသည်။

ယခင်တစ်ပတ်ဖြစ်သည့် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အတွင်း တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ၉၇၂ သန်းတန်ဖိုးရှိ ဆန် ၁၂၇၄၂၄၅၀ ကီလိုကို တင်ပို့ခဲ့သည်ဖြစ်ရာ ယခုတစ်ပတ်တွင် မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆန်ကီလို သုံးသန်းနီးပါးကို ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရသည်။ ဆန်သယ်ယူခစျေးနှုန်းများမှာမူ အနည်းငယ်လျော့ကျသွားကြောင်း သိရပြီး ယခုတစ်ပတ်အတွင်းဆန်တစ်ပိဿာ ၆၀ ကျပ်နှုန်းဖြင့် သယ်ယူလျက် ရှိသည်။

ယခုတစ်ပတ် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တင်ပို့မှုမရှိခဲ့ဘဲ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ ဆန်ကီလိုပေါင်း၁၃၀၅၀ ကီလိုတင်ပို့ခဲ့သည်။ မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် ယခင်တစ်ပတ်က ဆန်ကီလို ၂၅၀၀ ကို တင်ပို့ခဲ့သဖြင့် ယခုတစ်ပတ်တွင် ဆန်ကီလို တစ်သောင်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရသည်။ ယခင်တစ်ပတ်က ဆန်တင်ပို့မှုမရှိခဲ့သော လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်တွင် ဧည့်မထဆန် ၈၄၈၀၀၀ကီလို၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၅ သိန်းခန့်တင်ပို့မှု ရှိခဲ့သော်လည်း ကျန်ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမရှိခဲ့ကြောင်း သိရသည်။

လတ်တလော ဖြစ်ပေါ်နေသည့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၅ မှတ်တစ်တန်အတွက် စျေးနှုန်းနှိုင်းယှဉ်ချက်မှာ ယခင်တစ်ပတ်က မိမိဘက် ပေါက်စျေးအနေဖြင့် ၄၆၄၇၉၈ ကျပ်ရှိရာတွင် တစ်ဖက်နိုင်ငံစျေးမှာ ၂၁၈၀ယွမ်၊ ၃၂၂ အမေရိကန်ဒေါ်လာ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် မိမိဘက်စျေးမှာ ၄၆၆၃၃၃ ကျပ်ရှိကာ တစ်ဖက်နိုင်ငံစျေးမှာ အပြောင်းအလဲမရှိကြောင်း သိရသည်။ **ကြည်သာသစ်နိုင်**

## ပုသိမ်မြို့နယ် ဆန်စပါးစျေးကွက် ဖေဖော်ဝါရီ တတိယပတ်အတွင်း အရောင်းအဝယ်ပုံမှန်ရှိ

ပုသိမ်မြို့ဆန်စပါးစျေးကွက် ဖေဖော်ဝါရီ တတိယပတ်အတွင်း အရောင်းအဝယ်ပုံမှန်ရှိပြီး လက်ရှိ ဧရာဝတီ ပေါ်ဆန်း ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ကျပ် ၁၁၈၀၀၀၀၊ ၁၂ သိန်း ဆန်တစ်အိတ်ကို ကျပ် ၃၉၀၀၀-၄၀၀၀၀၊ ပေါ်ဆန်းရင်စပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ကျပ် ၁၁ သိန်း ၂သောင်းမှ စပါးကောင်းလျှင် ကျပ် ၁၁သိန်း ၅သောင်းဝန်းကျင်အထိ ပေါက်စျေးရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၃၇၀၀၀- ၃၈၀၀၀၊ ရွှေသွယ်စပါး ပေါင် ၅၀၊ တင်း ၁၀၀ ကို ကျပ် ၇၈၀၀၀၀-၈၀၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀-၃၀၀၀၀ ၊ မီးကောက်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၅၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၄၀၀၀-၂၅၀၀၀ ၊ မနောသုခ၊ မျိုးပွားပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၂၀၀၀-၂၂၅၀၀ နှင့် အရောင်းအဝယ်ဖြစ်ပြီး စျေးတန်းနိမ့်သောရေဆင်း စပါး ပေါင် ၅၀ တင်း ၁၀၀ကို ကျပ် ၆၀၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀-၂၁၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါး စျေးကွက်သတင်းများမှ သိရသည်။

ပုသိမ်မြို့ဆန်စပါးစျေးကွက်တွင် ယခုနှစ်ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းကောင်း၍ လက်ရှိ စျေးတန်းမှာလည်း ယခုပေါက်စျေးနှင့်တောင်သူများတွက်ခြေကိုက်မှုရှိကြောင်း ယခင်နှစ်ကတိုင်းအတွင်း အမြင့်ဆုံးစျေးရရှိသော ပေါ်ဆန်းစပါးစျေးကွက်ဝယ်လိုအား မြင့်တက်မှုကြောင့် ယခုနှစ်တွင် ပေါ်ဆန်းစပါးစိုက်ပျိုးသူများကြောင်း စက်ပိုင်၊ ကုန်သည်အသိုင်းအဝိုင်းမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ပြည်တွင်းဆန်စျေး အမြင့်စျေးဖြင့် ငြိမ်နေ

ယခုတစ်ပတ်ပြည်တွင်းဆန်စျေးများ အတက်စျေးဖြင့် စျေးငြိမ်နေခဲ့ကြောင်းသိရသည်။ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖြစ်ပေါ်ခဲ့သော စျေးနှုန်းများမှာ မြောင်းမြ ပုသိမ်ပေါ်ဆန်း ဆန်အသစ် ထိပ်စတစ်အိတ်လျှင် ကျပ်၄၂၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ နိမ့်စတစ်အိတ်လျှင် ကျပ်၃၈၀၀၀ စျေးရှိကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ကျားပျံ (ရှယ်) အသစ်ထိပ်စတစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၈၀၀၀ ပေါက်စျေးဖြစ်ပေါ်လျက်ရှိကာ ဖျာပုံပေါ်ဆန်း(သစ်) ထိပ်စတစ်အိတ် ၃၈၀၀၀၊ ဒေးဒရဲပေါ် ဆန်းဆန် (သစ်) ထိပ်စတစ်အိတ်ကျပ် ၃၈၀၀၀နဲ့ လတ်စ တစ်အိတ်ကိုကျပ် ၃၇၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၄၇၅၀၀ -၅၀၅၀၀၊ ပေါ်ဆန်း နယ်စုံ ဆန်အသစ်တစ်အိတ်လျှင် ကျပ် ၃၄၀၀၀-၃၅၀၀၀ ပေါက်စျေးရှိနေပြီး ငစိန်ဆန်အသစ် တစ် အိတ်စျေးမှာ အနိမ့်ဆုံး ကျပ် ၁၉၀၀၀ မှ အမြင့်ဆုံး ကျပ် ၁၆၅၀၀ ရှိကြောင်း သိရသည်။

ဝါးတန်းကုန်စည်ဒိုင်၏သတင်းများအရ ပေါ်ဆန်းကျားပျံ ၅ မှတ်တစ်အိတ်လျှင် အနိမ့်ဆုံးစျေး ကျပ်၃၅၅၀၀မှ အမြင့်ဆုံး ကျပ်၆၅၅၀၀ အထိ စျေးရှိနေကြောင်းနှင့် ရွှေဘိုပေါ်ဆန်းကျားပျံမှာ အမြင့်ဆုံးစျေးဖြစ်ကြောင်း၊ ရက်(၉၀) ၁၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ မှ ၂၆၀၀၀ အထိ စျေးရှိနေကြောင်း သိရှိရပါသည်။

**ခင်လေးယု**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်**

အဆိုပါကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Pan Sorasak၊ အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Enggartiasto Lukita၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကူးသန်းရောင်း ဝယ်ရေး၊ စက်မှုနှင့် လေကြောင်းပျံသန်းရေးဝန်ကြီး H.E. Shri Suresh Prabhu၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Acting Minister ဖြစ်သူ H.E. Ms. Chutima Bunyapra- phasara ၊ စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် Mr. Lee Chuan Teck၊ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အထွေထွေအတွင်းရေးမှူး Dato' Lokman Hakim bin Ali၊ အာဆီယံ အထွေထွေအတွင်းရေးမှူး H.E. Dato Paduka Lim Jock Hoi တို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ဝယ်ယူသူများ၊ စီးပွားရေး ကိုယ်စားလှယ်များနှင့် ပြပွဲပါဝင်ပြသသူပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းအချင်းချင်း တွေ့ဆုံခြင်းများ၊ အစိုးရအချင်းချင်းတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်နှင့် အလုပ်ရုံဆွေးနွေးပွဲများကိုပါ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၂၂-၂-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၉၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၈၂ | △ | ၃၃၅ | ၃၃၃ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၅၀ | ၃၅၃ | △ |
| ဆန်ဖြူ ၁၀% | ၃၇၉ | ၃၈၁ | △ | ၃၃၃ | ၃၃၁ | ▽ | - | - | - | ၃၄၅ | ၃၄၈ | △ |
| ဆန်ဖြူ ၁၅% | ၃၇၇ | ၃၇၉ | △ | ၃၃၀ | ၃၂၈ | ▽ | - | - | - | ၃၄၀ | ၃၄၃ | △ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၇၃ | △ | ၃၂၃ | ၃၂၀ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၂၈ | ၃၂၈ | □ |
| ပေါင်းဆန် | ၄၁၇ | ၄၁၈ | △ | - | - | - | ၃၇၈ | ၃၇၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၂-၂-၂၀၁၉)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၂၅၀၀ | □ | ၉၃၀၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၉၀၀၀၀ | □ | ၃၀၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၇၅၀၀ | □ | ၃၂၀၀၀ | ▽ | ၁၃၅၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | □ | ၂၂၀၀၀ | □ | ၈၀၀၀ | △ | ၄၀၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | △ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | △ |
| မန္တလေး | ၆၈၀၀ | △ | ၂၅၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၃၅၀၀ | △ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | ▽ | ၂၂၀၀၀ | □ | ၉၆၆၀၀ | ▽ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၄၀၀၀၀ | □ | - | - | ၆၆၀၀၀ | □ |
| မြိတ် | ၆၅၀၀ | □ | ၂၄၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| ဘားအံ | ၅၇၀၀ | △ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၁၈-၂-၂၀၁၉ မှ ၂၂-၂-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 301 | 19,669,673.740 |
| 2 | Form D | 124 | 5,590,149.015 |
| 3 | Form E | 131 | 6,208,318.140 |
| 4 | Korea GSP | 10 | 235,907.900 |
| 5 | Form AK | 145 | 9,311,021.190 |
| 6 | Form AJ | 20 | 1,099,835.310 |
| 7 | Form AI | 149 | 2,059,565.493 |
| 8 | Form AANZ | 8 | 102,443.820 |
| 9 | Form DFTP | 4 | 251,200.000 |
| 10 | Form CHINA | | |
| Grand Total | | 892 | 44,528,114.608 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၂-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၅/၂ | ၂၂/၂ | ပြောင်းလဲမှု | ၁၅/၂ | ၂၂/၂ | ပြောင်းလဲမှု | ၁၅/၂ | ၂၂/၂ | ပြောင်းလဲမှု | ၁၅/၂ | ၂၂/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၉၉ | ၁၀၃၂ | ▲ | ၁၀၈၃ | ၁၁၆၇ | ▲ | ၁၀၅၀ | ၁၀၇၅ | ▲ | ၉၅၀ | ၉၅၀ | ■ |
| ပဲစင်းငုံ | ၁၁၅၁ | ၁၁၀၀ | ▲ | ၁၂၆၇ | ၁၃၀၀ | ▲ | ၁၂၇၅ | ၁၂၉၀ | ▲ | ၁၂၆၅ | ၁၂၇၅ | ▲ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၅၀ | ▼ | ၁၈၆၇ | ၁၈၆၇ | ■ | ၁၇၁၀ | ၁၆၈၄ | ▼ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၉၃ | ၁၃၁၀ | ▲ | ၁၃၀၅ | ၁၂၈၉ | ▼ | ၁၃၄၅ | ၁၃၁၅ | ▼ |
| ပဲလွန်းဖြူ | ၉၃၀ | ၉၅၀ | ▲ | ၁၁၆၇ | ၁၁၃၃ | ▼ | ၁၃၉၄ | ၁၂၁၀ | ▼ | ၁၂၂၅ | ၁၂၁၀ | ▼ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၀၀၀ | ▼ | ၂၁၃၃ | ၂၁၃၃ | ■ | ၁၈၄၂ | ၁၉၄၇ | ▲ | ၁၈၄၅ | ၁၉၈၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၉.၂.၁၉)ထိ | ယခုတစ်ပတ် (၁၆.၂.၁၉)ထိ | (၁.၁.၁၉) မှ (၁၆.၂.၁၉) ထိ |
| မတ်ပဲ | ၇၀၁၄၆ | ၁၆၆၄ | ၇၁၈၁၀ |
| ပဲတီစိမ်း | ၁၆၂၁၂ | ၅၄၁၀ | ၂၁၆၂၂ |
| ပဲစင်းငုံ | ၂၂၄၅၄ | ၁၃၈ | ၂၂၅၉၂ |
| ကုလားပဲ | ၇၀၃၁ | ၅၆၇ | ၇၅၉၈ |
| ပဲလွန်းဖြူ | ၁၅၁၂ | ၅၂၇ | ၂၀၃၉ |
| မြေထောက်ပဲ | ၃၁၄ | ၁၁၁ | ၄၂၅ |

## ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ ကုလားပဲသီးနှံသစ်ဝင်ရောက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံအနေဖြင့် ပဲသစ်ဝင်ရောက်မှုများရှိလာတာကြောင့် အိတ် ၁၀၀/၂၀၀ ကျော်အထိ ပန်းတောင်း၊ ကံမမြို့နယ်များမှ ဝင်ရောက်မှုရှိခဲ့တာကို တွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပဲဟောင်းရော ပဲသစ်ပါရောင်းဝယ်နေကြပြီး ရန်ကုန်ဝယ်လက်တစ်ခါတစ်ရံ အဝယ်ရှိခဲ့သလို ဒေသတွင်းပဲခွဲစက်သမားများမှလည်း ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ဈေးဖွင့်ရောင်းဝယ်ခဲ့ကြလို့ ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့သော ပဲဟောင်းဈေးထက်ဈေးလျော့နေခဲ့ကြောင်း သိရပါတယ်။ ကုလားပဲသီးနှံသည်လည်း ပဲခူးတိုင်းဒေသကြီး ပြည် ခရိုင်အတွင်းသာ စိုက်ပျိုးမှုရှိတဲ့အတွက် ပြည်ဈေးကွက်မှာ ကုလားပဲသီးနှံဈေးကွက်အနေဖြင့် အမြဲရောင်းဝယ်မှုဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ဟသ်ာတခရိုင်တွင် မတ်ပဲဈေး တည်ငြိမ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ သီးထပ်စိုက်ပျိုးချိန်၌ မတ်ပဲ စိုက်ဧက ၄၁၄၁၉၈ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလဆန်းမှစ၍ မတ်ပဲများ စတင်ထွက်ရှိလျက်ရှိကြောင်း၊ ဟသ်ာတမြို့ပေါ်ရှိ ပွဲရုံများသို့ နေ့စဉ် မတ်ပဲ တင်း ၅၀၀ မှ ၁၀၀၀ ကြား ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

ယခင်နှစ် ကာလတူတွင် ဟသ်ာတကုန်စည်ဒိုင်၏ မတ်ပဲတစ်တင်းပေါက်ဈေးမှာ ၁၉၄၀၀ ကျပ်ဖြစ်ပြီး ယခုနှစ် ဇန်နဝါရီလတွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၂၃၅၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၄ ရက်တွင် ကျပ် ၁၉၆၀၀ ထိ ပြန်ဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် ကျပ် ၂၀၅၀၀၊ ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၂၁၀၀၀-၂၁၅၀၀ ဈေးပေါက်လျက်ရှိပါတယ်။ နေ့စဉ် အိတ် ၅၀၀ မှ ၁၅၀၀ကြား အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်းကုန်စည်ဒိုင်သတင်းများအရ သိရသည်။ **မောင်မောင်မြတ်ခိုင်**

## ထောပတ်ပဲသီးနှံသစ် ပြည်ပဲဈေးကွက်သို့ ဝင်ရောက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသီးနှံသစ်များ ဝင်ရောက်နေခဲ့ပြီး ယခုတစ်ပတ်မှာ ထောပတ်ပဲသီးနှံသစ်များ ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံမှာ ယခင်နှစ်က တစ်နှစ်ပတ်လုံးဈေးကောင်းဝင် သီးနှံဖြစ်ခဲ့ပြီး ယခုနှစ်မှာလည်း အဖွင့်ဈေးမှာကတည်းက တစ်တင်းကျပ် သုံးသောင်းရရှိခဲ့လို့ ယခုနှစ်လည်း ပဲဈေးအလားအလာကောင်း ရှိနိုင်ကြောင်းသိရပါတယ်။ ပဲအထွက်လှိုင်ချိန်တွင်သာ လက်လီ/လက်ကားရောင်းဝယ်မှုဖြစ်ပေမယ့် ကျန် ကာလများ၌ ပဲလက် ကျန်နည်းသွားချိန်များတွင်တော့ လက်လီသာအရောင်းအဝယ်ဖြစ်တဲ့ ပဲသီးနှံဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၄၇၃၁ ဒသမ ၅၀ တန်ဖိုးရှိငရုတ်သီးခြောက် ၃၅၇၀၀ ကီလိုဂရမ်၊အမေရိကန်ဒေါ်လာ ၂၃၇၅ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၁၉၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၂၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် အရေအတွက် ၆၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၃၃၆၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၂၈၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှု ပမာဏတန်ဖိုး ၈၁၆၆၆ ဒသမ ၅ ဒေါ်လာကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်း စာရင်းများအရ သိရှိရပါတယ်။

ဖေဖော်ဝါရီလ ၁၄ ရက်မှ ၂၀ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၆၃၀ အိတ် တန်ချိန်အားဖြင့် ၃၁ ဒသမ ၆၃ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှလွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၂၃၆၀ အိတ်၊ မန္တလေးမြို့မှ ၁၁၂၅ အိတ်၊ ရွှေဘိုမြို့မှ ၇၂၀ အိတ်တင်သွင်းခဲ့ရာ စုစုပေါင်း ၄၂၀၅ အိတ်တန်ချိန်အားဖြင့် ၂၁၀ ဒသမ ၁၄ တန်တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# ပဲစင်းငုံလက်ကျန်နည်းသောကြောင့် အရောင်းအေး

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်များမှ စိုက်ပျိုးသောပဲစင်းငုံများ လက်ကျန်နည်းသည့်အတွက် အဝင်နည်းကာအရောင်းအဝယ်အေး နေကြောင်း ပဲဈေးကွက်မှသိရသည်။

“ပဲစင်းငုံအသစ်ပေါ်တာနှစ်လပဲရှိသေးတယ်။ ကနဦးပေါ်စကတစ်တင်း ကျပ် ၃၀၀၀၀ ရောင်းရတာကြောင့် တောင်သူတွေ အများအပြား ရောင်းလိုက်ကြပုံပေါ်တယ်။ ယခုတစ်ပတ်အတွင်းမှာ အရောင်းအဝယ်အေးနေပါတယ်။ ဖေဖော်ဝါရီလမတိုင်မီက တစ်ပတ်ကိုတင်း၃၀၀ကျော်ဝင်တာပါ”ဟုရေနံချောင်းမြို့နယ်မှပဲပွဲစားတစ်ဦးကပြောသည်။

အဆိုပါမြို့နယ်အပြင် နတ်မောက်မြို့နယ်မှလည်းပဲစင်းငုံ ကိုရေနံချောင်းနှင့် မကွေးဈေးကွက်ကို အဓိကထားတင်ပို့ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၂၅၀၀၀ကျပ်ကနေ ကျပ် ၂၃၀၀၀ဈေးရှိကြောင်း ဈေးကွက်အနေအထားအရ အရောင်းအဝယ်အေးနေကြောင်းသိရသည်။ **ရွှေစင်(ရေနံချောင်း)**

# ပြည်မြေပဲဆန်ဈေးငြိမ်

ပဲခူးတိုင်းဒေသကြီးအနောက်၊ ပြည်မြို့တွင် မြေပဲဆန်ဈေးများ ယခုတစ်ပတ်တွင် ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဝယ်လက်များကလည်း ပုံမှန်အဝယ်ရှိတဲ့အတွက် ပြည်ဈေးကွက်တွင် တစ်နေ့လျှင်အိတ် ၂၀၀ မှ ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ဝင်ရောက်မှုမှာလည်း တစ်နေ့လျှင် အိတ် ၄၀၀ မှ ၅၀၀ ခန့်ကို ပန်းတောင်း၊ မင်းတုန်း၊ ကံမဘက်မှ ဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။

မြေပဲလုံးဆန်ကို ရန်ကုန်၊ မန္တလေးဘက်မှ အဝယ်ရှိပြီး မြေပဲဆီဆန်ကို မြို့တွင်းဆီစက်များနှင့် မကွေးတိုင်းဘက်မှ အနည်းငယ်အဝယ်ရှိတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ မြေပဲဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၂၇၅၀ နှင့်မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ၂၇၂၅ ကျပ်နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**



# ပဲခူးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံသီးနှံပြည်ဈေးကွက်မှာသာ ရောင်းဝယ်မှုဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်ရဲ့ ဆောင်းပဲသီးနှံဈေးကွက်မှာ ပဲစင်းငုံသီးနှံသည်လည်း ပါဝင်နေပြီး ရန်ကုန်ဝယ်လက်များ ဝယ်ယူလျက်ရှိကြတာကို တွေ့ရပါတယ်။ ပဲဟောင်းလက်ကျန်လည်းရှိသလို ပဲသစ်များလည်း ဝင်ရောက်နေခဲ့တာကြောင့် ပဲဟောင်း/ပဲသစ်အားလုံး ရောင်းဝယ်နေပြီး ပဲဟောင်းမှာတစ်တင်း ကျပ် ၂၀၅၀၀၊ ပဲသစ်မှာတစ်တင်းကျပ် ၂၅၅၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်နေခဲ့ကြပါတယ်။ ပဲစင်းငုံသီးနှံမှာ ပဲခူးတိုင်းဒေသကြီးအတွင်း အရှေ့ဘက်ခြမ်းတွင် စိုက်ပျိုး မှုမရှိဘဲ အနောက်ဘက်ခြမ်းတွင်သာ မြို့နယ်အချို့တွင် စိုက်ပျိုးကြသည့်အတွက် ပဲစင်းငုံသီးနှံအား ပြည်ဈေးကွက်တွင် ရောင်းဝယ်မှုဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

# ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်မှာ မတ်ပဲသစ်များအဝင်ဆက်ရှိလာ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်မှာ မတ်ပဲသစ် ဝင်ရောက်မှု ယခင်တစ်ပတ်ထက်ပိုလာ တာတွေ့ရပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါင်းတည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်အိတ် ၁၅၀/၂၀၀ ကျော်အထိ ဝင်ရောက်ခဲ့ပါတယ်။ ပဲဟောင်းလက်ကျန်နည်းခဲ့လို့ ပဲသစ်ဝင်ရောက်မှုရှိသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ အိတ် ၂၀၀ မှ ၃၀၀ ကျော် ရောင်းဝယ်ခဲ့ကြပါတယ်။ ပဲဟောင်းကတော့ တစ်ခါတစ်ရံအိတ် ၂၀၀ ကျော်ရောင်းဝယ်မှုရှိတယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်ကထက်ဈေးပိုလာပြီး တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ရောင်းဝယ်နေခဲ့တာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာလည်းရောက်၊ စပါးခွံ လောင်စာတောင့်ကို ထုတ်လုပ်သုံးစွဲခြင်းဖြင့် ပို့ကုန်မြှင့်တင်ကြပါစို့



[ ခင်စောဝင်း (စစ်ကိုင်း) ]

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရေမြေ သဘာဝ သယံဇာတ ပေါကြွယ်ဝသောနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေမြေတောတောင် ရာသီဥတု အခြေအနေများအရ သဘာဝ သယံဇာတများသည်လည်း နေရာဒေသအလိုက် အမျိုးမျိုးတည်ရှိကြပါသည်။ ထိုကဲ့သို့တည်ရှိနေသော သဘာဝသယံဇာတများကိုလည်း အကျိုးရှိစွာထုတ်ယူသုံးစွဲရန် လိုအပ်သကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း လိုအပ်လှပါသည်။

မြန်မာနိုင်ငံရှိ ရေ၊ မြေ၊ သယံဇာတများကို လွဲမှားသော အသုံးချမှုများကိုလျှော့ချပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအသွင်ကို ဆောင်နိုင်ကြမှသာလျှင် နိုင်ငံအတွက် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့မှသာ ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ထိုးဖောက်ဝင်ရောက်လာပြီး စီးပွားရေးတိုးတက်မှုများနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုများကိုလည်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ထို့အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား၊အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံပံ့ပိုးကူညီမြှင့်တင်သွားရန် လိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည်နိုင်ငံတော်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေဖို့သာမက ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကကျသည့်မောင်းနှင်အားဖြစ်သည်။ နိုင်ငံ့စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍဖြစ်သည်။အသေးစား၊ အလတ်စားလုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ပြီး ဝင်ငွေရရှိပါက လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်သည်။

ထိုကဲ့သို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်စေရန် ချမှတ်ထားသည့် ကုန်သွယ်ရေးမူဝါဒများနှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖြေလျှော့မှုမျိုးစုံနှင့် ဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေသလို ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက် (Vision) ဖြစ်သည့် "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်" အတွက် ပြည်ပပို့ကုန် အလားအလာရှိသည့် သွင်းကုန်အစားထိုး ပြည်တွင်းကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးစိန်ခေါ်မှုရှိသည့် ကုန်ပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့လုပ်ကိုင်ဆောင်ရွက်ရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် စစ်ကိုင်းမြို့၊ နီလာရပ်၊ စက်မှုဇုန်ရှိအောင်ဇဗ္ဗူလောင်စာတောင့် BBQ မီးသွေးတောင့်စက်ရုံပိုင်ရှင် ဦးအောင်ကြည်စိုးနှင့်တွေ့ဆုံ၍ စပါးခွံလောင်စာတောင့်နှင့်ပတ်သက်သည့် အချက်အလက်များအား ဆွေးနွေးမေးမြန်းရသမျှ ရေးသားတင်ပြလိုက်ရပါသည်။

အဆိုပါလုပ်ပုံ၏ ရည်ရွယ်ချက်မှာ-

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ လောင်စာသုံးစွဲမှုမြင့်မားလာပြီး သစ်တောများ ပြုန်းတီးလာသည်။

သစ်တောများမပြုန်းတီးရေးနှင့် သဘာဝ ပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် သစ်တောနှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို ထင်းအစားထိုး လောင်စာတောင့်များအဖြစ် ထုတ်လုပ်သုံးစွဲရန်။ ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်များအဖြစ် ရာသီဥတုဖောက်ပြန်ခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်ခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်စေပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန်အတွက် လူတိုင်းလူတိုင်းက တတ်နိုင်သမျှ ထိန်းသိမ်းသွားကြရန်ဖြစ်ပါသည်။

လောင်စာတောင့်ကို သုံးစွဲခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း သိရသည်။

၁။ ထင်း၊ မီးသွေးများထက် အချိန်ကြာမြင့်စွာ အသုံးခံသဖြင့် ကုန်ကျစရိတ်သက်သာခြင်း။

၂။ စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြုထားသဖြင့် သစ်တောပြုန်းတီးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးခြင်းကို ကာကွယ်နိုင်ခြင်း။

၃။ လေထုညစ်ညမ်းစေသည့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ခြင်း။

၄။ လောင်စာမီးသွေးတောင့်၏ မီးပြင်းအားသည်သာမန်ထင်း၊ မီးသွေးတို့ထက် သာလွန်ကောင်းမွန်ခြင်း။

၅။ လောင်စာမီးသွေးတောင့်ကို ထင်းမီးဖို၊ မီးသွေးမီးဖိုများတွင် အသုံးပြုနိုင်ခြင်း။

၆။ သာမန်ထင်း မီးသွေးကဲ့သို့ မီးခိုးမှိုင်းမစွဲခြင်း။ အနံ့ဆိုးမရှိခြင်း။

လောင်စာတောင့်ကို သုံးစွဲခြင်းဖြင့် အောက်ပါ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကျိုးကျေးဇူးများ

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

(ဖန်လုံခာတ်ငွေ့ ထုတ လုပ်မှုလျော့ကျ)

သစ်တောထိန်းသိမ်းရေး

(ကာဗွန်ထုတ်လွှင့်မှုလျော့ကျ၊ ဂေဟစနစ်ကို ပိုမိုကောင်းလာခြင်း)

ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ခြင်း

(လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှင့်မှုကို လျော့ကျ)

စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများမှာ-

- အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း
- ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ခြင်း
- ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိခြင်း

BBQ မီးသွေးတောင့်၏ ဂုဏ်သတ္တိ

- တည်ငြိမ်သောမီးပြင်းအား ရှိခြင်း
- မီးတောက်မထွက်ခြင်း
- အနံ့မထွက်ခြင်း
- မီးခိုးမထွက်ခြင်း
- မီးမပေါက်ခြင်း
- အချိန်ကြာမြင့်စွာအသုံးခံခြင်းတို့ဖြစ်ပါသည်။

ထင်းအစားထိုး အောင်ဇဗ္ဗူလောင်စာတောင့် BBQ မီးသွေး တောင့်စက်ရုံ

အဆိုပါစက်ရုံသည် မူလကဆန်စက် Rice mill ဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာစပါးခွံမှ မီးသွေးလောင်စာ တောင့်ထုတ်လုပ်သည့် နည်းပညာကိုလုပ်ငန်းရှင်၏ ညီဖြစ်သူ (ဂျပန်တွင် အလုပ် လုပ်နေသူ) ထံမှရရှိခဲ့ပြီး စက်ရုံကိုစတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရုံ တန်ဖိုးမှာ ဒေါ်လာ ၂၅၀၀၀ ခန့်ရှိကြောင်း၊ စက်စွမ်းအားမှာ 45 Hp(လျှပ်စစ်)ဖြစ် ကြောင်း၊ ကုန်ချောထုတ်လုပ်မှုအချိုးအစားမှာ လွှစာမှုန့် ၉၀%၊ စပါးခွံ ၁၀% ဖြစ်ကြောင်း၊ ၈ နာရီထုတ်လုပ်မှုပမာဏမှာ ပုံစံတောင့်အစိမ်းတောင့် ၂ ဒသမ ၅ တန်နှုန်း၊ ကုန်ချော(အခြောက်) ဆိုလျှင် ၁ ဒသမ ၂၅ တန်နှုန်း ထုတ်လုပ်နိုင်ကြောင်း၊ ကုန်ကြမ်းကို ပွဲစားမှတစ်ဆင့် မုံရွာမြို့ရှိ အစိုးရသစ်စက်များမှ ချိတ်ဆက်ဝယ်ယူကြောင်း၊

**စာမျက်နှာ ၁၃ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၁.၂.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | -MT MESON | P'Oil(In Bulk) ၄၃၀၀ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | -ISEACO GENESIS | TEU ၇၁၀တင် ၆၄၇ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -SINAR BINTAN | TEU ၇၀၅ တင် ၆၆၅ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | -SERENE JESSICA | ဆန် တန် ၁၁၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | -BANG SAKAO | Urea(In Bulk) ၆၅၅၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၂) | -MARIA -G | Urea(In Bulk) ၁၂၀၀၀ ချဆဲ |
| MIPLဆိပ်ကမ်း | -UM ELHANAYA | Coal(In Bulk) ၃၀၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | -LEFKO NIKO | Steel ၁၄၃၆၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - BARBOUNY | Steel ၈၆၂၃ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | -WORLD ODYSSEY | PAX 698 Nos |
| WILMAR JETTY | -GLOBAL CARRIER | G/C ၈၆ ကုန်သေတ္တာ ၄ လုံးချဆဲ |
| PUMA JETTY | -MT OCEAN MANTA | Mogas (92Ron) ၁၂၀၀၀ ချဆဲ |
| ELITE JETTY | -MT OCEAN PROGRESS | Mogas (92Ron) ၁၀၆၁၀ ချဆဲ |
| Green Asia JETTY | -MT YU HAI | Diesel ၁၉၅၅၅ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SHENG CHENG HAI | Steel Product ၂၆၀၀၀ ကုန်ချရန် | CHINA | ၂၂.၂.၂၀၁၉ |
| BORKUN | 5Unit Contr&Steel Bars ၄၇၅၀ ကုန်ချရန် | UAE | ၂၂.၂.၂၀၁၉ |
| JY PROGRESS | Steel ၂၃၀၀၀ ကုန်ချရန် | CHINA | ၂၂.၂.၂၀၁၉ |
| BILLES BORG | Steel Plates&Pilot Boat ၁၆၁၉ ကုန်ချရန် | JAPAN | ၂၄.၂.၂၀၁၉ |
| VANTAGE REEF | ဆန်တန်ချိန် ၂၀၀၀၀ ကုန်တင်ရန် | CAMEROON | ၂၄.၂.၂၀၁၉ |
| KEN MEI | STEEL SLAB ၂၃၈၇၆ ကုန်ချရန် | JAPAN | ၂၅.၂.၂၀၁၉ |
| SPRING ARAM | Oil Well Equipment ၂၄၃၁ကုန်တင်ရန် | THAI | ၂၇.၂.၂၀၁၉ |
| SADLERES WELLS | Steel ၂၈၀၀၀ ကုန်ချရန် | CHINA | ၃.၃.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA RATU | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၂.၂၀၁၉ |
| MITRA BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၂.၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၂.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၂.၂.၂၀၁၉ |
| AS FLONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၃.၂.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၂.၂၀၁၉ |
| SAN GIORGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၃.၂.၂၀၁၉ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၃.၂.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၂.၂၀၁၉ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၂.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၂.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၂.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN SEAL | MOGAS(92 RON) | - | ၂၁.၂.၂၀၁၉ |
| MT.OCEAN EEL | MOGAS(92 RON) | - | ၂၂.၂.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၂၃.၂.၂၀၁၉ |
| MT.SK LINE-1 | P.Oil(In Bulk) | INDONESIA | ၂၃.၂.၂၀၁၉ |
| MT.ORCA PACIFIC | P.Oil(In Bulk) | INDONESIA | ၂၃.၂.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၂၄.၂.၂၀၁၉ |
| MT.PROM ROSE | P.Oil(In Bulk) | INDONESIA | ၂၅.၂.၂၀၁၉ |
| MT.YU DONG | Diesel | SINGAPORE | ၂၅.၂.၂၀၁၉ |
| MT.GREAT PRINCESS | MOGAS(92 RON) | SINGAPORE | ၂၈.၂.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၃.၃.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၃.၃.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၅.၃.၂၀၁၉ |

## ကြက်သွန်/ငရုတ်

# ပခုက္ကူခရိုင်တွင် ကြက်သွန်နီဈေးငြိမ်

ယခုတစ်ပတ်ပခုက္ကူခရိုင်အတွင်းရှိကြက်သွန်နီဈေးမှာအတက်အကျမရှိပုံမှန်ဈေးဖြင့်အရောင်းအဝယ် ဖြစ်နေပါသည်။ ကြက်သွန်နီကုန်ဝယ်ဒိုင်၏ ယခုတစ်ပတ်လက်ကားဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ၄၅၀-၅၀၀-၅၂၅ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ၃၀၀-၃၅၀ ကျပ် ၊ အနိမ့်စမှာအရည်အသွေးကိုလိုက်ပြီးတစ်ပိဿာလျှင် ၈၀ ကျပ်မှ ၂၀၀ ကျပ်ထိ နေ့စဉ် ကုန်ချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ထိ ဥပုသ်နေ့ မှလွဲ၍အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ကြက်သွန်နီလက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀၊လတ်စ တစ်ပိဿာလျှင် ကျပ် ၆၀၀-၆၅၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၄၀၀-၅၀၀-၅၅၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီလက်ကားဈေးနှုန်းများ ဆက်လက်ကျဆင်း

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ကြက်သွန်နီလက်ကားဈေးနှုန်းများ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် တစ်ပိဿာကိုကျပ်၁၀၀မှ၁၅၀ခန့်ဆက်လက်ကျဆင်းသွားကြောင်း သိရ ပါတယ်။

ဝင်ရောက်မှုအနေနဲ့ ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်း၊ မကွေး၊ အောင်လံစတဲ့နယ်စုံမှ ကြက်သွန်နီများ ယခုတစ်ပတ်တွင် ပိဿာ ၃၀ ဝင်အိတ် ၄၀၀ -၄၅၀ ခန့်နေ့စဉ် ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ ပြည်ဈေးကွက်သို့ ဖေဖော်ဝါရီလဆန်း ပိုင်းမှစ၍ နယ်စုံမှကြက်သွန်နီများဆက်တိုက်ဝင်ရောက်မှုများပြားခဲ့ပြီး ယခုတစ်ပတ် အရောင်းအဝယ်အနေနဲ့လည်း ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှုအပါ အဝင် ဝင်ရောက်မှုရဲ့ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်တဲ့အတွက်လည်း ပြည်ပွဲရုံဈေးကွက်တွင် ပစ္စည်းလက်ကျန်များပြားနေကြောင်း သိရပါတယ်။

ဈေးနှုန်းများအနေနဲ့ ပွဲရုံများတွင် ကြီးလတ်အမျိုးအစားမခွဲခြားဘဲ တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၄၀၀-၅၀၀-၅၅၀၊ (သေး/သေးဆုံး) ကျပ် ၂၀၀-၃၀၀ နှုန်းရှိပြီး လက်လီဈေး အသေးများတွင်တော့ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း ဈေးငြိမ်ကာ ကြီးလတ်အမျိုးအစားများကို ဈေးနှုန်းတူညီစွာဖြင့် ရောင်းချကာ တစ်ပိဿာ (ကြီး/ လတ်) ကျပ် ၈၀၀-၉၀၀-၁၀၀၀၊ (သေး) ကျပ် ၆၀၀-၇၀၀၊ (သေးဆုံး) ကျပ် ၅၀၀-၅၅၀ ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။



**ဝင်းလှဲ့ဝါ(ပြည်)**

# ထိုင်းနိုင်ငံနဲ့တရုတ်နိုင်ငံသို့ ငရုတ်သီးအစို တင်ပို့

ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၄၈၈၆၀ တန်ဖိုးရှိ ငရုတ် သီးအစို ၂၂၉ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၃ တန်နဲ့နှိုင်းယှဉ်ပါက ၆၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ကန်ပိုက်တီမှလည်း အမေရိကန် ဒေါ်လာ ၂၈၅၇၂၀ တန်ဖိုးရှိငရုတ်သီးအစို တန်ချိန် ၄၆၀ ကို တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၆၂ တန်၊ ကန်ပိုက်တီ မှ ၉၈ တန် ဖြစ်ပါတယ်။ ငရုတ်သီးအစိုတစ်တန်ကို အမေရိကန်ဒေါ်လာ ၆၂၀ ပေါက်ဈေးရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ပြောင်း

# ရေနံချောင်းမြို့နယ်၌ နှမ်းဝယ်လိုအား ကောင်းခြင်းကြောင့် GAP နည်းနှင့် စိုက်သည့်နှမ်း မိုးရာသီတွင် ပိုမိုစိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ရာသီဥတုကြောင့် နှမ်းအထွက်လျော့ကျကာ နှမ်းဝယ်လိုအား ကောင်းခဲ့သော ကြောင့်နှမ်းဈေးကောင်းကာ ယခုနှစ် မိုးသီးနှံအား ဒေသနှမ်းအပြင် GAP စနစ်နှင့်စိုက်သောနှမ်းကို ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

ရေနံချောင်းမြို့နယ် ကုန်စည်ဈေးကွက်တွင်နှမ်းမှာ စမုံနက်တစ်တင်း ကျပ်၈၀၀၀၀န်းကျင်နှင့်ရိုးရိုးနှမ်းနက်နှင့် အနီတစ်တင်းကျပ် ၇၀၀၀၀အထိ ဈေးရနေကြောင်း၊ ယခင်နှစ်ကာလတူထက်တစ်တင်းလျှင် ကျပ်၁၅၀၀၀ကနေ ကျပ် ၂၅၀၀၀ ပိုရကြောင်း တောင်သူများထံကသိရသည်။

"ယခုနှစ်မိုးရာသီဇွန်လမှာ GAPစနစ်နှင့် နှမ်းနက်စိုက်ဖို့ရှိပါတယ်။တောင်သူတွေတော်တော်များစိုက်မယ်လို့လည်း ပြောနေကြပါတယ်။ရိုးရိုးဒေသနည်းနှင့်စိုက်ခြင်းထက် နှမ်းသန့်တယ်၊ ပြည်ပဝယ်လက်လက်ဈေးကွက်က ဈေးကောင်းပေးဝယ်တာတွေရှိပါတယ်"ဟု ရေနံချောင်းမြို့နယ်က ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်တွင် ယခင်နှစ်က GAPစနစ်နှင့် စိုက်သည့် နှမ်းဧက၄၀၀ရှိပြီး လာမည့်နှစ်တွင် ဧက၁၀၀၀ စိုက်မည်ဖြစ်ကြောင်း၊ ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးမှတောင်သူများနှင့်တွေ့ဆုံပွဲတွင် ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ GAP စနစ်နှင့်စိုက်တဲ့ နှမ်းကတော့ ဓာတ်ကြွင်းလည်းမပါဘူး။ ပြည်ပကိုတင်ပို့တဲ့အတွက် ဈေးကောင်းရတဲ့အပြင် GAPစနစ်နှင့် စိုက်တဲ့နှမ်းကိုဆီကြိတ်ပြီး မိသားစုစားသုံးပါက ကျန်းမာရေးအတွက် အဆင်ပြေကြောင်း" ၎င်းမှ ပြောသည်။

**ဆန်းညွန့် (ရေနံချောင်း)**

## ချင်း



# ဒီတစ်ပတ် ချင်းတင်ပို့မှုလျော့

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်းချင်း ၉၈၃ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၅၉ တန်၊ အိန္ဒိယနိုင်ငံသို့ ၉၈ တန်နဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ၂၆ ဒသမ ၅၀ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုတစ်ပတ်တွင် အများဆုံး တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၄၀၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၄၁၀ ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပြီး ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၉၀၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## နနွင်း

# ဒီတစ်ပတ် နနွင်းတန်ချိန် ၁၅၀ကျော်တင်ပို့

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း နနွင်း ၁၅၇ ဒသမ ၈၅၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန်၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံသို့၁၅ ဒသမ ၆ တန်၊ သီရိလင်္ကာနိုင်ငံသို့ ၁ ဒသမ ၆ တန်၊ ယီမင်နိုင်ငံသို့ ၃၅ ဒသမ ၀၃၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၉၅ တန်ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန် ပျမ်းမျှအမေရိကန် ဒေါ်လာ ၅၅၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၆၃၅၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း



# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုပို

ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိသီတင်းပတ်အတွင်း မန်ကျည်း ၁၅၀၀ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ၁၂၅ တန်၊ မလေးရှားနိုင်ငံသို့ ၁၇၃ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၅၄၈ တန်၊ စင်ကာပူနိုင်ငံသို့ ၁၄၃ တန်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၀၊ ဗီယက်နမ်နိုင်ငံသို့ ၃၃၇ တန်နဲ့ ယီမင်နိုင်ငံသို့ ၂၄ ဒသမ ၉၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း ၈၁၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၈၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇၃၈၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# စားသုံးသူများကျန်းမာကြံ့ခိုင်ဖို့ ပဲမျိုးစုံနေ့စဉ်စားသုံးကြပါစို့

[ နိုင်ဦး(DOCA) ]

စာမတတ်သော ကျွန်တော့်အဘွားသည် အတိတ်တို့တဘောင်တို့နှင့်ပတ်သက်၍မူ စိတ်ဝင်တစားရှိသည်။ ၁၉၈၃ ခုနှစ်လောက်က မဂ္ဂဇင်းတစ်ခုတွင်ပါရှိသော တိုက်တန်းနစ်သင်္ဘောကြီးအကြောင်း ကျွန်တော်ကအစကို ဖတ်ပြရုံရှိသေး၊ အဘွားက နာမည်ပေးစရာရှားလို့ ငါ့မြေးရယ်၊ တိုက်တာနဲ့တန်းပြီး နစ်မယ့်နာမည်ကိုပေးရသလားတဲ့၊ကျွန်တော်လည်းတော်တော်အံ့ဩသွားရသည်။ စာဆုံးသွားသောအခါ အမှန်တကယ်ပင် အဆိုပါသင်္ဘောသည် ရေခဲတောင်နှင့်တိုက်မိ၍ နစ်မြုပ်သွားခဲ့သည်။ ယနေ့ခေတ်တွင် နာမည်ကျော် ဇာတ်ကားတစ်ခုအဖြစ်ပင် ရိုက်ကူးပြသခဲ့ပြီဖြစ်သည်။ အဘွားနှင့် စကားပြောလျှင် ကျွန်တော်တော်တော်ဆင်ခြင်ခဲ့ရသည်။ လူသေဆုံးသွားပြီလို့မပြောရ၊ သေတယ်၊ ဆုံးတယ်ဆိုတာ မပြောကောင်းဘူးတဲ့။ ကွယ်လွန်သွားတယ်လို့လည်းမပြောရ၊ကွယ်တယ်၊ လွန်တယ်ဆိုတာလည်း မပြောကောင်းဘူးတဲ့။ ဘဝသစ်သို့ကူးပြောင်း သွားတယ်လို့ပြောရမယ်တဲ့။ အခုတော့ အဘွားဘဝသစ်သို့ကူးပြောင်းသွားသည်မှာ နှစ်ပေါင်း ၄၀ ကျော်ကြာခဲ့ပြီ။ ယနေ့ခေတ်မိန်းကလေးများ အလှပြုပြင်၊ အင်္ကျီအဝတ်အစားခပ်ဆန်းဆန်းများကို ဝတ်ဆင်လာသည်ကို တွေ့ပါက ပဲများနေပြီဟု ပြောကြသည်။ ကလေးငယ်များပြင်ဆင်ဝတ်စားလာပါကလည်း အလားတူပင် ငယ်ငယ်လေးနဲ့ပဲများလိုက်တာဟုပြောကြသည်။ အဘွားသက်ရှိထင်ရှားရှိပါကမည်သို့ပြောမည်ကို မသိနိုင်ပေ။ စကားနောက် တရားပါဆိုသလို မြန်မာနိုင်ငံတွင် ပဲမျိုးစုံကို စိုက်ပျိုးထုတ်လုပ်ပို့လျှံလျက်ရှိနေသည်။ ပုံမှန်ဝယ်လိုအားရှိသော နိုင်ငံများသို့ လိုအပ်သလောက်ထုတ်လုပ်တင်ပို့နိုင်စွမ်းရှိနေသည်။ သို့သော်ပြည်တွင်း၌ စားသုံးမှုနည်းပါနေသည်ကို တွေ့ရှိနေရသည်။

ကျွန်တော်ငယ်ငယ်က ပဲမျိုးစုံကိုအမျိုးမျိုးဖန်တီး၍ ဟင်းရည်သောက်လိုတစ်မျိုး၊ ဟင်းအဖြစ်တစ်မယ်၊ သားရေစာဖြင့်တစ်နည်းအမျိုးမျိုးပြုလုပ် ကျွေးမွေးစောင့်ရှောက်ခဲ့သည့် အမေ့ကိုကျေးဇူးတင်မိသည်။ မည်သို့ပင်ဖြစ်စေ၊ ရွာသားတစ်ယောက်ဖြစ်သော ကျွန်တော်သည် အဘွားကိုသတိရသည်။ တာဝန်တွေကြောင့် မရောက်တာကြာပြီဖြစ်သော အမေနဲ့ရွာကို ကျွန်တော်လွမ်းသည်။ ရွာစဉ်လှည့်၍ ဟော့ဒီကပဲပြုတ်ဟု နံနက်စောစောမင်္ဂလာအချိန်တွင် အော်သောလမ်းလျှောက်တေးသံရှင် ပဲပြုတ်သည်အရီးပု၏ ပုံရိပ်ကိုလွမ်းသည်။ နံနက်စောစာ ပဲပြုတ်ကိုပင်တိုင်ထား၍ ထမင်းနှင့်ဖြစ်စေ၊ တစ်ခါတစ်ရံအဆင်ပြေပါက ကောက်ညှင်းပေါင်း အငွေ့တထောင်းထောင်းကိုဖြစ်စေ စားခဲ့ရသည်ကို လွမ်းမိသည်။ အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ဖြင့် အစားထိုးနေကြသည်။ ကျွန်တော်တို့ရွာသည် နံနက်စောစောတွင် ကြက်တွန်သံ၊တုံးမောင်းခေါက်သံများနေရာ၌ TV မှလာသော ဆရာတော်ကြီးများ၏ ဓမ္မတရားတော်သံများ အစားထိုးလာသည်။ ပဲပြုတ်သည် အရီးပုနေရာသို့ တစ်ခါတစ်ရံမှလာသည့် စက်ဘီး၊ဆိုင်ကယ်ဖြင့် လှည့်လည်ဈေးရောင်းသည့်သူများ အစားထိုးလာသည်။ နံနက်စောစာကို လက်ဖက်ရည်၊ ကော်ဖီ၊ အမြင်လှလှအသွင် ကြွကြွပါကင်ထုတ်ထားသော မုန့်များဖြင့် အစားထိုး စားသုံးလာကြသည်။ တစ်နည်းအားဖြင့် အလွယ် သုံးစွဲလာကြသည်။ သက်သာရင်ပြီးရော ဗိုက်ပြည့်ရင်ပြီးရော သဘောထားလာကြသည်။

ခေတ်ပေါ်ပစ္စည်းများ၊ အစားအသောက်များကို အထင်ကြီးစွာ၊ ခုံမင်စွာ၊ ဂုဏ်တုဂုဏ်ပြိုင် စားသုံးလာကြသည်။ နောင်ခါလာနောင်ခါဈေးဟု ပေါ့ပေါ့ပါးပါးသဘောထားလာကြပြီး မြန်မာ့မြေမှထွက်ရှိသော သဘာဝပစ္စည်းများကို သုံးစွဲရမှန်းမေ့လာကြသည်။ ပြည်တွင်းဖြစ်များကို စားသုံး၍ ရရှိလာမည့် အကျိုးကျေးဇူးများကို ကျောခိုင်းခဲ့ကြသည်။ လွယ်လွယ်ပစ်ပယ်လာကြသည်။ ထို့ကြောင့်ပင် မြန်မာတို့၏ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ သန်မာမှု၊ စိတ်ဓာတ်ပြင်းပြမှုများ တဖြည်းဖြည်းပျောက်ဆုံးလာလျက်ရှိသည်။ ချည့်နဲ့လာလျက်ရှိသည်။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို နေထိုင်စားသောက်မှုပုံစံများပြောင်းလဲလာ၍ ဖြစ်သည်။ အထူးသဖြင့် အာဟာရဓာတ်လွန်စွာကြွယ်ဝသော၊ မြန်မာ့မြေမှအလျှံပယ်ထွက်ရှိနေသော ပဲမျိုးစုံကိုမူ ရွာနားကမြက် ရွာနွားမစားဆိုသလို ပစ်ပယ်ထားကြသည်။ ချက်ရပြုတ်ရ အချိန်ကြာလို့ ထင်းမီးပိုကုန်လို့စသည်ဖြင့် အမျိုးမျိုးအကြောင်းပြ၍ တဖြည်းဖြည်းစားသုံးမှုနည်းလာရာမှ ပျောက်ကွယ်သွားမှာ စိုးရိမ်မိသည်။ မြန်မာနိုင်ငံမှထွက်သော ပဲမျိုးစုံကို မြန်မာပြည်သူများကိုယ်တိုင်စားသုံးရန်မဟုတ် ပြည်ပရောင်းရန်အတွက် သာဖြစ်သည်ဟု မျိုးဆက်သစ်များ ထင်မြင်လာကြနိုင်သည်။

ပဲမျိုးစုံသည် သဘာဝကပေးသော လူသားများ ကျန်းမာကြံ့ခိုင်သက်ရှည်ဖွံ့ဖြိုးရေးအတွက် တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်ပစ္စည်းများဖြစ်သည်။ ပဲမျိုးစုံတွင် ပရိုတင်းဓာတ်၊ သံဓာတ်၊ ထုံးဓာတ်၊ အမျှင်ဓာတ်များစွာပါဝင်၍ ယေဘုယျအားဖြင့် နှလုံးရောဂါ၊ အရိုးပွရောဂါ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ ကူးစက်ရောဂါ၊ အဝလွန်ရောဂါ၊ သွေးအတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်၍ လူသားများအတွက် သက်စောင့်အစားအစာတစ်မျိုးဖြစ်ပေသည်။ အထူးသဖြင့် လူတိုင်းသေမင်းတမျှကြောက်ကြရသည့် ကင်ဆာရောဂါကိုလည်း ကာကွယ်၊ ပျောက်ကင်းနိုင်ကြောင်းသိရှိရသည်။ ဤမျှ ရောဂါမျိုးစုံကိုကာကွယ်ပေးသော၊ ပျောက်ကင်းစေသော ပဲမျိုးစုံ၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသည့် ပဲမျိုးစုံကို နေ့စဉ်မှန်မှန်စားသုံးရန်လိုသည်။ ဈေးနှုန်းလည်းမကြီးမြင့်၊ အလွယ်တကူလည်းဝယ်ယူနိုင်သည့် ပဲမျိုးစုံအစား ရောဂါဖြစ်မှ တန်ဖိုးမြင့်ပဲမျိုးစုံမှ ထုတ်လုပ်သော ဆေးဝါးများကို ဈေးကြီးပေးဝယ်ယူစားသုံးကြသည်မှာ စဉ်းစားဖွယ်ရာပင်ဖြစ်သည်။ အစာအာဟာရတန်ဖိုးမြင့်မားစွာပါဝင်သော၊ သက်စောင့်ဓာတ်များစွာ ပါဝင်သော၊ ရေရှည်စားသုံးပါက ခန္ဓာကိုယ်ကြီးထွားကြံ့ခိုင်ရေးအတွက် ကောင်းမွန်သော၊ သက်ရှည်ကျန်းမာခြင်းနှင့် ပြည့်စုံသော ပဲမျိုးစုံကို နေ့စဉ်မှန်မှန်စားသုံးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးစသည့်အချက်များကို အထောက်အကူပြုနိုင်သလို မိသားစုအတွင်း၌လည်း ကျန်းမာပျော်ရွှင် ရောဂါကင်း၍ ကိုယ်စီတာဝန်များကို ထမ်းဆောင်နိုင်ကြမည်။ မိသားစုဝင်ငွေတိုးမည်၊ တိုးတက်သော ဘဝသစ်ကို တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ ကလေးများအား ကိုယ်ဝန်သည်မိခင်လောင်းဘဝမှစ၍ ပဲမျိုးစုံအား နေ့စဉ်ကျွေးမွေးပါက မွေးဖွားလာသောကလေးသည် ဘဝတစ်လျှောက်လုံး ပဲကိုကြိုက်သွားသည်။ ဉာဏ်ရည်မြင့်လာသည်။ ခန္ဓာကိုယ် ကြံ့ခိုင်သန်မာလာသည်။ ရောဂါဘယကင်းဝေးမည်ဖြစ်သည်။

သုတေသနပြုချက်အရ ရောဂါမျိုးစုံခံစားနေရသူများ၏ ၄၀ရာခိုင်နှုန်းကျော်သည် အာဟာရချို့ယွင်းမှုကြောင့်ဖြစ်ကြောင်း သုတေသနပြုချက်အရသိရှိရသည်။ ယနေ့ခေတ်သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူသားများ သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကျူးကျော်လာသောရန်အပေါင်းကို တွန်းလှန်နေရသည်။ အထူးသဖြင့် တိုးပွားလာသော လူဦးရေ၊ ကျဉ်းမြောင်းလာသောမြေ၊ ရှားပါးလာသော ရေတို့ကြောင့် လူသားတို့၏ရိက္ခာလိုအပ်မှုကို ဖြည့်ဆည်းရာ၌ ဓာတုဆိုးဆေး၊ ဓာတ်ကြွင်းအန္တရာယ်၊ တုပထားသောပစ္စည်းများကို တိုးတက်ထုတ်လုပ်လာကြ၍ ရောဂါဆန်းများ၊ မမျှော်လင့်သော ဘေးဥပဒ်အန္တရာယ်များကြုံတွေ့နေရသည်။ သဘာဝပစ္စည်းများသည် ရှားပါးစာရင်းဝင်ပစ္စည်းများ ဖြစ်လာကြသည်။ လူသားတို့နှင့် သဘာဝပစ္စည်းများသည် ယခင်ကခေါင်းနှင့်ပန်းပမာ ချစ်ချစ်ခင်ခင်ကျောချင်းကပ်နေခဲ့သော်လည်း ယခုမူသူစိမ်းပြင်ပြင်ဖြစ်နေလေပြီ၊ မေးထူးခေါ်ပြော အဆင့်ပင်မရှိတော့ပေ။ တဖြည်းဖြည်း ဝေးကွာကွေကွင်းသွားလုနီးပါးဖြစ်နေပေသည်။ လူသားတို့ကလည်း သဘာဝတရားကြီးအစား ဆေးဆိုးပန်းရိုက်လူသုံး၊ အိမ်သုံးပစ္စည်းများဖြင့် ဆေးရောင်စုံအတုသံသရာများအလယ်တွင် ပျော်မွေ့နေပေသည်။ သဘာဝထွက်ကုန်ပစ္စည်းများကို မျက်ကွယ်ပြုနေသည်။

အမေရိကန်နိုင်ငံသည် ပဲမျိုးစုံမှတစ်ဆင့် ရောဂါပေါင်းစုံ၏ ၂၀ ရာခိုင်နှုန်းကို တိုက်ဖျက်နိုင်သည့် ကုသနိုင်သည့်၊ ကာကွယ်နိုင်သည့် ဆေးဝါးများစွာကို သုတေသနပြု ထုတ်လုပ်တင်ပို့ခြင်းကြောင့် ဘဏ္ဍာငွေများစွာရရှိသည်ဟု သိရှိရပါသည်။ လူသားများ ရောဂါဖြစ်ပွားမှုများကိုခြုံ၍ သုံးသပ်လျှင် အာဟာရချို့ယွင်းမှု၊ စိတ်ဖိစီးမှု၊ အလှပြင်ပစ္စည်းများနှင့် အိမ်တွင်းသန့်ရှင်းရေးသုံးပစ္စည်းများကြောင့် ဖြစ်သည်ကိုတွေ့ရှိရသည်။ အာဟာရချို့ယွင်းမှုအတွက် လူသားတို့၏ ကိုယ်ခံစွမ်းအားကို မြှင့်တင်ရန်လိုသည်။ ထိုစွမ်းအားကို မြှင့်တင်ရန်အတွက် အကောင်းဆုံးသဘာဝပစ္စည်းမှာ ပဲမျိုးစုံဖြစ်သည်ကို တွေ့လာရသည်။ ပဲမျိုးစုံတွင် ပါဝင်သော အီလိုက်ထရိုလိုက်သတ္တုဓာတ်များ (minerals) သည် ခန္ဓာကိုယ်တွင်းခုခံအားစနစ်ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သည်။ အောက်စီဂျင်ပမာဏကို မြင့်တက်စေရန် လုပ်ဆောင်ပေးသည်။ လူသားတို့၏ခန္ဓာကိုယ်တွင် အောက်စီဂျင်ဓာတ်လုံလောက်စွာမရပါက ရောဂါဝေဒနာပေါင်းစုံခံစားကြရပေမည်။

ပဲမျိုးစုံတွင် ပါဝင်သော အိုင်ဆိုဖလေဗုန်းဓာတ်(Isoflavones)သည် သဘာဝအားဖြင့် ကြီးမားသော မော်လီကျူးအစုများ စုပေါင်းထားသည်။ ထိုမော်လီကျူးများသည်ခန္ဓာကိုယ်အနှံ့သို့ ရောက်ရှိကာ အစာချေစနစ်ကို မြှင့်တင်ရန် အင်ဇိုင်းများထုတ်လွှတ်သည်။ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ကန်ရေးအတွက် အထောက်အကူပြုသည်။ ခန္ဓာကိုယ်အတွက် အကျိုးပြုသော၊ ခန္ဓာကိုယ်ကြီးထွားရေးအတွက် အထောက်အကူပြုသော ဓာတ်များကို စုပ်ယူထားပြီး ခန္ဓာကိုယ်အတွက် ဆိုးကျိုးဖြစ်စေသော ဓာတ်များကို စွန့်ပစ်ထုတ်ပယ်ပေးသည်။ ထို့ကြောင့်ပင် ဘေးဥပဒ်အန္တရာယ်ရှိလူသုံး အိမ်သုံးပစ္စည်းများစွာ သုံးစွဲစားသုံးသူသည် ပဲမျိုးစုံနေ့စဉ်စားသုံးသင့်သည်။

ပဲမျိုးစုံမှ အာဟာရမုန့်၊ ခေါက်ဆွဲ၊ ကြာဆန်၊ ပဲမုန့်၊ ဆန္ဒင်းမကင်း၊ ပဲကိတ်၊ တို့ဟူးကြော်ဖျော်ရည်၊ ပဲချောင်း၊ကွတ်ကီး၊ ပဲနို့၊ ပဲငံပြာရည်၊ ပဲကြော်အမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ပဲပြား၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ကိုယ်တိုက်ဆပ်ပြာစသည်ဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်သည်။ သင်တန်းများလည်း ပို့ချပေးလျက်ရှိသည်။ ထိုအခါ ပြည်တွင်း သွင်းကုန်များလျော့နည်းသွားမည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးမည်ဖြစ်သည်။ ထို့အပြင် ဆင်းရဲနွမ်းပါးမှုများကိုထိုက်သင့်သလောက်လျှော့ချပေးနိုင်သည်။ အိုးမကွာအိမ်မကွာမိသားစုဝင်ငွေတိုးလာနိုင်သည်။ အလုပ်အကိုင်သစ်များ ထူထောင်နိုင်လာမည်။ SMEs လုပ်ငန်းများပိုမိုတိုးတက်လာမည်။ ပြည်သူများကြား နည်းပညာများပြန့်ပွားကာ ပြည်ပသွင်းကုန်များအစား ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာမည်။ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော၊ အာဟာရဓာတ်ပြည့်ဝသော၊ တန်ဖိုးမြင့်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ရှေးကမြန်မာများသည် သဘာဝမှပေးသည့် ဆန်နှင့် ပဲမျိုးစုံကိုသာလျှင် အဓိကထားစားသုံးကြသဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်ကြသည်။ စိတ်ဓာတ်မာကြောကြသည်။ ရောဂါဘယဖြစ်ပွားမှုနည်းကြသည်။ ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော်လည်း အစာအာဟာရကွင်းဆက်ပြတ်မှုကို လိုက်မမီရန် ထုတ်လုပ်သော ဓာတုဆေးသုံးအစားအစာ၊ လူသုံးကုန်ပစ္စည်းများကိုသာ အလွယ်ရယူသုံးစွဲနေကြ၍ ကိုယ်ခန္ဓာများ သေးကွေးနေသည်။ စိတ်ဓာတ်များပျော့ညံ့လာ၍ ခိုးဆိုးလုနှိုက်မှုများ၊ ကြိုးဆွဲချသေဆုံးမှုများ၊ အဓမ္မကျူးလွန်မှုများကို လွယ်လွယ်ကျူးလွန်လာကြသည်။ မှားသည်၊ မှန်သည် ဝေဖန်ပိုင်းခြားမှုများ အားနည်းလာကြသည်။ အဆိုးဆုံးမှာ ရောဂါဆန်းပေါင်းစုံဖြစ်ပွားနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖွင့်လိုက်သည့် ဆေးရုံများစွာရှိသည်။ အထူးကုဆေးရုံကြီးများစွာရှိသည်။ ကျေးလက်၊ တောရွာ၊ မြို့ငယ်များတွင် ဆေးခန်းပေါင်းစုံ ရှိသည်။ လူနာများကျဲသည်ဟူ၍မရှိ။ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးသည်။ ငွေကြေးများဆုံးရှုံးသည်။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်စွမ်းရှိသည့် ပဲမျိုးစုံအား စားသုံးသည့် ဓလေ့ပျောက်ကွယ်နေ၍ ဖြစ်သည်။

ပဲနေ့စဉ်စားသုံးမှု၏ အကျိုးကျေးဇူးကို သိရှိ၍ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အာရပ်နိုင်ငံတချို့၊ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ စင်ကာပူနိုင်ငံများတွင် ကလေးများအား ပဲထမင်း၊ ပဲဆန်ပြုတ်အစရှိသည့် ပဲနှင့်ပြုလုပ်သော အစားအစာများကို နေ့စဉ်ကျွေးမွေး၍ ဦးနှောက်ဉာဏ်ရည်တိုးတက်သော၊ ခန္ဓာကိုယ်ကြံ့ခိုင်သော၊ စိတ်ဓာတ်မာကြောသော၊ အသိပညာရှင်၊ အတတ်ပညာရှင်များစွာထွက်ပေါ်လာသည်။ ကမ္ဘာနှင့် လူသားအကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်။ ပဲမျိုးစုံနေ့စဉ်စား သုံးခြင်းသည် အတိတ်၊ ပစ္စုပ္ပန်၊အနာဂတ်ကာလ သုံးပါးလုံးအတွက် ရေရှည်အကျိုးပြုစေသည့် အကျိုးဖြစ်ထွန်းစေမည့် စားသုံးမှုဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ကိုယ်ခန္ဓာကြီးထွားကြံ့ခိုင်ရေး၊ ဉာဏ်ရည်မြင့်မားရေး၊ ရောဂါဘယကင်းရှင်းရေးအတွက် ပဲမျိုးစုံကို နေ့စဉ်စားသုံးကြပါ။ ပဲမျိုးစုံဖြင့်ပြုလုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများကိုထုတ်လုပ်ကြပါ။ အားပေးကူညီပါ။ ပဲမျိုးစုံနေ့စဉ်စားသုံးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုရာရောက်သည်။ SMEs လုပ်ငန်းများ တိုးတက်ရန်အားပေးရာရောက်သည်။ ပဲစားသုံးသည့် ဓလေ့ကိုအကောင်အထည်ဖော်ရာရောက်သည်။ မိသားစုထွက်ငွေကိုခြိုးခြံချွေတာရာရောက်သည်။ အာဟာရဓာတ်များ ပြည့်စုံကြွယ်ဝစွာရရှိသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးလုံးအတွက် သက်ရှည်ကျန်းမာစွာ၊ ကိုယ်ခန္ဓာကြီးထွားကြံ့ခိုင်စွာ နေထိုင်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ဒီတစ်ပတ် ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၁၀၀၀၀၀ ကျော်ဝင်

ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၃၅၃၅၆ တန်ဖိုးရှိ ဒီဇယ် ၉၇၇၇၃ဒသမ ၂၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၇၃၈၉၇၅ တန်ဖိုးရှိဓာတ်ဆီ ၁၃၁၅၇ ဒသမ ၇၀ တန်၊ စုစုပေါင်း၁၁၀၉၃၀ ဒသမ ၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၀၇၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၇၅၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၂၃၉၅၀ကျော်နဲ့နှိုင်းယှဉ်ရင် ၇၃၈၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၉၅ တန်ဖိုးရှိ ဒီဇယ် ၉၆၆ ဒသမ ၅၈ တန်တင်ပို့ခဲ့ပြီး မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၅၁၅၈၂၅ တန်ဖိုးရှိ ဒီဇယ် ၂၇၆၂ဒသမ ၆၂ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၉၇၅၅ တန်ဖိုးရှိ ၃၅၇ ဒသမ ၄၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၃၄၀၅၆ တန်ဖိုးရှိ ဓာတ်ဆီ ၂၈၅ ဒသမ ၅၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မူဆယ်ကုန်သွယ်ရေးဇုန်ရဲ့ သီတင်းတစ်ပတ် ကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄၉၉ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၀၉ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ပတ် ကုန်သွယ်မှုမှာ ယခင်တစ်ပတ်၏ ကုန်သွယ်မှုပမာဏထက် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၄၉ သန်း ပိုမိုခဲ့သည်ကိုတွေ့ရပါသည်။

ပို့ကုန်ပိုင်းတွင် ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ဝါဂွမ်း၊ ဝဥခြောက်၊ ဖရဲ၊ သခွားမွှေး၊ သကြားတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင် ယာဉ်အပိုပစ္စည်းများ၊ဆောက်လုပ်ရေးပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ ချည်ထည်၊ အချိုမှုန့်၊ ချုပ်ပြီးအဝတ်အထည်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ မျက်မှန်နှင့် မျက်မှန်နှင့် သက်ဆိုင်သော ပစ္စည်းများတင်သွင်းခဲ့ကြောင်း သိရပါသည်။ အဆိုပါသီတင်းပတ်အတွင်း ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဒေါ်လာ ၁၅၁၉ ကျပ်၊ ၁ ဒေါ်လာ ၆ ဒသမ ၇၇၆ ယွမ်၊ ကျပ် ၁၀၀လျှင် သုည ဒသမ ၄၅၁ ယွမ်နှုန်းထားရှိကြောင်း တွေ့ရှိရပါသည်။

**မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန်တင်ပို့ ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၃၄၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၉၂၁ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁၅ တန်နဲ့ နှိုင်းယှဉ်ပါက ၁၆၀၆ တန် ပိုမိုခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၇ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ငါးဆားနယ်၊ ငါးမျိုးစုံ၊ ကင်းမွန်ခြောက်၊ ပုဇွန်ခြောက်၊ ငါးလေးခြောက်နဲ့ ငါးလိပ်ကျောက် အရေခွံခြောက်တို့ တင်ပို့မှု ပိုမိုခဲ့တာကြောင့် ယခုလိုတန်ချိန်ရော တန်ဖိုးပါ ပိုမိုရကြောင်း၊ တစ်ဘက်နိုင်ငံဈေးအနေဖြင့် ကဏန်းတစ်တန်လျှင် ၉၅၈၃၃ ယွမ်၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၄၅၀၀၀ရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## Energy NYMEX 22-2-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.02 | 0.06 | 0.11 |
| Brent Crude Futr (USD/bbl) | 67.09 | 0.02 | 0.03 |
| Gasoline Rbob Fut (Cent/gal) | 161.23 | -0.21 | -0.13 |
| Natural Gas Futr (USD/MMBtu) | 2.69 | -0.00 | -0.19 |
| Heating Oil Futr (Cent/gal) | 203.26 | -0.37 | -0.18 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18 -Febuary | 15.78 | 2662.21 | 1836.37 | 6250.99 | 804.00 |
| 19 -Febuary | 15.74 | 2645.24 | 1826.46 | 6251.87 | 806.00 |
| 20 -Febuary | 15.97 | 2669.93 | 1832.85 | 6303.88 | 818.00 |
| 21 -Febuary | 15.94 | 2682.71 | 1840.56 | 6325.70 | 821.00 |
| 22 -Febuary | 15.80 | 2697.70 | 1875.16 | 6335.62 | 827.00 |

## ပြည်တွင်းငွေလဲနှုန်း တည်ငြိမ်နေခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဖေဖော်ဝါရီတတိယပတ်အတွင်း ဈေးနှုန်းငြိမ်နေခဲ့ကြောင်း စုံစမ်းသိရှိရသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၁ ကျပ်သတ်မှတ်ခဲ့ရာမှ ဖေဖော်ဝါရီတတိယပတ်တွင် ၁၅၂၈ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များအတွင်း ရွှေဈေးမှာ အဆမတန်မြင့်မားနေခြင်း၊ နိုင်ငံခြားကုန်သွယ်မှုတွင် လိုငွေပြနေခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုနည်းပါးခြင်း၊ ထို့ပြင် အမေရိကန် စီးပွားရေးအားကောင်းလာခြင်းနှင့်အတူ ကုန်သွယ်ရေးပဋိပက္ခဖြေရှင်းနိုင်ရန် အလားအလာများရှိလာခြင်းတို့မှာ နိုင်ငံတကာနှင့် ပြည်တွင်းငွေကြေးဈေးကွက် အတွင်းသက်ရောက်မှုရှိခဲ့သောအကြောင်းအရာများဖြစ်ကြောင်း ပြည်တွင်းငွေကြေး အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ ၁၈ရက်က အမေရိကန်တစ် ဒေါ်လာရောင်းဈေး ၁၅၁၉ကျပ်၊ ဝယ် ဈေး ၁၅၁၄ကျပ်မှ ဖေဖော်ဝါရီ ၂၀ရက်တွင် ရောင်းဈေး ၁၅၁၉ကျပ်၊ဝယ်ဈေး ၁၅၁၅ကျပ်သို့ရောက်ရှိခဲ့ပြီး ရက်သတ္တပတ်ကုန်ဆုံးချိန်အထိ ဈေးနှုန်းအတက်အကျမရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

## စံချိန်သစ်တင်ခဲ့ပြန်တဲ့ ပြည်တွင်းရွှေဈေး

ပြည်တွင်းရွှေဈေးနှုန်းသည်ဖေဖော်ဝါရီတတိယပတ်အတွင်း ကျပ်ဆယ်သိန်းရှစ်သောင်းကျော်သို့မြင့်တက်ခဲ့ရာ စံချိန်တင်ဈေးနှုန်းသစ်ဖြစ်လာခဲ့ကြောင်း သတင်းရရှိသည်။ ဖေဖော်ဝါရီဒုတိယပတ်တွင် ပြည်တွင်းရွှေဈေးမှာအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၃၀၀၀ဖြင့် ရှိခဲ့ရာမှ ဖေဖော်ဝါရီတတိယပတ်တွင် ကျပ် ၁၀၇၈၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်ထဲမှာ မြင့်တက်သွားတာ ကျပ်ဆယ်သိန်းရှစ်သောင်းကို ကျော်သွားတယ်။ မြန်မာကျပ်ငွေဈေးကလည်းကျနေသလို ပြည်တွင်းစီးပွားရေးဈေးကွက်လည်း ရင်းနှီးမြှုပ်နှံဖို့နယ်ပယ်ကလည်း နည်းနေသေးတော့ ရွှေကအလားအလာအကောင်းဆုံးလိုဖြစ်နေသေးတယ်။ ကမ္ဘာ့နိုင်ငံရေး၊စီးပွားရေးအခြေအနေတွေကလည်း အကောင်းဘက်မှာမရှိနေသေးတော့ ရွှေကို အမြင့်တန်းဆီပို့ပေးနေသ လိုပဲ။ ဈေးကွက်သဘောတရားအရတော့ အတက်ရှိရင်အကျလည်းရှိတယ်။ ဒါကြောင့်ပဲ ဈေးကျတဲ့အချိန်ကျရင် အကျမနာဖို့ ရွှေနဲ့ပတ်သတ်တဲ့သတင်းတွေ၊ ပြည်တွင်းပြည်ပအခြေအနေတွေကို နားစွင့်ထားဖို့တော့ လိုလိမ့်မယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၁၈ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၈၀၀၀၀ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၀ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၈၇၀၀၀သို့ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ရက်တွင် ကျပ် ၁၀၇၈၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဖေဖော်ဝါရီ ၁၈ရက်ကရွှေတစ်အောင်စလျှင် ၁၃၂၅ အမေရိကန်ဒေါ်လာရှိခဲ့ရာမှဖေဖော်ဝါရီ ၂၀ရက်တွင် တစ် အောင်စလျှင် ၁၃၄၅အမေရိကန်ဒေါ် လာသို့မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၂၆ အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## TMHကုမ္ပဏီနှင့်နည်းပညာကုမ္ပဏီနှစ်ခုတို့ အကျိုးတူပူးပေါင်း

ရန်ကုန်စတော့အိတ်ချိန်းဝင် TMH Telecom Public Co.,Ltd သည် Alinntaike ကုမ္ပဏီ၊ DaoLei ကုမ္ပဏီတို့နှင့် အကျိုးတူပူးပေါင်းကာ ပြည်သူများပရိုမိုးရှင်းသတင်းအချက်အလက်များကို လွယ်ကူစွာရှာဖွေအသုံးပြုနိုင်ရန် "Thi PP Lar Mobile Application"ကို အကောင်အထည်ဖော်ခဲ့ပြီး အကျိုးအမြတ်များကို ခွဲဝေရရှိသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ TMHကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်မည့် Alinntaike ကုမ္ပဏီသည် ဆက်သွယ်ရေးနှင့် သက်ဆိုင်သောဝန်ဆောင်မှုလုပ်ငန်းကိုဈေးကွက်အတွင်း လုပ်ဆောင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး DaoLei ကုမ္ပဏီသည်လည်း တရုတ်နိုင်ငံ၊Telecom Industryတွင် အောင်မြင်နေသော Software Development ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

"Thi PP Lar Mobile Application "ကို MPT မိုဘိုင်းဆင်းကတ်အသုံးပြုသူများ သုံးစွဲနိုင်မည်ဖြစ်ပြီး ပထမအဆင့်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ပရိုမိုးရှင်းသတင်းအချက်အလက်များကို ရှာဖွေနိုင်မည်ဖြစ်ကာ နောက်ပိုင်းတွင် တစ်နိုင်ငံလုံး၏ ပရိုမိုးရှင်းသတင်းအချက်အလက်များကို ရှာဖွေအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိ ရသည်။

အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအရ TMH ကုမ္ပဏီနှင့် Alinntaike ကုမ္ပဏီတို့သည် ဈေးကွက်ထိုးဖောက်မှုနှင့် ဝန်ဆောင်မှုများကို တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို DaoLei ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

February 22, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.41 |
| BDT Bangladesh Taka | 84.00 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.72 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 71.19 |
| I DR Indonesia Rupiahs | 14054.80 |
| JPY Japan Yen | 110.78 |
| MYR Malaysia | 4.08 |
| PKR Pakistan Rupees | 139.70 |
| PHP Philippines Pesos | 52.08 |
| RUB Russia Rubles | 65.62 |
| SGD Singapore Dollars | 1.35 |
| KRWSouth Korea Won | 1124.62 |
| LKR Sri Lanka Rupe | 179.47 |
| THB Thailand Baht | 31.27 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23222.93 |

*Source:xe.com*

## World Gold Price

February- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1327 | 1325 | 1324 |
| 19 | 1327 | 1326 | 1325 |
| 20 | 1345 | 1344 | 1343 |
| 21 | 1341 | 1340 | 1339 |
| 22 | 1328 | 1327 | 1327 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18-2- 2019 | 1077.50 | 1076.50 |
| 19-2- 2019 | 1080.00 | 1079.50 |
| 20-2- 2019 | 1088.00 | 1088.50 |
| 21-2- 2019 | 1086.00 | 1085.50 |
| 22-2- 2019 | 1080.50 | 1080.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6.76 | 31.23 | 84.03 | 71.47 |
| 19 | 6.78 | 31.25 | 84.01 | 71.49 |
| 20 | 6.73 | 31.09 | 84.01 | 71.20 |
| 21 | 6.71 | 31.21 | 83.98 | 71.19 |
| 22 | 6.72 | 31.27 | 84.00 | 71.19 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပို

ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၇၄၇၈ တန်ဖိုးရှိ ဘိလပ်မြေ ၄၅၆၃ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၆၀ ကျော်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၃၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလ ၉ ရက်မှ ၁၅ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၉၈၆၆ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၆၅၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ ဈေးကွက်အတွင်းမှစုံစမ်းသိရှိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာက ကျပ် ၃၀၀၊ ကြံ့(မြန်မာ-လက်သစ်)က ကျပ်၁၅၀၊ ကြံ့နှစ်ကောင်(အနီ)က ကျပ် ၃၀၀၊ ကြံ့နှစ်ကောင်(အစိမ်း)က ကျပ် ၄၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၂၅ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၅၃၀၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးက ကျပ် ၁၀၀၊ ကြံ့နှစ်ကောင်က ကျပ် ၂၀၀ဈေးမြင့်ပြီး ခရောင်းဘိလပ်မြေက ကျပ် ၃၀၀ ဈေးကျကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၄၇၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်က ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာကြံ့ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ကြံ့ဘိလပ်မြေက အသုံးများလာတာကြောင့်လည်း ဒီလိုဈေးတက်ရတာလို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင် မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း)ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ နဂါးဘိလပ်မြေကပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ်၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ် မြေဩဇာအဝင်လျော့

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၉၄၀၁၆၅ တန်ဖိုးရှိ မြေဩဇာ ၁၈၈၄၀ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဂျာမနီနိုင်ငံမှ တန်ချိန် ၅၄၀၊ အီရန်နိုင်ငံမှ ၄၉၈၀ တန်၊ ကိုရီးယားနိုင်ငံမှ ၄၁၈၈ ဒသမ ၉၉ တန်၊ မလေးရှားနိုင်ငံမှ ၇၀၉၁ ဒသမ ၆၃ တန်၊ နော်ဝေနိုင်ငံမှ ၈၄၀ ဒသမ ၆၂ တန်၊ ဆော်ဒီအာရေဗျ နိုင်ငံမှ ၃၀၇ ဒသမ ၃၃ တန် နဲ့ ထိုင်းနိုင်ငံမှ ၈၉၂ ဒသမ ၃၁ တန် တင်သွင်းခဲ့ တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၂၄း၇း၇)၊ ယူရီးယားနဲ့အမိုးနီးယားဆာလဖိတ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၃၁၆၉၀ ကျော် တင်သွင်းခဲ့တာကြောင့်ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၂၈၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာဈေးကွက်အရောင်းအေး

ဖေဖော်ဝါရီလ ၉ ရက်မှ ၁၅ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် ၁၄၁၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၂၁၆၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၉၆၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီးနဲ့ မကွေးမှာ အရောင်း အေးပြီး မော်လမြိုင်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းပုံမှန်ဖြစ်လာတယ်လို့ သိရပါတယ်။ အရောင်းက ပုံမှန်ဖြစ်လာပေမယ့် ဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အကြီး(ထိုင်း)မြင်းပျံ ကျပ်၃၁၅၀၀၊ပုလဲ-မြန်မာ(အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း) ကျပ် ၃၉၀၀၀၊ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက် (မြန်မာဩဘာ)ကျပ် ၃၅၀၀၀၊ တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရ ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)က ကျပ် ၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)က ကျပ် ၁၀၀၀ ဈေးကျပြီးကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၇၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၇၄၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အာမို(၁၅း၁၅း၁၅)၊ ယူရီးယား-ပုလဲ(ပန်းဖူး၊ ရွှေတောင်-တရုတ်)ကကျပ် ၅၀၀ဈေးကျခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၇၅၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရောနို့မှုန့်ပါ အဝင်လျော့

ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၂၀၀၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၃၆၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၄၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၈၂၆၀၄၇ တန်ဖိုးရှိ နို့မှုန့် ၃၀၂ ဒသမ ၃၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့် တန်ချိန် ၄၄၀ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၂ မှ ၁၅/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၂ မှ ၈/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆.၆၅ | - | (+) ၁၆.၆၅ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | - | - | - |
| ၅။ | တာချီလိတ် | ၇၈၀၀.၀၀ | ၃၀၀၀.၀၀ | (+) ၄၈၀၀.၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | - | - | - |
| ၈။ | မြိတ် | ၂၀၅၀.၀၀ | ၅၆၅၀.၀၀ | (-) ၃၆၀၀.၀၀ |
| | စုစုပေါင်း | ၉၈၆၆.၆၅ | ၈၆၅၀.၀၀ | (+) ၁၂၁၆.၆၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၂ မှ ၁၅/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၂ မှ ၈/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၁၃၃.၀၀ | ၃၉၈၃.၈၅ | (+) ၂၁၄၉.၁၅ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | ၂၈၈၇.၇၅ | ၅၇.၇၅ | (+) ၂၈၃၀.၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၂၀.၀၀ | - | (+) ၁၂၀.၀၀ |
| ၅။ | မြဝတီ | ၂၀၀၁.၂၁ | ၂၉၇၃.၂၅ | (-) ၉၇၂.၀၄ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၂၈၀၀.၀၀ | ၅၁၀၀.၀၀ | (-) ၂၃၀၀.၀၀ |
| ၉။ | တမူး | ၁၉၀.၀၀ | ၅၀.၀၀ | (+) ၁၄၀.၀၀ |
| | စုစုပေါင်း | ၁၄၁၃၁.၉၆ | ၁၂၁၆၄.၈၅ | (+) ၁၉၆၇.၁၁ |

ခင်မိုးသူ

# စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသော ကချင်ပြည်နယ်ဒေသထွက်အစားအစာ ခေါပုတ်

ကချင်ပြည်နယ်ဟု ခေါ်ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် ရာသီဥတုအေးမြသာယာပြီး တောတောင်သဘာဝအလှတရားများနှင့် ပြည့်နှက်လျက် ဒေသထွက်အစားအသောက်မျိုးစုံစုံလင်စွာထွက်ရှိသော ပြည်နယ်တစ်ခုအဖြစ် မြင်ယောင်မိမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ အလွန်ကြိုက်နှစ်သက်စွာ စားသုံးကြသည့်အစားအစာများစွာထဲမှ ရာသီပေါ် သရေစာ အစားအစာတစ်ခုဖြစ်သော ခေါပုတ်အကြောင်းကို ပြောပြချင်ပါသည်။

ခေါပုတ်ကို ကချင်ပြည်နယ်တွင် နေရာဒေသမရွေး ရရှိနိုင်ပြီး အဓိကအားဖြင့် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့တွင် အများဆုံးထွက်ရှိပါသည်။ စက်တင်ဘာလလယ်မှ ဖေဖော်ဝါရီလကုန်ထိ ရရှိနိုင်ပြီး အအေးဓာတ်ပိုမို လွှမ်းခြုံသော နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့်ဖေဖော်ဝါရီလတို့တွင် အများအပြားထုတ်လုပ်ရောင်းချသလို စားသုံးမှုလည်း မြင့်မားပါသည်။

မြစ်ကြီးနားမြို့ပေါ် ရှိစီးပွားဖြစ်လုပ်ကိုင်သော ခေါပုတ်ထုတ်လုပ်ရောင်းချသူများသည် ခေါပုတ်ပြုလုပ်ရာတွင် အသုံးပြုသည့် ကောက်ညှင်းဆန်အဖြူနှင့် အမည်းသန့်သန့် ရရှိနိုင်ရန် ကချင်ပြည်နယ်၏ အဓိက ဆန်စပါးထွက်ရှိရာ မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့မှ ကောက်ညှင်းဖြူ တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ ၊ ကောက်ညှင်းမဲတစ်အိတ်လျှင် ကျပ် ၄၀၀၀၀ တို့ဖြင့် ရွေးချယ်မှာယူရပါသည်။

ပထမအဆင့်အနေဖြင့် ကောက်ညှင်းဆန်များကို အမှိုက် သရိုက်များ ၊ ဖုန်ခဲသဲများ မပါရှိအောင် သေချာစွာရွေးထုတ်သန့်စင်ပြီးနောက် ရေဖြင့်ပြောင်စင်အောင် ဆေးကြောသန့်စင်၍ ဆယ်နာရီကြာ ရေစိမ်ရပါသည်။ရေထဲမှ ကောက်ညှင်းဆန်များကို ဆယ်ယူပြီး တောင်းသန့်သန့်တစ်လုံးထဲတွင် ရေစစ်ထားရပါသည်။ စစ်ယူထားသော ကောက်ညှင်းဆန်များကို ငါးပြည်ဝင်ပေါင်းအိုးတွင်ထည့်၍ မီးပြင်းပြင်းဖြင့် ၄၅ မိနစ်ခန့်ပေါင်းလျှင် ကောက်ညှင်းဆန် များကျက်လာပါမည်။ ထိုကောက်ညှင်းပေါင်းကို ခြေနင်းမောင်းဖြင့်ညက်အောင် ထောင်းခြင်း၊ ခြေနင်းမောင်းမရှိပါက အမြင့် ၅ ပေခန့်၊ အချင်းလေးလက်မအရွယ်အစားရှိ သစ်သားဖြင့် ပြုလုပ်ထားသော ကျည်းပွေ့ဖြင့် ကောက်ညှင်းများညက်အောင် ထောင်းရပါသည်။ ထို့ကဲ့သို့ပြုလုပ်နေစဉ်တွင် ဆားအနည်းငယ် ၊ နှမ်းကို ကျက်အောင်လှော်၍ ထောင်းထားသော နှမ်းလှော်မှုန့်အနည်းတို့ကို ထည့်ပြီး စေးကပ်မသွားစေရန် ပဲဆီစစ်စစ်ဖြင့် အပြားလေးများလုပ်ရန် ကိုင်တွယ်ရပါသည်။ ညက်အောင် ထောင်းထားသော ခေါပြင်များကို လက်ဖြင့် လိုချင်သည့် အရွယ်အစားအလိုက် အလုံးများလုံး၍ မိုးကာအကြည် စခင်းထားသော စားပွဲပေါ် တွင် ညီညီစီထားပြီးနောက် ခေါပုတ်ချပ်များရရှိလာအောင် လက်ဖြင့်ပြားရပါသည်။ခေါပုတ်ချပ်များကို နာရီဝက်ခန့် အအေးခံထားပြီးနောက် ပဲဆီရနံ့၊နှမ်းရနံ့၊ ကောက်ညှင်းရနံ့များ မွှေးပျံ့လျက်ရှိသော အလွန်အရသာရှိသည့် ရိုးရာအစားအစာခေါပုတ်များ ရရှိလာပါသည်။

ထို့နောက် ဈေးကွက်များသို့တင်ပို့ရောင်းချရန်အတွက် ငှက်ပျောရွက်များ၊ ဒေသအခေါ် သောင်ဇင်ရွက်များခံ၍ ထည့်ထားသော ဝါးခြင်းတောင်း(သို့မဟုတ်)ကြိမ်ခြင်းတောင်းအတွင်းသို့ အရွယ်အစားအလိုက် ခေါပုတ်များကို ညီညီစီထပ်၍ ထည့်ရပါသည်။ အချင်း ၂ လက်မအရွယ်ရှိ ခေါပုတ်အချပ်ရေ ၄၀ ချပ်လျှင် ကျပ် ၁၀၀၀ နှုန်း၊ အချင်း ၃လက်မအရွယ်ရှိ ခေါပုတ်အချပ်ရေ ၂၀ ချပ်လျှင် ကျပ် ၁၀၀၀ နှုန်း၊ အချင်း ၃ လက်မခွဲ အရွယ်ရှိ ခေါပုတ်အချပ်ရေ ၁၀ ချပ်လျှင် ကျပ် ၁၀၀၀ နှုန်းဟူ၍ အဆင့်ဆင့်ခွဲခြားပြီး မြစ်ကြီးနားမြို့ပေါ်ရှိ စည်ပင်သာယာဈေး၊ ရပ်ကွက်ဈေးများနှင့် ညဈေးတန်းတို့တွင် သွားရောက်ရောင်းချကြပါသည်။ လက်လီပြန်လည်ရောင်းချရန်၊ စားသုံးရန်နှင့် လက်ဆောင်ပေးရန်အတွက် ဝယ်ယူကြပါသည်။

ကချင်ပြည်နယ်တွင် အေးမြသော ဆောင်းရာသီ၌ အအေးဒဏ်ကို ကာကွယ်နိုင်ရန် မနက်ခင်းပိုင်းနှင့် ညဦးပိုင်းတို့တွင် မီးဖိုရ်၍ မီးလှုံကြရာ မီးကျည်းခဲရဲရဲတွင် ခေါပုတ်ကင်စားကြပါသည်။ ယခုနောက်ပိုင်းတွင် ခေါပုတ်ကိုကြော်၍ သကြား၊ နှမ်းထောင်းနှင့်ကြံသကာအရော၊ အကြော်မျိုးစုံ၊ ဆီတို့ဟူး၊ လက်ဖက်ရည်၊ ကော်ဖီစသည်တို့နှင့် တွဲဖက်၍ မနက်ခင်းပိုင်း အဆာပြေအစားအစာအဖြစ် စားသုံးကြပါသည်။ဆောင်းရာသီတွင် ကျင်းပသော ပွဲတော်များတွင်လည်း ခေါပုတ်များကို ကုလားပဲခြမ်းများတွဲဖက်ကြော်၍ ရောင်းချခြင်း၊ မနက်ဈေး ၊ နေ့လယ်ဈေး၊ ညဈေးများတွင်လည်း ရောင်းချကြရာ လူကြိုက်များသော ကောက်ညှင်းဖြင့် ပြုလုပ်ထားသည့် အစားအစာတစ်မျိုးဖြစ်ပါသည်။

ခေါပုတ်များ မှိုမတက်ဘဲ ၄ ရက်၊ ၅ ရက်ကြာ အထားခံနိုင်ရန်အတွက် ဆန်ကောင်းဆန်သန့်များ ရွေးချယ်ဝယ်ယူခြင်း၊ ကောက်ညှင်းဆန်အား ပြောင်စင်အောင် ဆေးကြောခြင်း၊ ပဲဆီစစ်စစ်များအသုံးပြုထားပြီး တခြားတာရှည်ခံဆေး၊ မှိုမတက်ဆေးများ အသုံးမပြုခြင်းတို့ကြောင့် စားသုံးရန်သင့်သည့်အစားအစာတစ်မျိုး ဖြစ်ပါသည်။

ခေါပုတ်လုပ်ငန်းအားတိုးတက်စေနိုင်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးများရရှိပါက ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးမီ ခေါပုတ်များထုတ်လုပ်ပြီး ဒေသတွင်းနှင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည့်အတွက် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ **ကျော်မိုးလွင်(ကချင်)**

# လှိုင်ကော်မြို့တွင် ဖေဖော်ဝါရီလ ပထမပတ်မှ တတိယပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဖေဖော်ဝါရီ ၉ ရက်တွင် လွိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်း၊ဖေဖော်ဝါရီ ၅ ရက်တွင် မင်းစုရပ်ကွက်နှင့် ရှမ်းစုရပ်ကွက်တို့၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် ရွှေတောင်ရပ်ကွက်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် မိုင်းလုံးရပ်ကွက်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဒေါတမရပ်ကွက်၌လည်းကောင်း ဖေဖော်ဝါရီ ၁၈ ရက်တွင် ရှမ်းပိုင်းရပ်ကွက်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒေါတမရပ်ကွက်၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ၁/၂၀၁၈ အမိန့်ကြော်ငြာစာပါ ကုန်စည်(၉)မျိုးရောင်းချနေသောဆိုင်များ၌အသိပညာပေးကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများနှင့်ကွင်းဆင်းဆောင်ရွက်ရာတွင် မိမိရောင်းချသည့်ကုန်ပစ္စည်းများတွင် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်(သို့) ညွှန်ကြားချက်များကို မြန်မာဘာသာ(သို့) မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြရန်၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ ၁/၂၀၁၈ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီး (၆)လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် အတွက် ၁/၂၀၁၉ ညွှန်ကြားချက်များကို အသေးစိတ်သိရှိစေရန် ဖြန့်ဝေအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး(စားသုံးသူ၊ကယား)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၂-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၇၀၀၀ | △ | ၇၀၀၀ | ၇၅၀၀ | △ | ၁၉၀၀ | ၁၇၅၀ | ▽ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၀၀၀ | ▽ | ၁၇၃၅ | ၁၈၀၀ | △ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| မုံရွာ | ၅၇၀၀ | ၅၇၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၅၀ | ၁၈၀၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၂-၂၀၁၉ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီဒုတိယပတ် | ဖေဖော်ဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၅၈.၀၀ | ၅၄၉.၅၀ | ▽ |
| **RBD P.Olein** | ၅၆၄.၀၀ | ၅၅၉.၅၀ | ▽ |
| **RBD P.Stearin** | ၅၄၆.၀၀ | ၅၄၁.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂-၂-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၁.၅၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၀၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၆.၉၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၆၅.၇၆၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 605 ဒေါ်လာနှင့် USD ဈေး ၁၅၂၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၂-၂-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာနိုင်ငံ၏ Ease of Doing Business Ranking တိုးမြှင့်ရေးအတွက် Registering Property Indicator ၏ အရေးပါမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများ

[ မြတ်လဲ့ ]

ကမ္ဘာ့ဘဏ်သည် နိုင်ငံအလိုက် စီးပွားရေးလုပ်ကိုင်ရန်လွယ်ကူမှုကိုလေ့လာ၍ အဆင့်သတ်မှတ် သည့်အစီအစဉ်ကို ၂၀၁၂ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ပါဝင်ခဲ့သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီတွင် စီးပွားရေးလုပ်ကိုင်မှုနှင့်ပတ်သက်၍ အချက် (၁၂)ချက်ကိုအခြေခံ၍ တိုင်းတာသော်လည်း ထိုအထဲမှ အမှတ်ပေးတိုင်းတာသော ညွှန်းကိန်း ၁၀ ခုမှာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ အဆောက်အအုံဆောက် လုပ်ခွင့်ရယူခြင်း၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ ချေးငွေရရှိနိုင်မှု၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊ အခွန်ပေးဆောင်မှု၊ ပြည်ပကုန်သွယ်မှု၊ ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်းနှင့် အကြွေးမဆပ်နိုင်မှုကို ဖြေရှင်းပေးခြင်းတို့ဖြစ်ပြီး အစိုးရဌာနများက သတ်မှတ်ထားသော လုပ်ငန်းစဉ်အဆင့်များ ဆောင်ရွက်ရာတွင် လွယ်ကူခြင်း၊ ကြာမြင့်ချိန်များနှင့် ကုန်ကျစရိတ်များကို တိုင်းတာခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ရရှိခဲ့သည့် အဆင့်များမှာ ၂၀၁၄ ခုနှစ်တွင် အဆင့်(၁၈၂)၊ ၂၀၁၅ ခုနှစ်တွင် အဆင့်(၁၇၇)၊ ၂၀၁၆ ခုနှစ်တွင် အဆင့်(၁၇၁)၊ ၂၀၁၇ ခုနှစ်တွင် အဆင့်(၁၇၀)၊ ၂၀၁၈ ခုနှစ်တွင် အဆင့်(၁၇၁) နှင့် ၂၀၁၉ ခုနှစ်တွင် အဆင့် (၁၇၁)ဖြစ်သည်။ ရမှတ်များသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာမှုရှိသော်လည်း အဆင့်အနေဖြင့်၂၀၁၈ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲမှုမရှိပေ။

အညွှန်းကိန်း ၁၀ ခုအနက် ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုသည်မှာ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်ရန် လိုအပ်သောမြေနေရာအတွက် အခြားသူအမည်ပေါက်နှင့် ပိုင်ဆိုင်သောမြေနေရာကိုဝယ်ယူပြီးမိမိအမည်ပေါက်ရသည်အထိ သက်ဆိုင်ရာအစိုးရဌာနများတွင် ဆောင်ရွက်သော အဆင့်များလွယ်ကူလျင်မြန်မှု၊ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်တို့ကို တိုင်းတာပြီး အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြသော ကိန်းဂဏန်းဖြစ်သည်။ ကမ္ဘာ့ဘဏ်က ညွှန်းကိန်းတစ်ခုချင်းစီအတွက် ရမှတ် ၁၀၀ စီ ပေးထားပြီး Registering Propertyအတွက် မြန်မာနိုင်ငံရရှိသော အဆင့်မှာ ၂၀၁၄ ခုနှစ်တွင် အဆင့်(၁၅၄)၊ ၂၀၁၅ ခုနှစ်တွင် ရမှတ် ၅၂. ၂၆ ဖြင့် အဆင့်(၁၅၁)၊ ၂၀၁၆ ခုနှစ်တွင် ရမှတ် ၄၉. ၃၂ ဖြင့် အဆင့်(၁၄၅)၊ ၂၀၁၇ ခုနှစ်တွင် ရမှတ် ၄၉. ၃၇ ဖြင့် အဆင့်(၁၄၃)၊ ၂၀၁၈ ခုနှစ်တွင် ရမှတ် ၅၂. ၃၀ ဖြင့် အဆင့်(၁၃၄)နှင့် ၂၀၁၉ ခုနှစ်တွင် ရမှတ် ၅၂. ၃၀ ဖြင့် အဆင့်(၁၃၆) ဖြစ်သည်။ ဤညွှန်းကိန်းသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ပြီး အရေးပါသည့်ညွှန်းကိန်းတစ်ခုဖြစ်သည်။ ၂၀၁၈ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ရမှတ်အနေဖြင့်တူညီမှုရှိသော်လည်း အဆင့်မှာ(၂) ဆင့်ကျသွားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအဆင့်(၆) ဆင့်ဖြင့် ဆောင်ရွက်သည်-

(၁) သက်သေခံမြေပုံရာဇဝင်ကူးယူခြင်း

(၂) ပိုင်ဆိုင်မှုတန်ဖိုးဖြတ်ခြင်း

(၃) တံဆိပ်ခေါင်းခွန်ပေးဆောင်စေခြင်း

(၄) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း

(၅) အမည်ပြောင်း လျှောက်ထားခြင်းအတွက် ကန့်ကွက်ရန် ရှိ/မရှိသတင်းစာတွင် ကြော်ငြာထုတ်ဆင့်ခြင်း

(၆) မြေပိုင်ဆိုင်သူအမည် လွှဲပြောင်းပေးခြင်း

အဆင့်(၁) သက်သေခံမြေပုံရာဇဝင်ကူးယူခြင်း၊ အဆင့်(၅) အမည်ပြောင်းလျှောက်ထားခြင်းအတွက် ကန့်ကွက်ရန် ရှိ/မရှိ သတင်းစာတွင် ကြော်ငြာထုတ်ဆင့်ခြင်းနှင့် အဆင့်(၆) မြေပိုင်ဆိုင်သူအမည် လွှဲပြောင်းပေးခြင်းစသည်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လည်းကောင်း၊ အဆင့်(၂) ပိုင်ဆိုင်မှုတန်ဖိုးဖြတ်ခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်-၄၀/၂၀၁၇ အရဖွဲ့စည်းထားသည့် ကာလတန်းဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ လည်းကောင်း၊ အဆင့်(၃) တံဆိပ်ခေါင်းခွန် ပေးဆောင်စေခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာနမှလည်းကောင်း၊ အဆင့်(၄) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။



၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း လုပ်ကိုင်မှု အဆင့်(၆)ဆင့်တွင် အဆင့်(၁)အတွက် ကြာမြင့်ချိန် (၃၂)ရက်၊ အဆင့်(၂)အတွက် ကြာမြင့်ချိန်(၁၈)ရက်၊ အဆင့်(၃)အတွက် ကြာမြင့်ချိန် (၁)ရက်၊ အဆင့်(၄)အတွက် ကြာမြင့်ချိန်(၃၁)ရက်၊ အဆင့်(၅)အတွက် ကြာမြင့်ချိန်(၃)ရက်ရှိပြီး စုစုပေါင်းအဆင့်အားလုံးအတွက် ကြာမြင့်ချိန်(၈၅)ရက်နှင့် ကုန်ကျစရိတ်အားဖြင့် တစ်ဦးချင်းဝင်ငွေ၏ (၄ဒသမ၁) ရာခိုင်နှုန်းကုန်ကျကြောင်း ဖော်ပြထားသည်။ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများတွင် ပျမ်းမျှ အဆင့်(၅)ဆင့်ရှိပြီး စုစုပေါင်းကြာမြင့်ချိန်အနေဖြင့်(၇၂)ရက်ရှိကာ ကုန်ကျစရိတ်အနေဖြင့် တစ်ဦးချင်းဝင်ငွေ၏ (၄ ဒသမ ၅) ရာခိုင်နှုန်းခန့်၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပျမ်းမျှအဆင့်(၄)ဆင့်ရှိပြီး စုစုပေါင်းကြာမြင့် ချိန်အနေဖြင့် (၂၀)ရက်ရှိကာ ကုန်ကျစရိတ်အနေဖြင့် တစ်ဦးချင်းဝင်ငွေ၏ (၄ ဒသမ ၂)ရာခိုင်နှုန်းခန့် ကုန်ကျပြီး ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ငွေကြေးကုန်ကျမှုမရှိပေ။ ဒေသတွင်းနိုင်ငံများသည် Registering Property ညွှန်းကိန်းဆိုင်ရာ ဆောင်ရွက်မှုများ၌ မြန်မာနိုင်ငံထက် များစွာရှေ့ရောက်နေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက်ဆောင်ရွက်ရာ၌ လွှဲပြောင်းပြီးသား မြေစာရင်းနှင့်မြေပုံများ၊ လျှောက်ထားသူတင်ပြသော အထောက်အထားများအရ လာရောက်ပြီး မြေပုံကူးယူခြင်းလျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားသူတင်ပြသော အထောက်အထားနှင့် ဌာနတွင်ရှိသည့် မြေရာဇဝင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းဆောင်ရွက်သည်။ ယေဘုယျအားဖြင့် လျှောက်ထားတင်ပြသည့် အချက်အလက်မှန်ကန်ပါက တစ်ပတ်ခန့်ကြာမြင့်မည်ဖြစ်သည်။ အမည်ပေါက်ကွယ်လွန်၍ အမည်ပေါက် လျှောက်ထားမှုတွင် ပိုင်ဆိုင်ခွင့်ရှိသူက အမွေဆက်ခံမှုအရ ပိုင်ဆိုင်မှုရှိကြောင်း လျှောက်ထားရမည်ဖြစ်သည်။ ထိုသို့လျှောက်ထားရာတွင် ဆွေစဉ်မျိုးဆက် ဆက်စပ်မှုအကြောင်းအရာကို သိရှိရန်လို၍ တစ်ပတ်ထက်မက ကြန့်ကြာနိုင်သည်။ အမည်ပေါက်သည် တစ်ယောက်နှင့်အထက်ဆိုပါက စွန့်လွှတ်မြေကို လျှောက်ထားရမည်ဖြစ်သည်။ မြေပုံကူးပေးပြီးပါက သတင်းစာတွင်ကြေညာပြီး တစ်ပတ်အတွင်း ကန့်ကွက်မှုမပေါ်ပေါက်က မြေပုံထုတ်ပေးခြင်း ဆောင်ရွက်ရသည်။ အမည်ပေါက်ကို ကိုယ်တိုင်ဆက်စပ်မှုလျှောက်က သတင်းစာတွင် ကြေညာရန်မလိုပေ။ အဆိုပါအဆင့်ပြီးမှ အခွန်ဆောင်ရမည်ဖြစ်သည်။

၂၀၁၈ခုနှစ်၊ အောက်တိုဘာလက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ website တွင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၂၀၁၇ ခုနှစ် website ကို ပြန်ချ၍ အသစ်ပြန်လည်လွှင့်တင်ထားသော်လည်း website တွင် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားမှုမရှိဘဲ ကော်မတီရုံးမှတစ်ဆင့် website သို့ ဝင်ရောက်လျှောက်ထားခြင်းမှာ ၉၉ ရာခိုင်နှုန်းထိရှိနေပါသည်။ အဆိုပါ website တွင် မည်သည့်ကိစ္စမျိုးဆောင်ရွက်ပါက အချိန်မည်မျှကြာနိုင်ကြောင်းနှင့် တန်ဖိုးမည်မျှကုန်ကျမည်ဖြစ်ကြောင်း ပါဝင်မှု မရှိသေးပေ။ ၂၀၁၉ ခုနှစ်အတွင်း ပြင်ဆင်လွှင့်တင်မည့် website တွင် လျှောက်ထားမှုအပိုင်းအပြင် ကြာချိန်နှင့်ကုန်ကျစရိတ် ဖော်ပြချက်များပါဝင်မည်ဖြစ်သည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ လုပ်ဆောင်နေသော ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်း၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရာတွင် လယ်ယာမြေမှတ်ပုံတင်ခြင်းမရှိသည့်အတွက် လယ်ယာမြေမှအပ အဆောက်အဦများဝယ်ခြင်း၊ မေတ္တာဖြင့်ပေးခြင်း၊ တစ်ယောက်နှင့်တစ်ယောက် အိမ်ခြံမြေအလဲ အထပ်ပြု လုပ်ခြင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ်တာဝန်ခံထံ သွားရောက်ပြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်းခံယူရမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက တိုင်းဒေသကြီးကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့နှင့် ဆက်သွယ်ရမည်ဖြစ်သည်။ လိုအပ်သော စာရွက်အထောက်အထားများ ပြည့်စုံပါက အိမ်ခြံမြေတန်ဖိုးဖြတ်အသင်းက နှစ်ပတ်အတွင်း အကဲဖြတ်မည်ဖြစ်ပြီး စာရွက်စာတမ်း အထောက်အထားမခိုင်လုံပါက အချိန်ပိုမိုကြာသွားနိုင်သည်။ အကဲဖြတ်ပြီးပါက တန်ဖိုးကို မြို့နယ်ကို အကြောင်းကြားမည်ဖြစ်ပြီး မြို့နယ်တွင်အိမ်ခြံမြေ အတွက်ဝယ်လိုက်သည့် အထောက်အထား တင်ပြရမည်ဖြစ်ပြီး မတင်ပြနိုင်ပါက ပြည်ထောင်စု အခွန်အကောက်ဥပဒေတွင်ပါသည့် အလွှာလိုက်နှုန်းထားအတိုင်း အခွန်စည်းကြပ်သွားမည်ဖြစ်သည်။ အခွန်ဆောင်ပြီးပါက ကျသင့်သည့်တန်ဖိုး သတ်မှတ်လိုက်သည့် တံဆိပ်ခေါင်းခွန်(၂)ရာခိုင်နှုန်းနှင့် အခွန်တံဆိပ်ခေါင်း(၂)ရာခိုင်နှုန်း စုစုပေါင်း (၄)ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်သည်။ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ပေးသွင်းပြီးပါက ချလန်ကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးသွင်းရမည်ဖြစ်ကာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် စာချုပ်စာတမ်းမှတ်ပုံတင်ရမည်ဖြစ်သည်။ စာချုပ် ချုပ်ပြီးသောအခါ မြေယာပိုင်ဆိုင်ကြောင်းကို ဆက်လက်အတည်ပြုနိုင်မည်ဖြစ်သည်။ ပြန်လည်ရောင်းချသောအခါတွင် အဆိုပါအထောက်အထားများကို ပြန်လည်တင်ပြရမည်ဖြစ်သည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ်ကတည်းက စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို (၂၁)ရက်နေ့နှင့်ပြီးစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း အစီရင်ခံပါ အချက်မှာ (၃၁)ရက်သာ ဖြစ်နေသေးသည့်အတွက် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုမရှိသေးကြောင်း ယူဆ၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို Digital Deeds Management System (DDMS) Software စနစ်ဖြင့် လက်တွေ့စတင် လုပ်ဆောင်လျက်ရှိပြီး ကြာမြင့်ချိန် ၁၅ ရက်အထိ လျှော့ချနိုင်ခဲ့ပြီဖြစ်သည်။ မြို့နယ်ပေါင်း ၁၅၅ မြို့နယ်တွင်လည်း DDMS စနစ်ဖြင့် စမ်းသပ်အသုံးပြုလျက်ရှိပြီး လုပ်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၁၅ ရက်ထက် ပိုမိုလျှော့ချရန်အတွက် ပစ္စည်းကိရိယာ ထပ်မံတိုးမြှင့်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။ ဤသို့လုပ်ဆောင်ရာတွင် စာချုပ်၏ ခိုင်မာမှု၊ ရေရှည်တည်တံ့မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ဥပဒေကြောင်းအရ ခိုင်မာရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ဌာန၏ လုပ်ဆောင်မှုအဆင့်များအနေဖြင့် ပထမအဆင့်မှာ တာဝန်ခံအရာရှိများထံတွင် စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေနှင့် ညီညွတ်မှုရှိ-မရှိ စစ်ဆေးခံရမည်ဖြစ်ပြီး စစ်ဆေးခံပြီး၍ မှတ်ပုံတင်ပေးရန်လက်ခံပါက ငွေသွင်းခြင်းလုပ်ငန်းများနှင့် ဥပဒေအရ သက်သေခံရခြင်း လုပ်ဆောင်ပြီးပါက စာချုပ်ကိုပြန်ထုတ်ပေးသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပို့ကုန် သွင်းကုန်ရုံး(မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၈)ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ ၁၄ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးမြင့်မားပြီး စီးပွားရေးကျင့်ဝတ် ကောင်းမွန် သောလုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များဖြစ်သည့် ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်သွေးပိုင်းဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ စသည့် လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ အလုပ်ရုံအလုပ်သမား ဥပဒေဘာသာရပ်များအပြင် ရန်ကုန်မြို့ရှိ Omega Consultancy နှင့် P.S Business School တို့မှ ဆရာများကို ဖိတ်ကြား၍ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဘာသာရပ်၊ Traditiional management to Modern management ကိစ္စရပ်များ၊ Market Competitive (ဈေးကွက်ယှဉ်ပြိုင်မှု) ကိစ္စများကို သင်ကြားဆွေးနွေးပို့ချခဲ့ပါသည်။




သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က သင်တန်းဆင်းဂုဏ်ပြုလွှာ၊ အုပ်စုလိုက် စာမေးပွဲအကောင်းဆုံးဆုရရှိသည့် အုပ်စုနှင့် အုပ်စုလိုက် စာတမ်းအကောင်းဆုံးဆု ရရှိသည့် အုပ်စုတို့အား ဆုများချီးမြှင့်ပေးခဲ့ရာ သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများကို သင်တန်းသား/သူများကိုယ်စား ဦးမင်းသန်းမှလက်ခံရယူပြီး အုပ်စုလိုက် စာမေးပွဲအကောင်းဆုံးဆု ရရှိသည့် အုပ်စု(၄)မှ ဦးနေမင်းဦး၊ ဦးအောင်စစ်ပိုင်၊ ဦးစည်သူလွင်၊ ဒေါ်အေးအေးဝင်း၊ ဒေါ်မေဖြူဇင်မြင့်၊ ဒေါ်ဖြူသွယ်လွင်၊ ဒေါ်အိအိစန္ဒီကျော်၊ ဒေါ်ချောအိခိုင်တို့မှလည်းကောင်း၊ အုပ်စုလိုက်စာတမ်းအကောင်းဆုံးဆုရရှိသည့် အုပ်စု (၆) မှ ဦးအောင်ကျော်မျိုး၊ ဦးအောင်မြတ်သူ၊ ဦးကျော်သူထက်၊ ဦးဟင်နရီမန်း၊ ဦးပြည့်ဖြိုးနိုင်၊ ဒေါ်နှင်းအိဝေဖြိုး၊ ဒေါ်ချစ်အိမေဖြိုးတို့မှ ဆုများအသီးသီး လက်ခံရယူခဲ့ပါသည်။

သင်တန်းသား/သူများကိုယ်စား ဦးသိန်းစိုးမှ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က သင်တန်းသား/သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ တိုင်းအဆင့်ဌာနဆိုင်ရာ ၂၀ ဦး၊ သင်တန်းသား/သူ ၄၅ ဦး၊ ဌာနဝန်ထမ်း ၁၀ ဦး၊ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

**(KTDA-MDY)**

စာမျက်နှာ (၆) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာလည်းရောက် . . . မှအဆက်

ဝယ်ဈေးမှာ လွှစာမှုန့်တစ်တန် အရောက် ကျပ် ၃၅၀၀၀ ရှိကြောင်း၊ ကုန်ချောကိုပြည်တွင်းတွင် မန္တလေးမြို့သို့ တစ်လလျှင်(၅)တန်ခန့် ရောင်းချရကြောင်း၊ ပြည်ပတွင် ဂျပန်နိုင်ငံရှိ အကင်လုပ်ငန်းတစ်ခုနှင့် ချိတ်ဆက်တင်ပို့နေတာဖြစ်ပြီး ၎င်းအကင်ဆိုင်လုပ်ငန်းမှာ ဆိုင်ခွဲ ၁၂၆ ဆိုင်ရှိကြောင်း၊ ဂျပန်နိုင်ငံသို့ တင်ပို့သည်မှာ ယခုချိန်ထိ သုံးကြိမ်သာတင်ပို့နိုင်ကြောင်း၊ တစ်ကြိမ်ပို့လျှင် ကွန်တိန်နာတစ်လုံး တန် ၂၀ တင်ပို့ကြောင်း၊ လာမည့်ဧပြီလ ဆန်းပိုင်းလောက် နောက်တစ်ကြိမ် တင်ပို့နိုင်မည်ဟု ခန့်မှန်းကြောင်း၊ 10 Kg တစ်ဖာ ၆ ဒသမ ၅ ဒေါ်လာနှုန်းဖြင့် တစ်တန်လျှင် ဒေါ်လာ ၆၅၀ ရောင်းရကြောင်း၊ သယ်ယူစရိတ်မှာ ရန်ကုန်ထိကားခ တန် ၂၀ လျှင် ၆ ဒသမ ၅ သိန်း ပေးချေရကြောင်း၊ သင်္ဘောတင်ခမှာ ဒေါ်လာဖြင့် ပေးချေရကြောင်း၊ လောင်စာတောင့်တစ်တောင့်အရွယ်အစားမှာ အချင်း(၂) မီလီနှင့် အရှည် ၂၀ လက်မရှိကြောင်း၊ 10 Kg တစ်ဖာလျှင် (၂၃-၂၄) ချောင်းရှိကြောင်း၊ ပြည်တွင်းတွင် 10 Kg တစ်ဖာလျှင် ကျပ် ၄၀၀၀ ရောင်းချ ရကြောင်း၊ လောင်စာတောင့်ထည့်ရန် ဂျပ်ဖာများကို ပြည်တွင်းပို့ရန် အတွက် (၃)လွှာ ကျပ် ၃၄၀ တန် အသုံးပြု၍ ပြည်ပပို့ရန်အတွက် အလွှာ(၅) လွှာ ၄၂၅ ကျပ်တန်များကို အသုံးပြုကြောင်း၊ လောင်စာတောင့် ထုတ်လုပ်သည့်နည်းပညာကို ဂျပန်မှယူ၍ တရုတ်စက်များဖြင့် ထုတ်လုပ်ကြောင်း၊ ဂျပန်နိုင်ငံရှိ အကင်ဆိုင်များမှစပါးခွံလောင်စာတောင့်ကို အသုံးပြုခြင်းမှာ ကင်လိုက်လျှင် ဓာတ်ငွေ့မပါသည့်အတွက် အသားမှ အဆီထွက်လာပြီး အသားကျက်၍ အရသာရှိကြောင်း၊ မိုက်ခရိုဝေ့ မီးဖိုဖြင့် အသုံးပြုပါက အသားမှာခြောက်သွေ့ပြီး မကျက်၍အရသာမရှိကြောင်း သိရှိရပါသည်။

မီးသွေးတောင့်ကို အပူပေးသည့်အခါ ထွက်လာသောမီးခိုးများသည် လေအေးနှင့်တွေ့လျှင်ဖြစ်လာပြီး ၎င်းအရည်ကို ဘင်နီကာ အရည်ဟု ခေါ်ကြောင်း၊ ဘင်နီကာအရည်ကို (၃)လလောက်ထားပြီးလျှင် ရွက်ဖျန်းမြေဩဇာအတွက် အသုံးပြု၍ရကြောင်း သိရှိရပါသည်။

လောင်စာတောင့် ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနည်းစဉ် (Process) ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ယင်းတို့မှာ -

ထုတ်လုပ်မှုအဆင့်အကြမ်းဖျင်း- (၆)ဆင့်

(၁) ကုန်ကြမ်းများအချိုးကျထည့်၍ လှောင်ကန် Hopper သို့ ပို့ခြင်း


(၂) Hopper မှ ကုန်ကြမ်းများကို Cyclone တွင် လေပူမှုတ်ဖြတ်သန်းစေကာ ကုန်ကြမ်းအတွင်းမှ ရေခိုးရေငွေ့များကို ထုတ်ပစ်ခြင်း

(၃) ကုန်ကြမ်းများ Cyclone မှ ကုန်ကြမ်းဖြန့်ယူစနစ်သို့ ရောက်ရှိဖြန့်ဝေခြင်း

(၄) ဖြန့်ဝေသောကုန်ကြမ်းများအား ScrewPress+Heating Coil တို့ဖြင့် Product (အစိမ်းတောင့်)ထုတ်လုပ်ခြင်း

(၅) အစိမ်းတောင့်များအား ပေါင်းဖိုဖြင့်ပြီး မီးသွေးထုတ်လုပ်ခြင်း

(၆) ထုတ်ပိုးခြင်းတို့ဖြစ်ပါသည်။



PROCESS FLOW CHART

လောင်စာတောင့် ထုတ်လုပ်သည့် အသေးစိတ်ထုတ်လုပ်မှု အဆင့်ဆင့်မှာ -

**အဆင့်(၁)** ကုန်ကြမ်းများကိုအချိုးကျထည့်၍လှောင်ကန် Hopper သို့ပို့ခြင်း၊ စပါးခွံနှင့် လွှစာမှုန့်ကို အချိုးဖြင့် Convoyer Line သို့ထည့်ပေးကာ Conveyor က သယ်ဆောင်မှုကြောင့် လှောင်ကန် Hopper သို့ ရောနှောပြီးကုန်ကြမ်းများ ရောက်ရှိမည်။

**အဆင့်(၂)** Hopper မှကုန်ကြမ်းများကို Cyclone တွင် လေပူမှုတ်ဖြတ်သန်းစေကာ ကုန်ကြမ်း များမှ ရေခိုးရေငွေ့များကို ထုတ်ပစ်ခြင်း၊ မီးဖိုတစ်ခုမှထွက်လာသော အပူများကို Blower ဖြင့်မှုတ်ပြီး အမြင့်ပိုင်း Hopperမှ ကျလာသော ကုန်ကြမ်းများကို အပူပေးခြင်း၊ ဖြန့်ခြင်းတို့ကို Cyclone အတွင်းဖြစ်ပေါ် စေခြင်းဖြင့် ကုန်ကြမ်းများ အတွင်းမှ ရေခိုးရေငွေ့ Moisture များ ထုတ်ပစ်ခြင်း ဖြစ်ပါသည်။

**အဆင့်(၃)** ကုန်ကြမ်းများ Cycloner မှကုန်ကြမ်းဖြန့်ဝေယူစနစ်သို့ ရောက်ရှိလာသော ကုန်ကြမ်းများအား ကုန်ကြမ်းဝေဇလား(ယူနစ်) မှ ScrewConveyor များက ScrewPress များသို့ပေးပို့ခြင်းဖြစ်ပါသည်။

**အဆင့်(၄)** ဖြန့်ဝေသောကုန်ကြမ်းများအား Screw Press+Heating Coilတို့ဖြင့် Semi-Product(အစိမ်းတောင့်) ထုတ်လုပ်ခြင်း၊ Screw press များ၏ Outlet တွင် Heating Coil တပ်ဆင်ထားသော လွန်လိမ်စက်(၅)ခုမှ ကုန်ကြမ်းများအား ဖိသိပ်အပူပေးခြင်းဖြင့် Semi-Product ဖြစ်သော လောင်စာတောင့် (အစိမ်းတောင့်များ)အား ဆန်ကာ Conveyor သယ်ယူစုဆောင်းပေးပါသည်။

**အဆင့်(၅)** အစိမ်းတောင့်များအား ပေါင်းဖိုဖြင့် မီးသွေးထုတ်လုပ်ခြင်း၊ ရရှိလာသော အစိမ်းတောင့်များအား အဝိုင်းပုံသံခြင်းကြားများတွင် ထည့်ခြင်း၊ ခြင်း၊ သုံးစုထပ်အားပေါင်းအိုးတွင်ထည့်ပြီး ပေါင်းအိုးအား ပေါင်းဖိုတွင်ထည့်ကာ အစိမ်းတောင့်အကျိုးအပဲ့များ ကိုလောင်စာအဖြစ်အသုံးပြုပြီး မီးထိုးပါသည်။ 300°C ထိ ရောက်အောင် တဖြည်းဖြည်းအပူပေးရပြီး ၁၂ နာရီကြာပေါင်းဖို (၃)လုံးဖြင့်ဆောင်ရွက်နေပြီး ၎င်းဖိုသုံးလုံးတွင် အစိမ်းတောင့် သုံး ဒသမ ၆ ဆံ့ကာ ကုန်ချောမီးသွေး တစ် ဒသမ ၂ တန် ထွက်ရှိကြောင်း သိရှိရပါသည်။

**အဆင့်(၆)** ထုပ်ပိုးခြင်းတွင် မီးသွေးတောင့်များကို စက္ကူဂျပ်ဖာ(နို့ဆီဂျပ်ဖာဆိုဒ်လောက်ရှိ) ထဲတွင် 10Kg စီထည့်၍ ထုပ်ပိုးခြင်းဖြစ်ပါသည်။

နည်းပညာလိုအပ်ချက်များမှာ-

ScrewPressများတွင်ရှိသော အရှည်တစ်တောင့်ခန့်ရှိသော Screw(လွန်)မှာ စပါးခွံများကြောင့် အလွယ်တကူ ပွန်းစားလွယ်ပြီး (၈)နာရီသာခံကြောင်း သိရှိရပါသည်။ သံစိမ်းအရည်ကျိုလွန် တစ်ချောင်းမှာ ကျပ် ၈၅၀၀ မှ ကျပ် ၁၀၀၀၀ ဈေးပေးဝယ်ယူနေရကြောင်း၊ ဂျပန်လွန်တစ်ချောင်း ကျပ် ၃၀၀၀၀၀ ဈေးရှိပြီး နာရီ ၂၀၀၀ အသုံးခံမည်ဖြစ်ကြောင်း၊ သဲဖိုများတွင် ပုံလောင်းရသော သံစိမ်းအရည်ကျိုလွန်များအား သပ်ရပ်တိကျမှုရှိအောင် ပြန်လည်ပြုပြင်နေရသဖြင့် အချိန်ကုန်ကြောင်း၊ ပွန်းစားသွားသော လွန်များကိုလည်း ပြန်လည်ဖို့သ အမာတင်သည့်နည်းပညာများလိုအပ်ပါကြောင်း၊ သဲဖိုများမှာ ပဲ့ကျတတ်သဖြင့် သိပ်မသပ်ရပ်တတ်ကြောင်း၊ သဲဖိုများအစား အဆင့်မြင့်ဖိုများဖြင့် ပုံလောင်းထုတ်လုပ်ထားသောလွန်များ ပြည်တွင်းဝယ်ယူရရှိပါက ကုန်ကျစရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများအား ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တွေ့ကြုံသည့်အခက်အခဲများမှာ-

စပါးခွံလောင်စာတောင့် စက်ရုံလုပ်ငန်းရှင်အနေဖြင့် ဂျပန်နိုင်ငံသို့တင်ပို့ရန် ကုန်ပစ္စည်းတင်ရန်သင်္ဘောမှာ ရက်တစ်ပတ်သာကြိုတင်သိရှိရပြီး ကွန်တိန်နာတစ်လုံး ၂၀ တန်ကို စစ်ကိုင်းမှ ရန်ကုန်သို့ ကားဖြင့်သယ်ယူပြီး စင်ကာပူမှတစ်ဆင့် ဂျပန်သို့ပို့ရကြောင်း၊ အချို့အခါများတွင် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် အချိန်ကြန့်ကြာပါက သင်္ဘောမှာမမီ၍ ပစ္စည်းများကို ဂိုဒေါင်ငှား၍သိုလှောင်ထားရခြင်းကြောင့် ဂိုဒေါင်ငှားခ၊ အလုပ်သမား တင်/ချခများ ပိုမိုကုန်ကျပါကြောင်း၊ သို့ပါ၍ပို့ကုန်လိုင်စင်လျှောက်ရာတွင် လျင်မြန်စွာရရှိပါက မိမိတို့လုပ်ငန်း ရှင်များ အဆင်ပြေပြီး ပြည်တွင်းလည်ပတ်မှုသာမက ပြည်ပပို့ကုန်မှ နိုင်ငံတော်အတွက် GDP တိုးတက်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ပါ၍ စပါးခွံလောင်စာတောင့်အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်း ရောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ခြင်းနှင့် ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိနိုင်သော စစ်ကိုင်းမြို့နယ်မှ ထုတ်လုပ်သော စပါးခွံလောင်စာတောင့် အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၂ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Moldova နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း လာအို၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ အီဂျစ်၊ ကူဝိတ်၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ တူရကီနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများ အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ ဂျပန်၊ ထိုင်ဝမ်၊ ရုရှား၊ ပီရူး၊ ဘရာဇီး၊ ဆွစ်ဇာလန်နှင့် ကင်ညာ စသည့်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် သုည ဒသမ ၅၀ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၅၀ရာခိုင်နှုန်း တို့အသီးသီး ဈေးနှုန်းများမြင့်တက်ခဲ့ကာ၊ အင်ဒိုနီးရှားနိုင်ငံတွင် ၅ ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်အာဆီယံနှစ်နိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် လာအို၊ မလေးရှား၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ ကနေဒါ၊ အီဂျစ်၊ ကူဝိတ်၊ ပီရူး၊ ကာတာ၊ ရုရှား၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်နှင့် တူရကီစသည့်နိုင်ငံများ အပါအဝင် ၅၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ ဘရာဇီး၊ ယူကရိန်း၊ နယူးဇီလန်၊ ဆွီဒင်နှင့် ကင်ညာ စသည့်နိုင်ငံတို့အပါအဝင် ၁၂ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် ၆ ဒသမ ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းတို့ အသီးသီး ဈေးနှုန်းများ မြင့်တက်ခဲ့ကာ အင်ဒိုနီးရှားနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံသုံးနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် International Rice Market Website တွင်ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်း ကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၇ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၃ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့် မထ ၅ မှတ်၊ ဧည့်မထ ၂၅ မှတ်နှင့် ပေါင်းဆန် အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းသွားကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ်ဆန်နှင့် ပေါင်းဆန် အမျိုးအစားများမှာ ဈေးအနည်းငယ် ကျဆင်းသွားကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ် ဆန် ဈေးနှုန်းမှာတည်ငြိမ်လျက်ရှိပြီး ဧည့်မထ ၂၅ မှတ်ဆန်အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅မှတ်ဆန်ဈေးနှုန်းမှာ အနည်းငယ် ကျဆင်းသွားပြီး ဧည့်မထ ၂၅ မှတ်ဆန်အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ်တက်သွားကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းအစိုးရအဖွဲ့မှ ၂၀၁၉ ခုနှစ်အတွက် ဆန်စပါးအာမခံ ဥပဒေကို အတည်ပြုခဲ့ကြောင်း စိုက်ပျိုးမြေရိုင် (ဧက)သန်း ၃၀ အတွက် ဘတ်ငွေ ၁ ဒသမ ၇၄ ဘီလီယံရရှိမည်ဟု ခန့်မှန်းခဲ့သည်။ ဤဥပဒေအား စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများဘဏ် (BAAC)က လုပ်ဆောင်ခြင်းဖြစ်သည်။ ဤအာမခံစနစ်တွင် အကြောင်းအရာ ခြောက်ခု အကျုံးဝင်သည်။ ထိုအချက်များမှာ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ အအေးလွန်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မီးလောင်ခြင်းစသည့်အကြောင်းများကြောင့် ဆန်စပါးများပျက်စီးမှုကို လျော်ကြေးပေးသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား တာဝန်ခံဆောင်ရွက်လျက်ရှိသော ဒုတိယဝန်ကြီးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ် နတ်သ်ပရွှန်ချာတူဆရီပီတက်က ပြောကြားရာတွင် ဤ စီမံကိန်းကို ဧပြီလမှ စတင်မည်ဖြစ်ကြောင်း၊ ဤဥပဒေအရ တစ်ရိုင်(ဧက)လျှင်ဘတ်ငွေ ၈၅ ဘတ်စီ အာမခံပေးသွင်းရမည်ဖြစ်ကြောင်း အဆိုပါအာမခံကြေးတွင် ၅၁ ဘတ် ကို အစိုးရမှ စိုက်ပေးပြီး လယ်သမားများမှ အမှန်တကယ် ၃၄ ဘတ်သာပေးရမည်ဟုဆိုသည်။ ဖေဖော်ဝါရီ ၁၈ ရက် ဝန်ကြီးအဖွဲ့အစည်းအဝေး၏ ၂၀၁၈ ခုနှစ်၊ ဆန်စပါးအာမခံ ဥပဒေမှာ အောင်မြင်သည်ဟု ဆုံးဖြတ်ခဲ့ကြ သည်။ စိုက်ပျိုးမြေရိုင်(ဧက) ၂၇ သန်း ရှိခဲ့ပြီး လယ်သမား ၁ ဒသမ ၉၂ သန်းက အာမခံထားခဲ့ကြသည်။ ၂၀၁၈ သီးနှံ စိုက်ပျိုးရာသီအတွက်ဖြစ်သည်။ ဥပဒေ၏ရည်မှန်းချက် ၈၂ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု ဆိုသည်။

ပြည်တွင်းဆန်ဈေးကွက်အခြေအနေဖြင့် တရုတ်သို့မြန်မာ့ဆန်နှင့် ဆန်ကွဲတင်ပို့ရာတွင် ယခင်နည်းလမ်းအတိုင်း တင်ပို့ရန်မဖြစ်နိုင်တော့ဘဲ တရားဝင်အခွန်ဆောင်၍သာ တင်ပို့ရတော့မည် ဖြစ်ကြောင်း၊ တရုတ်အစိုးရက တရားမဝင်ကုန်သွယ်ရေးကို ထိန်းချုပ်လိုသည့် သဘောဖြင့် မူဆယ်မှဝယ်ယူသည့် ဆန်အပါအဝင် လယ်ယာထွက်ကုန်တချို့ကို ဝယ်ယူမှု ရပ်နားထားသည်မှာ ခြောက်လကျော်ကြာမြင့်နေပြီဖြစ်သလို လက်ရှိမြန်မာမှ တင်သွင်းနေမှုကိုလည်း ပါမစ်ကြေးဖြင့် အခွန်အတိအကျဆောင်၍သာ တင်သွင်းခွင့်ပေးထားခြင်းကြောင့် အနည်းငယ်သာ တင်ပို့နိုင်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာ-တရုတ်ကုန်သွယ်မှုတွင် ဆန်နှင့်ဆန်ကွဲကို တရားဝင် တင်ပို့မှုပုံစံဖြင့် ဆောင်ရွက်ရမည့် အနေအထားရှိနေခြင်းကြောင့် ကိုတာစနစ်ဖြင့် တန်ချိန် ပမာဏများစွာပေးရေး မြန်မာဘက်မှ အဆိုပြုထားကြောင်း သိရသည်။

တရုတ်နိုင်ငံဘက်သို့ ဆန်စပါးတင်ပို့ရာတွင် ယူနန်ပြည်နယ်၏ AQSIQ မှ ပညာရှင်များ နှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ထားကြောင်း၊ ၎င်းအပြင် တရုတ်နိုင်ငံမှတာဝန်ရှိသူများ တွေ့ဆုံရာတွင် တရုတ်နိုင်ငံသို့ဆန်တန်ချိန် လေးသိန်း တင်ပို့နိုင်ရေး တောင်းဆိုထားကြောင်း သိရသည်။

လက်ရှိတွင် တရုတ်အပါအဝင် အခြားသောဈေးကွက်ရှိနိုင်ငံများသို့ တင်ပို့နိုင်မှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းနေပြီး ယခုဘဏ္ဍာနှစ် ဆန်တင်ပို့မှု အလားအလာမှာ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့်ထိ ကျဆင်းနိုင်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်တို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကို အလေးထားဆောင်ရွက်ရာတွင် နယ်စပ်နေပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံကုန်သည်လုပ် ငန်းရှင်များအကြား ကုန်စည်များတိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးထားကြောင်း သိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် ၃ဒသမ ၅ သန်းတင်ပို့ နိုင်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော် ရရှိခဲ့သည်။ ထိုပမာဏအတိုင်း ပြည်ပသို့ဆန်တင်ပို့နိုင်မှုသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း တင်ပို့မှုအများဆုံးစံချိန် တစ်ခုလည်းဖြစ်ခဲ့သည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၅,၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်မြင့်တက်သွားကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၀ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၆ | ၀.၈၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၂ | ၁.၂၆ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၇ | ၀.၇၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၂ | ၀.၈၃ |
| ၉ | လာအို | လီတာ | ၁.၁၆ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီ ၁ လီတာ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၀ ဒေါ်လာနှုန်းဖြင့် ၁၅ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီ ဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၆ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီ ဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၄ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၁ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်လ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၅ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၃ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | ဟောင်ကောင် | လီတာ | ၁.၇၈ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၆ |

## ကြယ်စင်(တန့်ဆည်မြေ)


Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၅.၂.၂၀၁၉ | စည် | ၅၄.၄၁ |
| ၂ | ၁၈..၂.၂၀၁၉ | စည် | ၅၅.၅၉ |
| ၃ | ၁၉.၂.၂၀၁၉ | စည် | ၅၆.၀၉ |
| ၄ | ၂၀.၂.၂၀၁၉ | စည် | ၅၆.၉၂ |
| ၅ | ၂၁.၂.၂၀၁၉ | စည် | ၅၆.၉၆ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၁၅ ရှိရာမှ ဖေဖော်ဝါရီ ၂၀ ရက်တွင် တစ်အောင် စလျှင် ၁၃၄၅ ဒေါ်လာသို့မြင့်တက်ခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် လည်း ရွှေဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဆက်လက်မြင့်တက်လျက်ရှိကာ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၇၆၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ရာမှ ဖေဖော်ဝါရီလ တတိယပတ်တွင် ၁၀၈၇၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဆက်တိုက်မြင့်တက်နေသော ရွှေဈေးနှုန်းများသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ၁၆ ပဲရည် တစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းရှစ်သောင်းကျော်သို့ ရောက်ရှိကြောင်း၊ ထိုသို့ရွှေဈေးနှုန်းများမြင့်တက်နေသော်လည်း ပြည်တွင်းရွှေအရောင်းအဝယ်မှာ ပုံမှန်ပင်ရှိပြီး ဈေးနှုန်းကိုမူ ခန့်မှန်းရခက်ခဲနေကာ ကမ္ဘာ့ရွှေဈေးပေါ်မူတည်၍ ပြောင်းလဲနိုင်ကြောင်း၊ ပြည်တွင်းရွှေဈေးသည် ယခုတစ်လအတွင်း ၁၆ ပဲရည်တစ်ကျပ်သားလျှင် ကျပ်နှစ်သောင်းနီးပါးနှင့် ယခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီ ၁၉ ရက်အထိ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ကျပ် သုံးသောင်းခွဲနီးပါးအထိ မြင့်တက်ကြောင်း ရန်ကုန်မြို့တော်၏ အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။

ထိုသို့ကမ္ဘာ့ရွှေဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေခြင်းကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းလျက်ရှိပြီး ဒေါ်လာဈေးနှုန်းများကျဆင်းနေကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။ လက်ရှိရွှေဘုံသာရွှေဈေးကွက်ရှိ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ၁၀၈၀၂၀၀ ကျပ်၊ ရွှေဆိုင်များတွင် ၁၆ ပဲရည် တစ်ကျပ်သားလျှင် ကျပ် ၁၀၈၀၅၀၀ ရှိပြီး ပြင်ပ ငွေကြေးဈေးကွက်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၇ ကျပ်ဈေးရှိကြောင်း ယင်းဈေးကွက်များအတွင်းမှ သိရသည်။


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ Foreign Agricultural Service (USDA) စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများ ဖြစ်ကြပြီး၊ သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ကြ ပါသည်။ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး သကြားလိုအပ်လျက် ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံသည် သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် ၅ နိုင်ငံမြောက်အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်း ဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် ၆ သန်းခန့်လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 20-Feb-19 | 13.46 cts/lb | 12.90 cts/lb | 363.25 $/T | 16.48 cts/lb |
| 19-Feb-19 | 13.33 cts/lb | 12.85 cts/lb | 362.00 $/T | 16.42 cts/lb |
| 18-Feb-19 | 13.21 cts/lb | 12.82 cts/lb | 360.25 $/T | 16.34 cts/lb |
| 15-Feb-19 | 13.09 cts/lb | 12.80 cts/lb | 356.90 $/T | 16.19 cts/lb |
| 14-Feb-19 | 12.54 cts/lb | 12.76 cts/lb | 344.35 $/T | 15.62 cts/lb |
| 13-Feb-19 | 12.44 cts/lb | 12.78 cts/lb | 346.80 $/T | 15.73 cts/lb |
| 12-Feb-19 | 12.77 cts/lb | 12.83 cts/lb | 334.35 $/T | 15.17 cts/lb |
| 11-Feb-19 | 12.62 cts/lb | 12.85 cts/lb | 332.90 $/T | 15.10 cts/lb |
| 8-Feb-19 | 12.74 cts/lb | 12.88 cts/lb | 339.15 $/T | 15.38 cts/lb |
| 7-Feb-19 | 12.79 cts/lb | 12.91 cts/lb | 341.75 $/T | 15.50 cts/lb |
| 6-Feb-19 | 12.96 cts/lb | 12.92 cts/lb | 346.05 $/T | 15.70 cts/lb |
| 5-Feb-19 | 12.89 cts/lb | 12.94 cts/lb | 345.95 $/T | 15.69 cts/lb |
| 4-Feb-19 | 12.91 cts/lb | 12.97 cts/lb | 345.75 $/T | 15.68 cts/lb |
| 1-Feb-19 | 12.69 cts/lb | 12.97 cts/lb | 343.25 $/T | 15.57 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့်ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ ( White Sugar) တစ်တန်လျှင် ၁-၂-၂၀၁၉ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၂၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၂၀-၂-၂၀၁၉ ) ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၆၃ ဒသမ ၂၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ်အတွင်း တရုတ်နိုင်ငံ တွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၀ဖြစ်ပေါ်ခဲ့ပြီး အမေရိကန် နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၆၆၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန် လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၈၆-၃၉၅၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၃၇-၅၈၉ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်လျက်ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

စာမျက်နှာ ၁၇ သို့

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဖေဖော်ဝါရီ ၁၅ | ဖေဖော်ဝါရီ ၁၈ | ဖေဖော်ဝါရီ ၁၉ | ဖေဖော်ဝါရီ ၂၀ | ဖေဖော်ဝါရီ ၂၁ | ဖေဖော်ဝါရီ ၁၅ | ဖေဖော်ဝါရီ ၁၈ | ဖေဖော်ဝါရီ ၁၉ | ဖေဖော်ဝါရီ ၂၀ | ဖေဖော်ဝါရီ ၂၁ |
| ၁ | မြစ်ကြီးနား | ၃၆၅၀ | ၃၇၃၀ | ၃၇၃၀ | ၃၇၇၀ | ၃၈၂၀ | ၄၂၄၄ | ၄၃၄၇ | ၄၃၄၇ | ၄၃၉၇ | ၄၃၉၇ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၂၅၀ | ၄၂၅၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၉၅၀ | ၄၉၅၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၅၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၅၀ | ၄၃၅၀ |
| ၆ | ဘားအံ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၃၃၇၅ | ၃၃၉၈ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၂၀၈ | ၄၂၃၀ |
| ၇ | မော်လမြိုင် | ၃၇၁၂ | ၃၇၁၂ | ၃၇၃၅ | ၃၇၈၀ | ၃၈၂၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ |
| ၈ | ထားဝယ် | ၃၆၀၀ | ၃၆၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၄၁၁၇ | ၄၁၁၇ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၉ | မြိတ် | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၉၂ | ၄၀၉၂ |
| ၁၁ | ပုသိမ် | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၆၀၀ | ၃၆၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၁၆၀ | ၄၁၆၀ |
| ၁၂ | စစ်တွေ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၅၀၀ | ၃၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၆ | ပခုက္ကူ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၃၅၀ | ၃၃၅၀ |
| ၁၇ | မကွေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၄၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၃၄၀ |
| ၁၈ | ပြည် | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၅၀ | ၄၁၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၉ | ပဲခူး | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၃၂၀ | ၃၃၂၀ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ |
| ၂၀ | ပျဉ်းမနား | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၁ | နေပြည်တော် | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၂ | ကလေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

တစ်လကျော်ကြာတည်ငြိမ်နေသည့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ယခုရက်ပိုင်းအတွင်း အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့သည်။ ရန်ကုန်အထိုင်ဈေးကွက်ရှိစက်သုံးဆီ အရောင်းဆိုင်အများစုတွင် ဖေဖော်ဝါရီ ၁၇ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း- 95 တစ်လီတာလျှင် ကျပ် ၇၉၀၊ ဒီဇယ်တစ်လီတာ လျှင် ၈၈၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်နှုန်းရှိသည်။ စက်သုံးဆီဈေး နှုန်းများ ဇန်နဝါရီ ၁၀ ရက်မှစ၍ အပြောင်းအလဲမရှိဘဲ တည်ငြိမ်နေခဲ့ရာမှ ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဈေးနှုန်းပြောင်းလဲခဲ့ကြောင်း သိရှိရပါသည်။ ခရီးသွားရာသီတွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ တက်လေ့ရှိပြီး ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကလည်း ယခုရက်ပိုင်းအတွင်း အနည်းငယ်ပြန် တက်လာကြောင်း သိရှိရပါသည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန် ပိုင်းမှစ၍ ၂၀၁၉ ဇန်နဝါရီလအထိ ဆက်တိုက်ကျဆင်းခဲ့ပြီးနောက် ယခုအခါ ပြန်လည်ဈေးမြင့်တက်လာခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် Yangon Denko စက်သုံး ဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၀၀၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ကျပ် ၉၁၀၊ အောက်တိန်း 92 တစ် လီတာလျှင်ကျပ် ၇၂၀၊ အောက်တိန်း 95 တစ်လီတာလျှင် ၈၁၅ ကျပ် ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံ များတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံ တွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ကနေဒါနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ပြီး အာဖရိကနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဩစတြေးလျနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းတို့ အသီးသီး ဈေးနှုန်းများကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော လာအို၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ တောင်ကိုရီး ယားနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ပါ တယ်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ်ရှိ အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြင့်မြင့်သန်းက အမှာစကားပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စာသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးဇော်မင်းမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးရာတွင် စားသုံးသူ၏ အခွင့်အရေးများ၊ လုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များ၊ လိုက်နာကျင့်သုံးရမည့် ဥပဒေပိုင်းဆိုင်ရာအချက်များအား သိရှိလိုက်နာစေရေးနှင့် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက်သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် ၂၆-၁၀-၂၀၁၈ ရက်စွဲပါ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး (၆)လပြည့်မြောက်သည့်နေ့တွင် အာဏာသက်ရောက်မည်ဖြစ်ပြီး လိုက်နာမှုမရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပုဒ်မ-၁၉ အရ အရေးယူခံရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် (၁/၂၀၁၉) အမိန့်ကြော်ငြာစာဖြင့် သုံးစွဲပုံ အညွှန်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်း၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မဖြစ်မနေဖော်ပြရမည့် အမှတ်အသားများဖြင့်လည်း ဖော်ပြခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိကုန်ပစ္စည်းနှင့် ကိုက်ညီသည်များ ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အမိန့်ကြော်ငြာ စာများကို တက်ရောက်လာသော လုပ်ငန်းရှင်များအား ဖြန့်ဝေခဲ့ပါတယ်။

အလားတူ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားများကို အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန် မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များတွင်လည်း ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း**
**စားသုံးသူ (မန္တလေး)**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၄၅ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၀ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၅ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ယခုလအတွင်း တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းသကြားများအား အနည်းငယ် စတင်ဝယ်ယူလာပြီဖြစ်သည့်အတွက် ပြည်တွင်း သကြားဈေးနှုန်းများအနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းထံမှ သတင်းရရှိ သည်။ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ယခု ဖေဖော်ဝါရီလအစမှ စတင်ကာ မြန်မာနိုင်ငံမှ သကြားများကို အနည်းငယ် စတင်ဝယ်ယူလာသော်လည်း ပုံမှန်ဝယ်ယူခြင်း ရှိ/ မရှိကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ သိရှိရပါသည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်အတွင်း ယခင်က သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဝန်းကျင်ဈေးမှ ယခုအခါတွင် ကျပ် ၁၁၀၀ ဝန်းကျင်ဈေးသို့ အနည်းငယ် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံမှ ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံဘက်မှ သကြားဝယ်ယူမှုကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစတင်၍ ရပ်ဆိုင်းထားခြင်းမှာ ၅ လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သကြားအပါအဝင် လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ တရားမဝင်မှောင်ခိုကုန်သွယ်မှုအဖြစ် သတ်မှတ် ထားသည့်အတွက် တရုတ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတာဝန်ရှိသူများမှ အဖမ်းအဆီးများ ပြုလုပ်ပါက ပြည်တွင်းသကြားဈေးကွက်ကို နှစ်စဉ် ထိခိုက်လေ့ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြန်မာ့သကြားဈေးကွက်အား အထိခိုက်ဆုံးဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ တောင်ကြီးမြို့နှင့် တောင်ကြီး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်း ဆုံး

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဖေဖော်ဝါရီ ၁၅ | ဖေဖော်ဝါရီ ၁၈ | ဖေဖော်ဝါရီ ၁၉ | ဖေဖော်ဝါရီ ၂၀ | ဖေဖော်ဝါရီ ၂၁ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA-Domestic

ဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေ သော ဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၅ရာခိုင်နှုန်း မြင့်တက်သွားကြောင်း လေ့လာ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ်အတွင်း သကြားဈေးနှုန်းမှာ အတက်အကျ အပြောင်းအလဲများ အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

# မြန်မာ့ပို့ကုန် "ပြောင်း" အား ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် Duty Free Quota Free ဖြင့် တင်ပို့ခွင့်ရရှိနိုင်ရေး

[ သီတာကျော် (နှစ်နိုင်ငံ) ]

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထွက်ရှိတဲ့ မြန်မာ့လယ်ယာထွက်ကုန်အမျိုးမျိုးကို အိမ်နီးချင်းနိုင်ငံတွေကို အဓိကထားတင်ပို့ရောင်းချလျက်ရှိပါတယ်။ ထိုသို့ တင်ပို့ရောင်းချရာမှာတင်ပို့လိုတဲ့နိုင်ငံက တင်ပို့ကုန်ပစ္စည်းတွေအပေါ်မှာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်ပါဆောင်ရွက်မှသာ မိမိတို့ရသင့်ရထိုက်သော အကောက်ခွန်နှုန်းထား လျှော့ပေါ့ခြင်းနှင့် နိုင်ငံအလိုက်ပေးထားသော အခြားအခွင့်အရေးများကို ရရှိမှာဖြစ်ပါတယ်။

ဒါ့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုပိုမိုရရှိစေရန်ဆောင်ရွက်ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲကော်မတီ/ ကော်မရှင်အစည်းအဝေးများ၊ နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးများအား နှစ်စဉ်အလှည့်ကျ ကျင်းပဆောင်ရွက်လျက်ရှိရာ ဒုတိယအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးပူးတွဲ ကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံ မြဝတီမြို့၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၅ ရက်မှ ၆ ရက် အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးတွင် "နှစ်နိုင်ငံအကြား လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး" ကို ခေါင်းစဉ်တစ်ခုအနေနဲ့ အထူးအလေးပေးဆွေးနွေးခဲ့ကြပါတယ်။ ယင်းခေါင်းစဉ်အောက်မှာ ထိုင်းနိုင်ငံအနေနှင့် ၎င်းတို့၏လယ်ယာထွက်ကုန်အချို့ကို Tariff Rate Quota ကျင့်သုံးကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြားထားသည်ကို သိရှိပါသော်လည်း မြန်မာ-ထိုင်း နှစ်နိုင်ငံကြား လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး မြန်မာ့လယ်ယာထွက်ကုန်များ အထူးသဖြင့် ကြက်သွန်နီပျိုးပင်ပေါက် (shallot)၊ ကြက်သွန်နီ (onion)၊ အာလူး၊ ပြောင်း၊ မြေပဲ စသည်တို့ကို Duty Free Quota Free ဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ပြုပါရန် မြန်မာနိုင်ငံဘက်မှ တောင်းဆိုဆွေးနွေးခဲ့ရာ ထိုင်းနိုင်ငံဘက်မှလည်း သဘောတူလက်ခံခဲ့ကြပါတယ်။




ထိုအစည်းအဝေး ဆွေးနွေးချက်အရ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ အထူးသဖြင့် ကြက်သွန်နီပျိုးပင်ပေါက် (shallot)၊ ကြက်သွန်နီ (onion)၊ အာလူး၊ ပြောင်း၊ မြေပဲ စသည်တို့ကို Duty Free Quota Free ဖြင့် ထိုင်းနိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့်ကို နှစ်နိုင်ငံ ဆွေးနွေးသဘောတူပြီးဖြစ်တဲ့အတွက် Duty Free Quota Free နဲ့ ထိုင်းနိုင်ငံသို့ တင်ပို့ခွင့်ရရန်အတွက် ၎င်းတို့နိုင်ငံက WTO နှင့် ASEAN တို့မှာ တင်သွင်းထားတဲ့ Notification များပါအချက်များကို မြန်မာနိုင်ငံအပါအဝင် ကုန်ပစ္စည်းတင်ပို့လိုတဲ့ နိုင်ငံတွေက လိုက်ပါဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ရာ ထိုင်းနိုင်ငံမှ ပြောင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) မှာ တင်သွင်းထားတဲ့ Notification ပါအချက်များကို လေ့လာကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

ထိုင်းနိုင်ငံအနေဖြင့် ပြောင်း (Maize excl. seed) အတွက် H.S Line 100590 ကို Bound Rate (၇၃) ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း၊ Applied Non-MFN (2016) နှုန်းထားများအရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ တင်ပို့လာသည့် ပြောင်းအား မတူညီသောနှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး MFN Rate အဖြစ် ကောက်ခံရန် ကြေညာထားသည့် Tariff Line သုံးလိုင်းအနက် တစ်လိုင်းမှာ ကွဲပြားသည့် အခွန်နှုန်းထားရှိကြောင်းနှင့် ၃၃ ဒသမ ၃၃ ရာခိုင်နှုန်း အကောက်ခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် ထိုကွဲပြားသည့်တစ်လိုင်းကို LDC နိုင်ငံများအား သုညရာခိုင်နှုန်း ပေးထားသည်ဟုယူဆနိုင်ကြောင်း၊ ထိုသုံးလိုင်းအတွက် အမြင့်ဆုံး ကောက်ခံမည့်နှုန်းထားမှာ (၇၃) ရာခိုင်နှုန်းဖြစ်ပြီး အနိမ့်ဆုံးကောက်ခံမည့်နှုန်းမှာ သုညရာခိုင်နှုန်းဖြစ်ကြောင်း ၊ ပြောင်း (Maize excl. seed) အတွက် H.S Line 1005.90 ကို Quota နှင့် Special Safe Guard-SSG ထားရှိရန် ကြေညာထားပါကြောင်း၊ WTO တွင် စေ့စပ်ညှိနှိုင်းစဉ်က ကြေညာထားသည့် Quota တန်ချိန်မှာ ၅၄၇၀၀ တန် ဖြစ်ကြောင်း၊ Import Certificate များကို ထိုင်းနိုင်ငံ၊ Ministry of Commerce၊ Department of Foreign Trade မှ ထုတ်ပေးပြီး

**စာမျက်နှာ ၂၇ သို့**



## မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် စက်သုံးဆီ သိုလှောင်/ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်း

နိုင်ငံတစ်ကာအဆင့်မီ
စက်သုံးဆီများ
သိုလှောင်ဖြန့်ဖြူး
သယ်ပို့ဝန်ဆောင်မှု
အကောင်းဆုံးဖြင့်
ဆောင်ရွက်ပေးလျက်ရှိသည်

MMTM
PETROL STATIONS

# Myat Myittar Mon Co.,Ltd.

အရည်အသွေးပြည့်မီ၊
အချင်အတွယ်ပြည့်ဝ၊
အကောင်းဆုံး
ဝန်ဆောင်မှုနှင့်
ယုံကြည်စိတ်ချစွာ
သုံးစွဲနိုင်ပါသည်။


















(ရုံးချုပ်)
အမှတ်(၃၂-A / D)၊၃၂ရိပ်သာလမ်း၊(၆)ပိုင်ခွဲ၊ပြည်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
☎ :ဝ၁ ၅ဝ၇ဝ၅၆ 📱 :ဝ၉ ၇၈၅ဝဝ၉၇၆၄၊ဝ၉ ၅ဝ၁ဝဝ၄၄။

(ဆိပ်ကမ်းဒေသလိပ်စာ)
အမှတ်(၁၊၂)A၊သီလဝါဆိပ်ကမ်းဒေသ၊ကျောက်တန်းမြို့နယ်၊
ရန်ကုန်တောင်ပိုင်းခရိုင်။ 📱 :ဝ၉ ၅၁၉၃၈၆၅၊ဝ၉ ၇၉ဝ၆၄ ၂၁၇ဝ။

# [illegible] မြင်းခြံ ကိုးသုံးလုံး မဟာသမာဓိ

**(ယခင်တစ်ပတ်မှအဆက်)**

စက်မှုတော်လှန်ရေး၏ ပြောင်းလဲခြင်းသုံးမျိုးမှာ ရေနွေးငွေ့ အင်ဂျင်ပေါ်ပေါက်ခြင်း၊ သိပ္ပံပညာနှင့် mass production ပေါ်ပေါက်ခြင်းနှင့် Digital technology ပြောင်းလဲပေါ်ပေါက်ခြင်းတို့သည် စက်မှုတော်လှန်ရေးသုံးမျိုးဖြစ်ပြီး နောက်ဆုံးစက်မှုတော်လှန်ရေး အဆင့်လေး (Industrial Revolution 4.0) သည် ၂၁ ရာစုတွင် ထွန်းကားလာသော်လည်းအစမှာ ၁၈ ရာစုတွင် စသည်ဟုဆိုကြပါသည်။ အဆင့်လေးသည် စက်ရုပ်များ၊ မှတ်ဉာဏ်အတုများ၊ နာနိုနည်းပညာများ၊ ကွမ်တန်ကွန်ပျူတာစနစ်များ၊ ဘိုင်အိုတက်ကနော်လော်ဂျီများသည် စက်မှုတော်လှန်ရေး အဆင့်လေးဟုခေါ်ဝေါ်ကြောင်း သိရပါသည်။ အဆိုပါအဆင့်သို့ ကမ္ဘာမှဝင်ရောက်နေသကဲ့သို့ အာဆီယံနိုင်ငံများမှလည်း ASEAN Economic Community-AEC ၏ ၂၀၂၅ ခုနှစ် ရည်မှန်းချက်တွင်လည်း အဆိုပါ အဆင့်လေးသို့ရောက်ရမည်ဟု မျှော်မှန်းချက်ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာ အာဆီယံသို့နောက်ကျမှ ဝင်ရောက်ခဲ့သဖြင့် CLMV လေးနိုင်ငံအဖြစ်သိရှိကြပြီး ရှေ့မှနိုင်ငံများ၏ ခြေလှမ်းကိုအမှီလိုက်ရန်လက်တွဲအကောင်အထည် ဖော်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံ သည် CLMV လေးနိုင်ငံတွင် ပါဝင်သော်လည်း ရှေ့မှအာဆီယံနိုင်ငံများကို အမီလိုက်နိုင်သည့်အခြေအနေသို့ရောက်ရှိနေပြီဖြစ်ပါသည်။

## စက်မှုလယ်ယာနှင့်ဂျွန်ဒီးယားထွန်စက်

စက်မှုလယ်ယာ၏အစသည် ထွန်နှင့်တံစဉ်ဟုဆိုနိုင်ပါသည်။ ၁၉ရာစု အစောပိုင်းတွင် အမေရိကန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့၏ လယ်ယာကဏ္ဍအတွက် စက်မှုပစ္စည်းမှာ ထွန်သွားနှင့် တံစဉ်တို့ကို သံထည်ဖြင့် ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ထွန်ထယ်တို့ကို ကျေးရွာများရှိ ပန်းပဲဖိုများမှ ထုတ်လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ ကျေးလက်ပန်းပဲဖိုများသည် မူလအစက မြင်းခွာရိုက်သည့်လုပ်ငန်းမျိုးသာ လုပ်ကိုင်ခဲ့ကြပြီးနောက်ပိုင်းတွင် လယ်ယာကဏ္ဍအတွက် ထွန်ထယ်များကို တီထွင်သူများအဖြစ် ပေါ်ထွက်လာပါသည်။ အဆိုပါတီထွင်သူများတွင် ဂျွန်ဒီးယားဆိုသူလည်း အပါအဝင်ဖြစ်ပါသည်။ ဂျွန်ဒီးယားသည် ၁၈၄၀ ပြည့်နှစ်များတွင် သံထယ်ကို တီထွင်ခဲ့သည်ဟု သိရပါသည်။ အဆိုပါထယ်သွားသည် John Deere ထွန်စက်များ၏အစဖြစ်ပါသည်။ နောက်ပိုင်းတွင် အခြားတီထွင်သူများလည်း အများအပြားပေါ်ထွက်လာပြီး မြင်းနှင့်ဆွဲသည့်ရိတ်သိမ်းစက်တစ်မျိုးလည်း ပေါ်ပေါက်လာပါသည်။ လက်ဖြင့်ရိတ်သိမ်းသည်မှ ရိတ်သိမ်းခြွေလှေ့စက်၏အစဟုဆိုနိုင်ပါသည်။ McCormick သည် ရိတ်သိမ်းစက်ကို ၁၈၄၀ တစ်ဝိုက်တွင် တီထွင်ခဲ့သည်ဟု ဆိုပါသည်။ နောက်ပိုင်း ၂၀ရာစုတွင် လူလုပ်အားကိုသုံးစွဲရမှုသည် စက်မှုလယ်ယာစနစ်ကြောင့် များစွာ လျော့နည်းစေခဲ့ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ယခင် ၁၉ ရာစုအစပိုင်းတွင် လယ်ယာလုပ်သားကို ၇၅ရာခိုင်နှုန်းခန့်သုံးစွဲရာမှ ၂၀ရာစု နှောင်းပိုင်းတွင် ၅ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ဟု ဆိုပါသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ တွင် ၂၀ ရာစုနှောင်းပိုင်းအထိ ၇၅ရာခိုင်နှုန်းအထိ သုံးစွဲနေရသေးကြောင်းဆိုပါသည်။ အဆိုပါ လယ်ယာလုပ်ငန်းများမှာ တိရစ္ဆာန်ဖြင့်ထွန်ယက်ရခြင်းနှင့်လက်ဖြင့် ကိုင်တွယ်ရသောကိရိယာ

**မျိုးသူ (ကုန်သွယ်မြှင့်)**

များဖြင့် သုံးစွဲနေရသေးသည်ဟု ဆိုပါသည်။ တူရကီတွင် ၄၈ ရာခိုင်နှုန်း၊ အိန္ဒိယတွင် ၆၆ ဒသမ ၅ ရာခိုင်နှုန်းအထိ လယ်ယာ လုပ်သားကို သုံးစွဲနေရသေးကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ ၁၉၉၀ ပြည့် အစီရင်ခံစာတွင်ဆိုပါသည်ဟု ဝီကီပီဒီးယားတွင် ဖော်ပြထားပါသည်။

ဂျွန်ဒီးယားသည် မြန်မာနိုင်ငံနှင့် ယခင်ကတည်းက ရင်းနှီးမှုရှိခဲ့ သော်လည်း ယခုနောက်ပိုင်းတွင် Capital Diamond Star Group ၏ ကုမ္ပဏီတစ်ခုမှ တင်သွင်းမှုဖြင့် ပြန်လည်ရင်းနှီး လာသည်ဟု ဆိုနိုင် ပါသည်။ ဂျွန်ဒီးယား၏ရာဇဝင်ကို ကြည့်လျှင် ၁၉၁၈ခုနှစ်တွင် Waterloo Boy ထွန်စက်ကိုဝယ်ယူပြီး ထုတ်လုပ်ခဲ့ကာ အဆိုပါကာလမှစတင်ပြီး ကုမ္ပဏီ၏ အခြေခံထုတ်ကုန်အဖြစ်ဆောင်ရွက်ခဲ့ကြောင်းသိရပါသည်။ ၁၉၆၃ ခုနှစ်ခန့်တွင် ဂျွန်ဒီးယားကုမ္ပဏီသည် ထွန်စက်နှင့် စက်မှုလယ်ယာသုံးကိရိယာများကို ထုတ်လုပ်သူများတွင်ကမ္ဘာတွင် အကြီးဆုံးထုတ်လုပ်သူတစ်ဦး ဖြစ်လာပါသည်။ နှစ်ဆယ်ရာစုတွင် ဂျွန်ဒီးယားကုမ္ပဏီသည် တရုတ်၊ အိန္ဒိယနိုင်ငံများတွင်ပါ သူ၏စက်ရုံများကို တည်ထောင်ကာ အာရှဈေးကွက်အတွက် ထုတ်လုပ်လာပါသည်။ ၂၀၁၂ ခုနှစ်တွင် ဂျွန်ဒီးယားကုမ္ပဏီ၏နှစ်ပေါင်း ၁၇၅နှစ်ပြည့် အခမ်းအနားကို ကျင်းပနိုင်ခဲ့ပါသည်။ ဂျွန်ဒီးယား၏ အဆိုတစ်ခုမှာလည်း လေးစားဖွယ်ရာဖြစ်ကြောင်း တင်ပြလိုပါသည်။ ယင်းမှာ "I will never put my name on a product that does not have in it the best that is in me." သူထုတ်လုပ်သည့် ပစ္စည်းများသည် အကောင်းဆုံးမဟုတ်လျှင် သူ့နာမည်ကို ရေးထိုးမည်မဟုတ်ဟုဆိုထားသည်ကို မှတ်သားရပါသည်။

## မြန်မာနှင့်စက်မှုလယ်ယာ

ကမ္ဘာတွင် စက်မှုတော်လှန်ရေး အသွင်ဖြင့် ပြောင်းလဲမှုများကို ရှင်းပြခဲ့ပြီးဖြစ်သော်လည်း မြန်မာနိုင်ငံသည် ကမ္ဘာနှင့်အချိန်အတော်ကြာ အဆက်ပြတ်ကာ မိမိတို့ဘာသာတည်ဆောက်သည့် ဆိုရှယ်လစ်စီးပွားရေး အခြေခံစက်မှုလယ်ယာပုံစံဖြင့် နှစ်ပေါင်းများစွာ အောင်မြင်မှုများကိုမရရှိဘဲ ရပ်တည်ခဲ့ရသည်ဟု ဆိုချင်ပါသည်။ စက်မှုလယ်ယာဌာနတစ်ခုတည်းရှိသော်လည်း အစိုးရဘတ်ဂျက်အကန့်အသတ်များနှင့် အတိုင်းအတာတစ်ခုအတွင်းသာ အကောင်အထည်ဖော်နိုင်ခဲ့ သည်ဟု တွေ့နေရပါသည်။ တောင်သူများအတွက်လည်း ခေတ်မီလယ်ယာသုံးစက်ကိရိယာများကိုသုံးစွဲပြီး ဆောင်ရွက်လိုသော်လည်း မိရိုးဖလာထွန်ယက်သည့်နည်းစနစ်များဖြင့်သာ ကျင်လည်နေကြရသေးသည်ကို တွေ့မြင်နိုင်ပါသည်။ အထက်တွင် ဖော်ပြသကဲ့သို့ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပင် လယ်ယာလုပ် သားကို ၇၅ ရာခိုင်နှုန်းအထိ သုံးစွဲနေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လုပ်သားများကို လယ်ယာလုပ်ခွင်အစအဆုံး သုံးစွဲနေရသည်ဟုဆိုချင်ပါသည်။ သို့ရာတွင် ယနေ့ခေတ်၌ လုပ်သားရှားပါးလာခြင်း၊ ကျွဲနွားတန်ဖိုး ကြီးမြင့်လာခြင်းများကြောင့် စက်မှုလယ်ယာစနစ်သို့မဖြစ်မနေ တွန်းပို့နေသည်ဟု ဆိုချင်ပါသည်။ လက်တွေ့တွင်လည်း တောင်သူများကိုယ်တိုင်က ကျွဲနွားနှင့်ထွန်ယက်ရခြင်း၊ လက်ဖြင့် ရိတ်သိမ်းရခြင်းတို့သည် အချိန်များစွာပေးရသဖြင့်လည်းကောင်း၊ တန်ဖိုးအားဖြင့်လည်း များစွာကြီးမားသည့် အတွက်လည်းကောင်း၊လယ်ယာသုံးစက်ကိရိယာများသည် မဖြစ်မနေလိုအပ်လာနေသည်ဟု မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်လင်းကဆိုပါသည်။ လေ့လာဆန်းစစ်ချက်များအရလည်း အာဆီယံတွင် ထိုင်းနိုင်ငံထက်လည်းကောင်း၊ ဗီယက်နမ်ထက်လည်းကောင်း ထွန်ယက်ခနှင့် အချိန်ကြန့်ကြာမှုမှာ များစွာမြင့်မားကွာခြားနေသည်ဟုဆိုပါသည်။ တစ်ဧကကုန်ကျစရိတ်တွင် လက်ယာလုပ်သားကျွဲနွားနှင့် စိုက်ပျိုးထုတ်လုပ်ရခြင်းသည် ကုန်ကျစရိတ်ကိုများစွာ မြင့်တက်စေသည်ဟုဆိုပါသည်။ မှန်ပါသည် တစ်ဧကကုန်ကျစရိတ် တစ်နည်းအားဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြေခံဖြစ်ပြီး အဆိုပါကုန်ကျစရိတ်ကို လျှော့ချနိုင်မည့် နည်းလမ်းတွင် အကောင်းဆုံးမှာ လယ်ယာသုံးစက်ကိရိယာများသုံးစွဲပြီး စိုက်ပျိုးခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် လယ်ယာသုံးစက်ကိရိယာများသည် မြန်မာနိုင်ငံရှိပိုင်ဆိုင်မှုနည်းပါးသည့် တောင်သူငယ်များအတွက် အလှမ်းဝေးသကဲ့သို့ရှိနေသည်ကို တွေ့နေရပါသည်။ အဓိကမှာ စက်များကောင်းမှန်းသိကြပါသည်။ တန်ဖိုးကိုလိုက်မမီခြင်းဖြစ်ပါသည်။ ကျွဲနွားတန်ဖိုးပင်မတတ်နိုင်သော တောင်သူများရှိနေပါသည်။ သို့ရာတွင် တစ်ဖက်၌လည်း ကွန်ဘိုင်းဟာဗက်စတာကဲ့သို့သိန်းလေးငါးရာတန်များကို ဝယ်ယူရိတ်သိမ်းနိုင်သူများလည်း ရှိလာပါ သည်။ တောင်သူငယ်များအတွက် စက်မှုလယ်ယာသို့ကူးပြောင်းနိုင် ရေးအတွက် ကွက်လပ်ကျယ်နေပြီး ဖြည့်ဆည်းပေးမည့်သူမရှိသလို ဖြစ်နေကြပါသည်။ စက်မှုလယ်ယာဌာနမှလည်း အများအပြားကူညီနိုင်ခြင်း မရှိသည်ကို တွေ့နေရသည်။ ဆိုလိုသည်မှာ စက်မှုလယ်ယာဌာနသည် ဌာန၏စွမ်းအားရှိသရွေ့သာဆောင်ရွက်နိုင်သဖြင့် လွှမ်းခြုံမှု အားနည်းနေသေးသည့်ကဏ္ဍများလည်း ရှိနေသေးသည်ကို မြင်နိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်း ဆောင်ရွက်မှသာ တိုးတက်မှုမြန်ဆန်နိုင်ပါမည်။ ဝယ်ယူနိုင်သူက ဝယ်ယူပြီး၊ မဝယ်နိုင်သူက စုပေါင်းငှားရမ်းသည့်စနစ်မျိုးဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ အဆိုပါ ကွက်လပ်များကို ဖြည့်ပေးရန် လိုအပ်နေပါသေးသည်။ မြန်မာ့လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာဖြင့် သွားနိုင်မှသာ တိုးတက်မှု လျင်မြန်မည်။ အများသူငါသွားနေသည့် Industrial Revolution 4.0 ကို အများနှင့်အတူ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

## မိုးနည်းခြောက်သွေ့ဒေသ မြင်းခြံ၊ Agrinova နှင့် ကိုးသုံးလုံးမဟာသမာဓိကုမ္ပဏီ

မြင်းခြံခရိုင်သည် မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီးတွင် ရှိပြီး ပူအိုက်ခြောက်သွေ့မှုတွင် မန္တလေးထက်ပင်များသည်ဟုဆိုနိုင်မည်ထင်ပါသည်။ စပါးစိုက်ပျိုးမှုထက် ယာသီးနှံပဲပြောင်း၊ နှမ်း၊ မြေပဲစသည်တို့ကို စိုက်ပျိုးမှုအထူးများပြားသည်ဟု သိရပါသည်။ ရာသီဥတုမှာလည်း မိုးနည်းသည်နှင့်အမျှ တောင်သူများသည် စိုက်ပျိုးရေးကို လုပ်ကိုင်ကြသော်လည်း ဒုတိယဝင်ငွေရသည့် လုပ်ငန်းများဖြစ်သော လက်ယက်ကန်းယက်လုပ်ခြင်း၊ တောင်း၊ ဆန်ကောဆန်ကာယက်လုပ်ခြင်းစသည့် လုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်တတ်ကြပါသည်။ စိုက်ပျိုးရေ မသေချာသကဲ့သို့ကျွဲနွားဖြင့် စိုက်ပျိုးနေရသဖြင့် မိုးရွာချိန်ရေဓာတ်မီစေရန် ထွန်ယက်ရမှုမှာ နောက်ကျနေလေ့ရှိတတ်ပါသည်။ ရာသီပြောင်းလဲမှုမှာ လျင်မြန်လာပြီး လက်ရှိမြန်မာ

**စာမျက်နှာ (၃၁)သို့**



Vol: 19, No.8 Monday February 25 2019



# jrefrmqefyfnwwifyæapm;u(Cnwtaze&;Ë uefx½kvt.Ë tmykfenepnwifÉka&;

[ မောင်လွင်ပြင် ]

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် လေးသန်းတင်ပို့နိုင်လိမ့်မည် ခန့်မှန်းထား၏။ ဆန်တန်ချိန် လေးသန်းတင်ပို့နိုင်ပြီး ဝင်ငွေလည်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိလိမ့်မည် မျှော်မှန်းထားသည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြောဆိုသည်။ မြန်မာနိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စဖြစ်သော ၂၀၁၈ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ဇန်နဝါရီလဆန်းအထိ သုံးလတာအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ၅၉၀၀၀၀ ခန့် တင်ပို့ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သောစာရင်းများက ဖော်ပြထား၏။ သို့သော် လက်ရှိအနေအထားသည် တရုတ်နယ်စပ်ဈေးကွက်နှင့် အီးယူ ဥရောပသမဂ္ဂနိုင်ငံများ ဈေးကွက်၏ အခွန်ကောက်မည်ဆိုသော ရိုက်ခတ်မှုများကြောင့် မြန်မာ့ဆန်တင်ပို့မှုတွင် စိန်ခေါ်မှုများ ရှိနေသည်ဟု ဆန်ကုန်သည်အသင်းများက ဆိုသည်။ ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပဆန်တင်ပို့မှု တန်ချိန် တစ်သန်းကျော်အထိ လျော့ကျနိုင်လိမ့်မည်ဟုလည်း ဆန်ကုန်သည်များ သုံးသပ်နေသည်။

ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပဆန်တင်ပို့မှု ဈေးကွက်သစ်များ ရှာဖွေတိုးချဲ့တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့သည်ဟု သိရ၏။ ယင်းသည် နှစ်ပေါင်း ၅၀ အတွင်း အများဆုံး စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ပြည်ပသို့ဆန်တန်ချိန် ၁ ဒသမ ၇ သန်းကျော် တင်ပို့မှုက ဒေါ်လာသန်း ၅၀၀ ခန့်ရရှိထားသည်။ သို့သော် ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ရှစ်သိန်းကျော်အထိ လျော့ကျခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများက ဖော်ပြနေသည်။ အီးယူ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံက တင်ပို့သော ဆန်လုံးရှည်အမျိုးအစား (၁၆ မီလီမီတာအထက်) ဆန်များအား ဇန်နဝါရီ ၈ ရက်က စတင်ကာ သုံးနှစ်အထိ အခွန်ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့ကြောင့် အရည်အသွေးမြင့် ဈေးကွက်တစ်ခုဖြစ်သည့် အီးယူသို့ မြန်မာ့ဆန်တင်ပို့မှု အထိုက်အလျောက် လျော့ကျသွားမည်ဖြစ်သည်။ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံက အဓိကတင်ပို့နေသော တရုတ်ဈေးကွက်နှင့် အီးယူဈေးကွက်သို့ ဆန်တင်ပို့မှုမှာ ယခင်နှစ်များထက် လျော့ကျလာမည်မှာ သေချာသလောက်ရှိနေ၏။ ထို့ကြောင့် ဈေးကွက်အသစ် တိုးချဲ့ရှာဖွေရန် လိုအပ်နေသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ကျင်းပသည့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က မန္တလေးမြို့၊ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟန်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြား၏။ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ အောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းကိုယ်စားလှယ်များ၊ International Finance Corporation (IFC) ကိုယ်စားလှယ်များ၊ NGO နှင့် INGO များ၊ တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်ကြီးများ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ တက်ရောက်သူစာရင်းကို လေ့လာလျှင် အခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြောင်း သိနိုင်သည်။

ဒုတိယသမ္မတက အမှာစကားပြောရာတွင် တောင်သူ လယ်သမားများ အကျိုးရှိစေမည့် အကျိုးတူကန်ထရိုက် လယ်ယာစနစ် Contract Farming ကိစ္စကို ထည့်သွင်းတိုက်တွန်း ပြောကြားခဲ့ သည်ကိုတွေ့ရ၏။ တောင်သူများအကျိုးရှိနိုင်မည့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ကို တောင်သူများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ စနစ်တကျယုံကြည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ကြရန်




အရေးကြီးသည်ဆို၏။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ တတိယမဏ္ဍိုင်ဖြစ်သည့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၏ ထပ်ဆင့်ရလဒ်သည် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းပါဝင်သော PPP စနစ် ဖြစ်ထွန်း ရေးအားပေးကူညီရန်ပါဝင်ပြီးဖြစ်ကြောင်း၊ ကန်ထရိုက်လယ်ယာ အကောင်အထည်ဖော်ရေး၊ ကန်ထရိုက်လယ်ယာလုပ်ငန်းနှင့် ပတ်သက်သော ပုံစံများ၊ သင်ခန်းစာများ၊ လမ်းညွှန်ချက်များ ဖော်ထုတ်ရေးနှင့် စံသတ်မှတ်ထားသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ရန် ထည့်သွင်းရေးဆွဲ ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဆိုင်ရာ အသင်းအဖွဲ့ များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ကိုယ်စားလှယ်များ တွေ့ဆုံ ပြီး ကန်ထရိုက်လယ်ယာစနစ်ကို သုံးသပ်ဆွေးနွေးပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေး လမ်းညွှန်ချက်များ ထုတ်ပြန်ရေး၊ လွယ်ကူရှင်းလင်းပြီး စနစ်ကျသည့် Standard Operating Procedures အဆင့်မီ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များ ထုတ်ပြန်ခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းသည် နိုင်ငံအတွက် အထူးအရေးပါသည့် စီးပွားရေးဖြစ်သည်။ ပြည်ပတင်ပို့မှုအနေဖြင့် နှစ်စဉ်ကျပ် ဘီလီယံ ၁၀၀၀ ကျော် ဝင်ငွေရှာဖွေပေးနိုင်နေသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၅ သန်း ပြည်ပ တင်ပို့နိုင်ခဲ့သည်။ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုဈေးကွက် တိုးချဲ့နိုင်ရေး အစိုးရချင်း G to G ညှိနှိုင်းပေးမှုများနှင့်ကိုတာ Quota ရရှိရေးကိစ္စရပ်များ ပိုမို မြှင့်တင်ဆောင်ရွက်သွားရမည်ဟုလည်း ဆိုခဲ့သည်။ ထို့ပြင် နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးအရရော ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်ရန် စဉ်ဆက်မပြတ် အားထုတ်ဖို့လည်းလိုမည်။ နိုင်ငံတကာဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန် အရည်အသွေး ထိန်းသိမ်းထားနိုင်မှု၊ Food Safety ပိုင်းဆိုင်ရာ ဂရုစိုက် ဆောင်ရွက်မှု၊ ထုတ်လုပ်သန့်စင်မှုနှင့် ထုပ်ပိုးမှုအပိုင်းတွင် ခေတ်မီဆန်းသစ်မှုများလည်း လိုအပ်မည် စသည်ဖြင့်လည်း တိုက်တွန်းပြောကြားခဲ့သေးသည်။

မြန်မာ့ဆန်တင်ပို့မှုအခြေအနေသည် တရုတ်နှင့်အီးယူ ဈေးကွက်များတွင် တင်ပို့မှုလျော့ကျနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်နေရစဉ် ပြည်တွင်းတွင်လည်း ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အစီအစဉ်များလည်းရှိနေ၏။ ဆန်စပါးလုပ်ငန်းဆိုင်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ၊ SME ချေးငွေရရှိရေး၊ သိုလှောင်ရုံများနှင့် အခြောက်ခံစက်များ၊ ခေတ်မီဆန်စက်များ၊ ဒေသအသီးသီးက တောင်သူများအား ဝန်ဆောင်မှုပေးမည့် လယ်ယာစီးပွားရေး ဝန်ဆောင်မှုစင်တာ(Agro Service Center) များ လုပ်ဆောင်ရေး စသည့်လုပ်ငန်းများကို စနစ်တကျ လျင်လျင် မြန်မြန်ဆောင်ရွက်မည်ဖြစ်သည်ဟု သိရ၏။ ယင်းလုပ်ငန်းများ ဆောင်ရွက်လျှင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြမည်။ အစိုးရသည်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးကူညီမည်။ တန်ဖိုးမြှင့်ထုတ်ကုန် Value-added လုပ်ငန်းများ တွင်လည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာရန် ဆောင်ရွက်သွားမည်။ ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းစပါးခွံ များအလေအလွင့်မရှိစေဘဲ စပါးခွံလောင်စာတောင့် ပြုလုပ်ခြင်း၊ စပါးခွံမှ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းတို့ဖြင့် နိုင်ငံတော် လျှပ်စစ်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းခြင်းများလည်း ဆောင်ရွက်သွားဦးမည်ဟု သိရသည်။

ယခုအခါ စပါးအခြေခံကြမ်းခင်းဈေး တင်း ၁၀၀ ကျပ် ငါးသိန်း သတ်မှတ်ပေးထားပြီးဖြစ်ရာ ယင်းကိုအခြေခံပြီး "ဆန်စပါး ဈေးကွက်နှင့် ဈေးနှုန်းလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့"ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ ယင်းအဖွဲ့က စပါးဈေးများကို လေ့လာ သုံးသပ်နေပြီး စပါးပေါ်ချိန် တောင်သူများ ဈေးနှိမ်မခံရရေး၊ ထိုက်သင့်သော ဈေးနှုန်းရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်နေသည်ဟု သိရပါကြောင်း တင်ပြလိုက်ရပေသည်။

**စာရေးသူ၏ အာဘော်သာဖြစ်သည်။**



## မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/ ၂၀၁၉) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/ ၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ စည်သူခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ စားသုံးသူ ရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်တင်စိုးက ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဖေဖော်ဝါရီလအတွင်း ကျောင်းဈေး၊ ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းပညာပေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရုံးချုပ်၏ အကြောင်းကြားချက်ဖြင့် အင်းစိန်မြို့နယ်နေ စားသုံးသူတစ်ဦးမှ တိုင်ကြားလာသည့် Online မှတစ်ဆင့် ဖုန်းအရစ်ကျရောင်းသည့် May Angle Account ဖြင့် Online Shopping ဆိုင်မှ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၀ ရက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်္ဂလာခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြုစုရေးဆွဲလျက်ရှိသော တိုက်ရိုက်ရောင်းချခြင်းဥပဒေ(မူကြမ်း)အပေါ် အများပြည်သူ သဘောထားဆန္ဒ ရယူဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ Public Consulation Workshop For Direct Selling Law (Draft) ကို ကျင်းပခဲ့သည့်အခြေအနေကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးအေးသောင်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များတွင် သုံးစွဲသည့် ကုန်ပစ္စည်းထက် အစားအသောက်များ ဘေးကင်းရေးကို ဦးစားပေးစေလိုကြောင်း၊ စာသင်ကျောင်း မုန့်ဈေးတန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းစေလိုကြောင်း၊ အခြေခံပညာကျောင်းများ ပိတ်ထားပါက ဈေးများကို ဦးစားပေး၍ ထုတ်ကုန်လုံခြုံမှုရှိစေရေး ဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် အကြံပြုပြောကြားခဲ့ပါသည်။

**နီလာဦး (ရန်ကုန်)**

## ဇေယျာပဒေသာ စေတနာငွေရေးကြေးရေးအဖွဲ့မှ ပဲ၊ ပြောင်း၊ နှမ်း သီးနှံစုံ စိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်)သို့ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်

ကသာမြို့နယ် ပဲ၊ ပြောင်း၊ နှမ်း သီးနှံစုံ စိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်)၏ ပဉ္စမအကြိမ်မြောက် ချေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကသာမြို့နယ်၊ ဒိုးအော့ ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အသင်းသူ/အသင်းသား ၃၃၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ပဲ၊ ပြောင်း၊ နှမ်း သီနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်)ကို စားသုံးသူ ရေးရာဦးစီးဌာနမှ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သူများ ကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက်လည်းကောင်း၊ စိုက်ပျိုးရေးနည်းပညာ အကူအညီရရှိစေရေး၊ မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် ရည်ရွယ်ပြီး ၂၀၁၄ ခုနှစ်မှစ၍ ဇေယျာပဒေသာ စေတနာငွေရေးကြေးရေးအဖွဲ့နှင့် ချေးငွေရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ရာ ယခုဆိုလျှင် ပဉ္စမအကြိမ်မြောက် ချေးငွေ ရရှိခြင်းဖြစ်ပြီး၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်လည်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေးအပ်ပွဲတွင် ဇေယျာပဒေသာငွေရေးကြေးရေးအသင်း နာယက ဦးတင်နေဝင်းက ယခုချေးငွေသည် ပဉ္စမအကြိမ်မြောက်ဖြစ်ပြီး အသင်းသား ၃၃၆ ဦးအား တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၁၀၀၈ သိန်းဖြစ်ကြောင်း၊ ချေးငွေရှိသည့်တောင်သူများအနေနှင့် သီးနှံ စိုက်ပျိုးရာတွင် အကျိုးရှိအောင် သုံးစွဲတတ်ရန်၊ အသင်းကြီးတိုးတက်ပြီး ခိုင်မြဲ တည်တံ့အောင် လုပ်ဆောင်ကြရန်နှင့် အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့် သွင်းအားစုများအပြင် အရင်းအနှီး အကူအညီများပေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

# Sanchaung Food Town ဆိုင်မှ ပြည်သူ့ရင်ပြင်တွင် မြန်မာ့သနပ်ခါးပွဲတော်ကျင်းပ

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ပြည်သူ့ရင်ပြင် Sanchaung Food Town ဆိုင်အနီးတွင် မြန်မာ့သနပ်ခါးပွဲတော်ကို ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၇ ရက်အထိ ၆ ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါသနပ်ခါးပွဲတော်ကို Sanchaung Food Town မှ ကိုအောင်မြင့်မြတ်က စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ မြန်မာ့ယဉ်ကျေးမှုပြယုဂ်တစ်ခုဖြစ်သည့် သနပ်ခါး၏ ကောင်းမွန်သောဂုဏ်ကို မြှင့်တင်ဖော်ထုတ်ရန်၊ မြန်မာ့ရိုးရာ အစဉ်အလာအဖြစ် သုံးစွဲလာခဲ့ကြသော သနပ်ခါးကို မြန်မာမျိုးဆက်သစ် လူငယ်တို့ နှစ်သက်မြတ်နိုးစွာ သုံးစွဲကြစေရန်၊ မြန်မာနှင့် သနပ်ခါးတည်းဟူသော ဒွန်တွဲနေသည့် ရိုးရာယဉ်ကျေးမှု ဂုဏ်ကို မြန်မာပြည်တွင်းသာမက ကမ္ဘာသို့ပါ သိစေရန်၊ သနပ်ခါးကို မြန်မာ့သယံဇာတ တစ်မျိုးသဖွယ် တန်ဖိုးထားနိုင်ရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် စီစဉ် ကျင်းပရခြင်းဖြစ်ကြောင်း ကိုအောင်မြင့်မြတ်မှ ပြောကြားခဲ့သည်။

ထိုသို့ ကျင်းပပေးခြင်းဖြင့် ရန်ကုန်မြို့နေပြည်သူများ၊ ခရီးသွားပြည်သူများ၊ သနပ်ခါးချစ်သူများ စိတ်ပါဝင်စားကြသူများအနေဖြင့် တစ်နေရာတည်းတွင် ဒေသအသီးသီးမှ သနပ်ခါးထွက်ကုန်များကို ဝယ်ယူနိုင်ခြင်းနှင့် လေ့လာကြည့်ရှုနိုင်ခြင်း၊ သနပ်ခါး ခြံစိုက်တောင်သူများ၊ သနပ်ခါးလုပ်ငန်းရှင်များ၊ သနပ်ခါးကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထုတ်လုပ် ရောင်းချသူများအတွက်လည်း ရောင်းအားမြှင့်တင်နိုင်ခြင်းနှင့် ဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ အခြေခံအကျဆုံးဖြစ်သည့် သနပ်ခါးစိုက်ပျိုးသောတောင်သူများ၊ အသင်းအဖွဲ့များလည်း ကိုယ်တိုင်ပါဝင်ခွင့်ရရှိသည့်အတွက် လူမှုစီးပွား ဘဝများဖွံ့ဖြိုးတိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း သိရပါသည်။ သနပ်ခါးပွဲတော်တွင် သနပ်ခါးဆိုင်(၁၁) ဆိုင် အပါအဝင်တိုင်းရင်းသား အစားအသောက် အရောင်းဆိုင်များ၊ တိုင်းရင်းသားရိုးရာ အထည်ဆိုင်များ၊ အလှကုန်ဆိုင်များ စုစုပေါင်း ၅၃ ဆိုင် ပါဝင်ရောင်းချခဲ့ကြောင်း သိရသည်။

ထို့ပြင် ဖျော်ဖြေ ရေး အစီအစဉ်များနှင့် သနပ်ခါးကို ကိုယ်တိုင်လိမ်းခြယ်နိုင်ခြင်း အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရပါသည်။ သနပ်ခါးပွဲတော်သို့ ရွှေဘိုမြို့နယ်၊ ရေစကြိုမြို့နယ်၊ ပခုက္ကူမြို့နယ်၊ အရာတော်မြို့နယ်နှင့် မြိုင်မြို့နယ်တို့မှ မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းများ၊ သနပ်ခါးခြံစိုက်တောင်သူများ၊ သနပ်ခါးကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချသော ကုမ္ပဏီများဖြစ်သည့် ရွှေဘိုမင်းသမီး၊ ဘရဏီ၊ စီထရာ (Citra)၊ Bella ၊ ရွှေသုန္ဒရီ၊ ရွှေပြည်နန်း၊ မြနန္ဒာတို့မှ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇေယျာလင်း(စားသုံး)**

## ရန်ကုန်ကားဈေးကွက်အတွင်း ညာမောင်းကားလေးများသာ အများဆုံးအဝယ်ရှိနေ

ဖေဖော်ဝါရီလကုန်ပိုင်းကာလ ရန်ကုန်မြို့၏ ကားဈေးကွက်အခြေအနေမှာ လဆန်းပိုင်းအခြေအနေများကဲ့သို့ ဘယ်မောင်းပြည်တွင်းတပ်ဆင် ကားလေးများ ဈေးကွက်ရှိနေရာမှ ယခု လက်ရှိတွင် ဈေးကွက်ထဲ အဝယ်ပြန်ရှားကာ သုံးစွဲပြီး ဂျပန်ညာမောင်းကားလေးများသာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်ထဲတွင် အဓိကအားဖြင့် အားထားပြီး အရောင်းအဝယ်လုပ်နေသည်မှာ ဂျပန်ညာမောင်း ကားလေးများဖြစ်သည့် ပရိုဘောက်၊ ဟွန်ဒါဖစ်၊ ဗစ်၊ ဘယ်လ်တာ အစရှိသည့် စီးလွယ်၊ ရောင်းလွယ်ကားလေးများသာဖြစ်ပြီး အင်ဂျင်ပါဝါကြီး အမြင့်ကားဝက်ဂွန်များအနေဖြင့် အာလ်ဖတ်၊ ဗန်းဂတ်၊ ကလူဂျာ အစရှိသည့် သိန်း ၃၀၀ အထက်နှင့် သိန်း ၅၀၀ ဈေးတန်းကြားကားများသာ နယ်ဝယ်လက်အမေးရှိနေကာ ပရာဒို၊ ပါဂျဲရိုး ၂၀၀၀ ခုနှစ် ထုတ်အောက်ကားများမှာ သိန်း ၂၀၀ နှင့် ၃၀၀ ကြား အဝယ်အနည်းငယ်ရှိကြောင်း၊ ထို့ပြင် နွေရာသီကျောင်းပိတ်ရက်ကာလများ ရောက်ခါနီးပြီဖြစ်၍ ဘုရားဖူးခရီးစဉ်နှင့် အခြားသယ်ပို့လုပ်ငန်းသုံးစွဲရန် လိုက်ထရပ်များ၊ ပစ်ကပ်လေးများ အဝယ်လိုက်လာကြောင်း လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုမြင့်ကျော်မှ ပြောသည်။

ယင်းသို့ ဈေးကွက်ထဲတွင် ဂျပန်ညာမောင်းကားလေးများ အဓိကအားဖြင့် နယ်လိုင်စင်ဖြစ်စေကာမူ သိန်း ၂၀၀ ပတ်ချာလည်ကားများ အဝယ်များပြီး မိုဒယ်လ်မြင့် သိန်း ၂၀၀ အထက် ညာမောင်းကားသစ်များလည်း အဝယ်ရှိလာကြောင်း သိရသည်။ လတ်တလောဈေးကွက်သုံးသပ်ချက်အရ ရန်ကုန်ကိုတာခွဲတမ်းသတ်မှတ်ချက်မှာ ကားနှင့်ပတ်သက်သည့် လုပ်ငန်းသမားများ မျှော်လင့်နေကြပြီး ယခုထိစောင့်ဆိုင်းသည့် ကာလကြာမြင့်ပြီး ထပ်မံ မကြားရပြန်သဖြင့် ရန်ကုန်လိုင်စင်နှင့် ကားတင်သွင်းရန် မျှော်လင့်မှု မထားကြဘဲ ဈေးကွက်အတွင်းရှိကားများသာ လိုက်လံဝယ်ယူခြင်း၊ လဲလှယ်ခြင်းများပြုလုပ်လာကြသဖြင့် ဈေးတန်းပြန်မာလာကြောင်း၊ စင်းလုံးချောကားဆိုလျှင် ပိုင်ရှင်မှ မထုတ်ဘဲ ကိုင်ထားသဖြင့် အရောင်းသမားရှားပါးနေကြောင်း၊ ယခုကာလမှ သင်္ကြန်ကာလအထိ မည်သည့်မူဝါဒမှ ထပ်မံ ပေါ်ထွက်မလာဘဲ ယခုအတိုင်းသာဖြစ်မည်ဆိုပါက ပိတ်ရက်ကာလများ၊ ခရီးသွားကာလများနှင့် တိုက်ဆိုင်နေသဖြင့် ညာမောင်းကားလေးများ ရောင်းအားဆက်လက်ရှိနိုင်ကြောင်း သုံးသပ်ပြောကြားသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝှရှ် (၂၀၀၃) | P | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အာလ်ဖတ် (၂၀၀၃) | M | ၃၅၀ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဆွစ် (၂၀၁၁) | L | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ကလူဂျာ (၂၀၀၃) | G | ၃၆၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဘယ်လ်တာ (၂၀၁၀) | H | ၂၀၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | မာဇဒါ ဒီ/ယို (၂၀၁၄) | ယာယီ | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | မတ် (စ်) တူး (၂၀၀၃) | J | ၂၈၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | - | ၁၂၅ သိန်း | |

# ချဉ်ပေါင်ဖာလာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Action Plan တစ်ခုရေးဆွဲဆောင်ရွက်မည်

ချဉ်ပေါင်ဖာလာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် master Plan တစ်ခု ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရပါသည်။ စိုက်ပျိုးရေးနှင့်စပ်လျဉ်းသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာလာစေရန် ပြည်တွင်း၊ ပြည်ပဈေးကွက် ချိတ်ဆက်မှုများ အားကောင်းလာစေရန် ချဉ်ပေါင်ဖာလာကို တရုတ်နိုင်ငံမှ တရားဝင်ဝယ်ယူလာသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါသည်။

ချဉ်ပေါင်ဖာလာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ထိန်သိမ်းသိုလှောင်သည့် နည်းပညာများကို ဝေမျှခြင်း၊ မြန်မာ့ချဉ်ပေါင်ဖာလာကို တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားသို့ နှစ်စဉ် တင်ပို့နေသော်လည်း အရည်အသွေးပိုင်း အားနည်းလာမှုကြောင့် အခြားသောနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရန် ခက်ခဲလာမှုကို သက်ဆိုင်ရာ အစိုးရဌာနများ ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိချဉ်ပေါင်ဖာလာကိုမြန်မာနိုင်ငံ အရှေ့တောင်ခြမ်းမှ ကယန်းဒေသနှင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသတို့တွင် စိုက်ပျိုးမှုများပြီး ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် တောင်တန်းဒေသများတွင် စိုက်ပျိုးကြသည်။ လက်ရှိဈေးကွက်အတွင်း ချဉ်ပေါင်ဖာလာ တစ်ပိဿာလျှင် ပျမ်းမျှ ၁၅၀၀၀ ကျပ်နှင့်အထက် ရရှိနေကြောင်း သိရပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ချဉ်ပေါင်ဖာလာ တန်ချိန် ၃၄၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ သန်းကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၆၀၀ ကျော် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၉ သန်းကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၆၀၀ ကျော် တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၉ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ သန်းကျော် အသီးသီး ရရှိခဲ့ကြောင်း သိရပါသည်။

**ခင်မြနွယ် (MYANTRADE (TIR))**

# Style Fair 2019 ပြပွဲကျင်းပမည်

ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မြှင့်တင်ရေးဌာနမှကြီးမှူး၍ Style Fair 2019 ကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ (Bangkok International Trade Exhibition Center - BITEC) တွင် ၂၀၁၉ ခုနှစ် ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ ၅ ရက်တိုင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

Style Fair 2019 ပြပွဲကြီးကျင်းပမည့် BITEC ၌ နိုင်ငံပေါင်း ၇၀ ကျော်မှ ပြခန်းပေါင်း ၂၃၀၀ ကျော် လာရောက်ပြသနိုင်ပြီး ဧည့်သည် ပေါင်း ၅၂၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။ ထိုပြပွဲကြီးသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များမှ မိမိတို့နှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းများကို သွားရောက်ပြသနိုင်ပြီး နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးဈေးကွက်ချိတ်ဆက်နိုင်မှာဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် ပါဝင်ပြသမည်ဆိုပါက လေယာဉ်ခနှင့် တည်းခိုနေထိုင်စရိတ်ကို ကိုယ်တိုင်ကျခံရမှာဖြစ်ပါကြောင်းနှင့် ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်းနံပါတ် ဝ၆၇-၄၃၀၄၄၆၊ Email-moctradefair@gmail.com သို့ ဆက်သွယ်နိုင်ပါကြောင်း သိရှိရပါသည်။




**နှင်းပန်းဖြူ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် "11th Central China Investment and Trade Expo" ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Jiangxi ပြည်နယ်၊ Nanchang မြို့တွင် "11th Central China Investment and Trade Expo" ကို ၂၀၁၉ ခုနှစ် မေလ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ယခုပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီမှ ခွင့်ပြုချက်ရရှိပြီး ပြည်နယ်အစိုး ခြောက်ခုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှဦးစီး၍ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲတွင် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှုများနှင့် စက်မှုကဏ္ဍပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲကျင်းပရခြင်းမှာ တရုတ် နိုင်ငံအလယ်ပိုင်းနှင့် ကမ္ဘာ့အခြားနိုင်ငံများအကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုပိုင်းကို မြှင့်တင်ပေးရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

ပြပွဲတွင်ပါဝင်ပြသလိုသော လုပ်ငန်းရှင်များအနေဖြင့် ပြပွဲနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို www.expocentralchina.org.cn တွင် ဝင်ရောက် လေ့လာနိုင်ပါကြောင်းနှင့် သိရှိလိုသည်များရှိပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ဝ၆၇-၄၃၀၄၄၇၊ Email-moctradefair@gmail.com ၊ Fax ဝ၆၇-၄၃၀၁၂၈ များသို့ ဆက်သွယ်၍ စုံစမ်း မေးမြန်းနိုင်ပါသည်။

**လင်းလင်းထွန်း(TD)**

# အင်းတော်မြို့နယ်တွင် ခေတ်မီအဆင့်မြင့် ဆန်စက်ကြီးများ တည်ဆောက်မှုများပြားလာ

ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးသည် အဓိကစီးပွားရေးဖြစ်သလို နှစ်စဉ်စပါးပိုလျှံတဲ့ အင်းတော်မြို့နယ်မှာ နှစ်ပေါင်းများစွာက အသုံးပြုလာကြတဲ့ ဆန်စက်ကြီးများ ယခုခေတ်အခါမှာ ဈေးကွက်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ တန်းမြင့်ဆန်အရည်အသွေးမီ ကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် တရုတ်ပြည်လုပ် ၁၈-၂၀ တန်ကျ ဆန်စက်ကြီးများမှစပြီး တန် ၅၀ ကျ ဆန်စက်ကြီးများအထိ တည်ဆောက်လာကြသလို ၎င်းနှင့်တွဲဖက်ပြီး အရောင်ခွဲစက် (Color Sorter ) များပါ ရင်းနှီး တည်ဆောက်လာကြတာ တွေ့ရပါတယ်။

ခေတ်မီ ၅၀ တန်ကျ ဆန်စက်ကြီးနဲ့ အရောင်ရွေးစက် (Color Sorter) ပါတွဲဖက်တည်ဆောက် လုပ်ကိုင်နေတဲ့ မဲဇာကျေးရွာမှ ဦးထွန်းနိုင်က "ဆန်စက်လုပ်ငန်းက မိရိုးဖလာလုပ်ငန်းပါ။ နှစ်အဆက်ဆက်က ၁၅ တန်အောက် ဆန်စက်လုပ်ကိုင်ခဲ့ပါတယ်။ ခေတ်ကာလအရ အဆင့်အတန်းမြင့်စားသုံးမှုပုံစံ ပြောင်းလဲလာမှုနဲ့အတူ ဈေးကွက်က ရွေးချယ်ဝယ်ယူမှုများ ရှိလာတဲ့အတွက် ဆန်စက်ကို ပြောင်းလဲတည်ဆောက်ခဲ့ရခြင်းဖြစ်ပါတယ်။ ကိုယ်ပိုင် စပါး လှောင်ကြိတ်ပြီး တရုတ်ကိုတင်ပို့ပါတယ်။ အခုနောက်ပိုင်းဆန်စက်ပိုင်များ ခေတ်မီဆန်စက်တွေ ပြောင်းလဲတပ်ဆင်လာကြတာ အတော်များပါတယ်။ တစ်မြို့နယ်လုံး ခေတ်မီ တန်းမြင့် ဆန်စက်(၇၀) ကျော်ရှိနိုင်တယ်"လို့ ဆန်စက်လုပ်ငန်းရှင်က ပြောပါတယ်။

ပြိုင်ဆိုင်မှုများတဲ့ဆန်စက်လောကမှာ ခေတ်မီဆန်စက်ကြီးများ တည်ဆောက်လည်ပတ်လာကြသည့် အလျှောက် အဆင့်မမီတော့သည့် ဆန်စက်များရပ်ဆိုင်းလုနီးပါးဖြစ်နေကြောင်း ဆန်စက်လုပ်ငန်းရှင်များထံက သိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |


**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၅-၂-၂၀၁၉ မှ ၃-၃-၂၀၁၉ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** အရာရာကို သမာသမတ်ကျကျ တရားမျှတမှန်ကန်မှုဖြင့်သာ ဆောင်ရွက်လုပ်ကိုင်နေတတ် မည်။ စီးပွားရေးလုပ်ငန်းများတွင် အလှကုန်ပစ္စည်းများ၊ ယာဉ်၊ ကားများ အကျိုးပေးနေတတ်ပါသည်။ ပညာရေးကြိုးစားနေ ရမည်။ အချစ်ရေးတွင် အပေါင်းအသင်းသူငယ်ချင်းများထဲမှ ချစ်မိနေသူရှိလိမ့်မည်။ ကျန်းမာရေးတွင် အစာမကြေ၊ လေရောဂါရစိုက်ပါ။ လေထိုးလေနာ ဖြစ်တတ်သည်။ **ယတြာ။ ။ဂုဏ်တော် ၉ ပါး ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** တစ်ဖက်သားအား ကူညီစောင့်ရှောက်လိုစိတ်ရှိနေမည်။ စီးပွားရေးလုပ်ငန်းတွင် အရည်ရွှမ်းသော အသီးအနှံများ၊ အဖျော်ယမကာလုပ်ငန်း၊ ရွှေ ငွေ၊ ပုလဲ စသည်တို့နှင့် အကျိုးပေးပါသည်။ ပညာရေးတွင် စိုက်ပျိုး ရေး၊ သိပ္ပံ၊ ဘူမိဗေဒပညာများ ကောင်းသည်။ အချစ်ရေးတွင် ကံကောင်းနေတတ် ပါသည်။ ကျန်းမာရေးအနေဖြင့် လည်ချောင်းနာခြင်း၊ ဝမ်းချုပ်တတ်ခြင်း၊ အူကျခြင်း၊ သွေးချုပ်ခြင်း စသော ရောဂါတို့ကို သတိထားသင့်သည်။
**ယတြာ။ ။ သက်ကြီးရွယ်အိုတို့အား ဆေးဝါးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်သင့်လုပ်ထိုက်သောအလုပ်ကိစ္စများ မပြီးမစီးဖြစ်နေမည်။ စီးပွားရေးလုပ်ငန်းတို့တွင် စားသောက်ဆိုင်များ၊ မုန့်လုပ်ငန်းများ အကျိုးရှိနေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် သဝန်တိုစိတ်များရှိနေသောကြောင့် မကြာခဏ စကားပြောအခြေအတင် ရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အအေးမိခြင်း၊ နှာမွန်၊ နှာစေး၊ ဖျားနာခြင်းတို့ သတိထားသင့်ပါသည်။
**ယတြာ။ ။ဆွမ်းသင်္ကြန်နဲ့ ကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးနှင့်ပတ်သက်၍ ပန်းအလှဆင်လုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ မင်္ဂလာဆောင်ခံပွဲများ ပြုပြင်၊ ဆင်ယင်ခြင်းလုပ်ငန်းများမှ ဝင်ငွေအားကောင်းလိမ့်မည်။ ပညာဉာဏ်ထက်မြက်မှုရှိသည်နှင့်အမျှ အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးတွင် မထင်မှတ်သောသူ၏ ချစ်ခွင့်ပန်မှုကို ရရှိလိမ့်မည်။ အိမ်ထောင်ရေး ဒွိဟဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်အရေပြားရောဂါဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။
**ယတြာ။ ။ရေသန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုအားကောင်းနေလိမ့်မည်။ စက်မှုလက်မှုလုပ်ငန်းများ အဆင်ပြေဖြစ်ထွန်းလိမ့်မည်။ အရာရာတွင် ကံကောင်းမှုများကြုံနေရတတ်ပါသည်။ ပညာရေးကံကောင်းပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး မောင်တစ်ထမ်း၊ မယ်တစ်ရွက် ကြိုးစားလုပ်ကိုင်ရတတ်ပါ သည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ သွေးတိုးရောဂါတို့ဖြစ်တတ်ပါသည်။
**ယတြာ။ ။နောက်ဘက်ရှိဘုရားတွင် ဆီမီး ၉ တိုင် ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** အလှအပနှင့် အနုပညာဆန်သော လုပ်ငန်းများ အောင်မြင်မှုရှိနေမည်။ ဥယျာဉ်၊ ခြံ၊ မြေနှင့် ပတ်သက်၍ အကျိုးရှိနေမည်။ ဝင်ငွေထွက်ငွေမျှနေသော ကာလဖြစ်နေတတ်ပါသည်။ ပညာရေးအောင်မြင်မှုရရှိနေလိမ့်မည်။ အချစ်ရေးတွင် မျှော်တလင့်လင့် ဖြစ်နေမည်။ အိမ်ထောင်ရေး သာယာနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါဝေဒနာ ခံစားရလိမ့်မည်။
**ယတြာ။ ။ သင်္ကြားလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများတွင် လက်အောက်ငယ်သားတပည့်များ၏ တွန်းလှန်မှုကိုခံရတတ်သည်။ စက်ပစ္စည်းများနှင့် ပြုလုပ်သော လုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းလိမ့်မည်။ ကားဝပ်ရှော့၊ ကားဘော်ဒီရုံများ လုပ်ကိုင်ပါက အောင်မြင်မှုကို ရရှိလိမ့်မည်။ ပညာရေးတွင် အပျင်းများနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံအကျိုးပေးနှင့်ရှိနေမည်။ ကျန်းမာရေးအနေဖြင့် သွေးချို၊ ဆီးချိုရောဂါများ ဖြစ်တတ်ပါသည်။
**ယတြာ။ ။ကြာပန်းအနီလှူပါ။**

# ကျောင်းကုန်းမြို့နယ်တွင် ပြည်ပဈေးကွက်ဝင် ငါးကြီးအံဖတ်စိုက်ပျိုး

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု မီးသွေးတိုက်ကျေးရွာနေ တောင်သူဦးကျော်အောင်ပိုင် လယ်ဧက(၂၀)တွင် ပြည်ပဈေးကွက်ဝင် ငါးကြီးအံဖတ်ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စတင်စိုက်ပျိုးခဲ့ရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

စတင်စိုက်ပျိုးချိန် ဇွန်လပထမပတ်အတွင်း လယ်မြေကို ထယ်ခွဲတမန်းနှပ်ထားရပြီး ၁၅ ရက်ခန့်အကြာတွင် အလေ့ကျပေါက်သော မြက်များအားပေါင်း သတ်ဆေးဖျန်း၍ မြက်သတ်ရပါသည်။ ခုနစ်ရက်ခန့်အကြာ ငါးကြီးအံဖတ်မျိုးစေ့ကို ကြဲပက် စိုက်ပျိုးရကြောင်း၊ လယ်တစ်ဧကအတွက် မျိုးစေ့နှစ်ပြည်ခန့် လိုအပ်ပြီး အပင်ငယ်လေးများပေါက်လာချိန်ပုလဲ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးဖျန်း၍ရေတင်ပေးရပြီး ရေတင်တိုင်းဓာတ်ဆား၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေးဖျန်းပေးကာ ၂၀ ရက်တစ်ခါရေတင်ပေးရကြောင်း တောင်သူဦးကျော်အောင်က ပြောပါသည်။

စိုက်ပျိုးပြီး ငါးကြီးအံဖတ်များမှာ တစ်တင်းလျှင် ၁၈ ပိဿာခန့်ရှိပြီး တစ်ဧကကို ၁၀ တင်း ဝန်းကျင် ထွက်ရှိကာ မြို့နယ်တွင်းရှိ ကုန်သည်များမှ ဝယ်ယူလျက် ပြည်ပဈေးကွက်အနေဖြင့် အိန္ဒိယနှင့် တရုတ်နိုင်ငံသို့ တင်ပို့သည်ဟု သိရှိရပြီး အလှကုန်လုပ်ငန်းနှင့် ဆေးဖော်စပ်ရာတွင် အသုံးပြုကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အချို့မှာလည်း စိုက်ပျိုးလျက်ရှိပြီး လက်ရှိ ငါးကြီးအံဖက် တစ်ပိဿာ ပေါက်ဈေးမှာ ကျပ် ၄၅၀၀ ဝန်းကျင်ခန့်ရှိကြောင်း တောင်သူဦးကျော်အောင်ထံမှ သိရသည်။

**ဧရာမြေ(ပုသိမ်)**

## မအူပင်မြို့နယ် စစ်ကိုင်းကျေးရွာတွင် နဂါးမောက်သီးအောင်မြင်ဖြစ်ထွန်း



မအူပင်ခရိုင် မအူပင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် ဦးစီးမှူး၊ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် စစ်ကိုင်းကျေးရွာတွင် နဂါးမောက်သီး စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကွင်းဆင်းလေ့လာခဲ့သည်။

မအူပင်မြို့နယ် စစ်ကိုင်းကျေးရွာတွင် တောင်သူဦးညွန့်ဝင်း၏ တိုက်ကြီးမြို့နယ်မှ နဂါးမောက်ပျိုးပင် တစ်ပင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးထားရှိပြီး နှစ်နှစ်အကြာတွင် စတင်၍ သီးခဲ့ကြောင်းနှင့် ( မေလမှ အောက်တိုဘာလအထိ) ခူးဆွတ်ရပြီး နှစ်ရှည် စိုက်ပျိုးရသောသီးနှံဖြစ်ကြောင်း၊ ဈေးကွက်ဝင်သီးနှံဖြစ်ကြောင်း တောင်သူဦးညွန့်ဝင်း၏ပြောပြချက်အရ သိရှိရပါသည်။

တောင်သူဦးညွန့်ဝင်း၏ သုံးဧကခန့် စိုက်ပျိုးထားသောနဂါးမောက်ပင်များမှ နဂါးမောက်သီးများကို (မေလတွင် စတင်သီးပြီး) ဈေးကွက်ဝင်သီးနှံအဖြစ် ခူးဆွတ်ကာ ရန်ကုန်သီရိမင်္ဂလာဈေးကွက်သို့ တစ်လုံးလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဈေးကွက်ရရှိနေကြောင်း သိရှိရသည်။ မအူပင်မြို့နယ်ရှိ နုန်း၊ သဲ မြေဆန်သော နေရာများတွင် စိုက်ပျိုးသင့်ကြောင်း တောင်သူ၏ ပြောကြားချက်အရ သိရှိရပါသည်။ **Consumer MT**

# နယ်လှည့်ကွမ်းသီးအဝယ်များခြင်းကြောင့် မိသားစုများဝင်ငွေရ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှာ ကွမ်းသီးကိုယာခင်းများ၌ စိုက်ပျိုးမှုမရှိပေမယ့် အိမ်ဝင်းများ၊ ရုံးဝင်းများမှာ ခြံစည်းရိုးပတ်လည် စိုက်ပျိုးထားကြပါတယ်။ ဖေဖော်ဝါရီနဲ့ မတ်လ ကွမ်းသီးမှည့်ချိန်တွင် ရွှေဘိုနှင့် စစ်ကိုင်းမှ ကွမ်းသီးဝယ်သူများလာရောက်လေ့ရှိပြီး၊ ကွမ်းသီးတစ်လုံးကိုရောရာ ၃ ကျပ်နဲ့ ပေးဝယ်တဲ့အတွက် မိသားစုများဝင်ငွေရရှိကြကြောင်း သိရပါတယ်။

ကွမ်းသီးတစ်ပင်ကိုအလုံး ၇၀ မှ ၁၀၀ ကြား သီးတဲ့အတွက် ကျပ် ၂၁၀၀ မှ ကျပ် ၃၀၀၀ အထိ ရရှိပါတယ်။ အိမ်ဝင်းပတ်လည်ကွမ်းသီးပင် ၅၀ စိုက်ပျိုးထားတဲ့ ဦးချစ်ဆွေက "ပထမအိမ်ဝင်းအလှစိုက်ပျိုးထားတာပါ။ အရွယ်ရောက်လာတော့ အသီးသီးပြီးဝင်ငွေရတော့ အိမ်ဝင်းလည်းလှ ဝင်ငွေလည်းရတဲ့အတွက် အဆင်ပြေတယ်။ ဒီနှစ် ကွမ်းသီးရောင်းရငွေ ၁၂၅၀၀၀ ကျပ်ရတယ်။ ကွမ်းသီးပင်က စိုက်ပျိုးရတာ လွယ်ကူတယ်။ ဒေသနဲ့လည်းကိုက်ညီတဲ့အတွက် စိုက်ပျိုးသင့်တယ်"လို့ ပြောပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးနယ်စပ်ကုန်သွယ်ရေး၏ ပို့ကုန်အများဆုံး ၁၀ မျိုးထဲမှာ ကွမ်းသီးပါဝင်တဲ့အတွက် စိုက်သလောက်အကျိုးရှိ၊ မိသားစုဝင်ငွေ၊ တိုင်းပြည်ဝင်ငွေလည်းရရှိတဲ့ ကွမ်းသီးကို ဧကအလိုက် စနစ်တကျစိုက်ပျိုးသင့်ကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

## လယ်ယာလုပ်ငန်းအပြင် ဒုတိယဝင်ငွေရသည့် ဘုတလင်မြို့နယ်၊ ဆုံကုန်းကျေးရွာပလတ်စတစ်ခြင်းလုပ်ငန်း

ဘုတလင်မြို့နယ်၊ ဆုံကုန်းကျေးရွာတွင် ဒေသထွက်ကုန်တစ်မျိုးဖြစ်သော ပလတ်စတစ်ခြင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းအပြင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းဖြစ်ပြီး အလုပ်ခွင်မပျက်ဆောင်ရွက်နိုင်သော တစ်ဖက်တစ်လမ်းမှ ဒုတိယဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်ပြီး ဆုံကုန်းကျေးရွာတွင် လုပ်ကိုင်ထုတ်လုပ်မှု များပြားခြင်းတို့ကြောင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) အသွင် တစ်ခုဖြစ်ပါသည်။ ကုန်ကြမ်း ပလတ်စတစ်ကြိုးခွေတစ်ပေါင်လျှင် ကျပ် ၃၂၀၀၀ ဈေးဖြင့် မန္တလေးမှဝယ်ယူရကြောင်း၊ ခြင်းတစ်လုံးရရန်အတွက် အကွက်ဖော်၊ အပွင့်ထိုး၊ ခြင်းချုပ်၊ ခြင်းအနားကွပ်၊ ခြင်းကိုင်းတပ် အဆင့်(၅) ဆင့်ဖြင့် ရက်လုပ်ရကြောင်း ဆုံကုန်းကျေးရွာပလတ်စတစ်ခြင်းလုပ်ငန်းရှင်က ပြောကြားပါသည်။ လူကြိုက်များလာသည်နှင့် အမျှ ရက်လုပ်သူများလည်း ပေါ်များ လာပြီး အဖုံးပါသည့် သော့ခတ်ရသည့် ခြင်း၊ အပေါက်လေးများဒီဇိုင်းဖြင့် ဆရာမခြင်း၊ အပိတ်ခြင်းအသေး၊ ပစ္စည်းထည့်ခြင်းအကြီး စသည်ဖြင့် ဒီဇိုင်းများ ဆန်းသစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခြင်းအရွယ်အစားပေါ် မူတည်၍ ခြင်းတစ်လုံးလျှင် ကျပ် ၃၀၀၀ မှ ၇၀၀၀ ဖြင့် လက်လီ/လက်ကား ရောင်းချကြောင်း၊ ခြင်းများကိုမုံရွာ၊ တမူး၊ ကလေးမြို့များသို့ ဖောက်သည် ပေးရောင်းချကြောင်း သိရှိရပါသည်။

**ကျော့ကျော့ခိုင် (ဘုတလင်)**

# နှမ်းသီးနှံကို GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင် သတိပြုစေချင်

‘နှမ်းနက် (စမုံ) သည် ပြည်ပဈေးကွက်တွင် ဈေးကောင်းရသဖြင့် မကွေးတိုင်း ဒေသကြီးတွင် နှမ်းနက် (စမုံ) ကို ဧက ၁၀၀၀၀ GAP စနစ်ဖြင့် စိုက်ပျိုးမည်’ဟူသော သတင်းတစ်ပုဒ်ကို စာစောင်များတွင် ဖတ်လိုက်ရပါတယ်။ ဒီသတင်းကို ဖတ်လိုက်ရတော့ စာရေးသူ စိုက်ပျိုးရေးပညာရှင်ပီပီ ရင်ထဲခံစားချက်နှစ်ခု ရိုက်ခတ်ခံလိုက်ရပါတယ်။

ပထမ တစ်ချက်ကတော့ ဒို့နိုင်ငံတော်တော်တိုးတက်လာပြီ၊ GAP စနစ်နဲ့တောင် နှမ်းနက် (စမုံ) ကို ဧက ၁၀၀၀၀ ထိတောင် စိုက်ပျိုးလာနိုင်ပြီပဲလို့ ရင်ထဲပီတိ ဖြစ်တဲ့ခံစားချက်ပါ။နောက်တစ်ချက် ဆက်ပြီး ခံစားလိုက်မိတာကတော့ GAP စနစ်ဆိုတာ လွယ်လွယ်သမားရိုးကျတော့ လုပ်လို့မရဘူး။ သူ့သတ်မှတ်ထားတဲ့ GAP Protocolအဆင့်တွေ အကုန်ပြည့်မီအောင် လုပ်နိုင်မှသာ GAP စနစ်စစ်စစ်နဲ့ ထုတ်လုပ်တဲ့ သီးနှံရမှာ ဖြစ်ပါတယ်ဆိုတာပါပဲ။ တစ်နိုင်တစ်ပိုင်ပဲ လုပ်ကြဖို့၊ လောဘကြီးပြီး မလုပ်မိဖို့ သတိပြုကြဖို့ လိုပါတယ်။

GAP Protocol မှာအဆင့်ဆင့်သော လုပ်ငန်းစဉ်တွေများစွာ ပါဝင်တဲ့အနက် အဲဒီအထဲက အချက်ကလေးတစ်ချက်ကိုပဲ အကြမ်းသဘောနဲ့ အစမ်းနှော၍ မေးကြည့်ချင်ပါတယ်။ GAP စနစ်နဲ့ သီးနှံတစ်ခုကို စိုက်ပျိုးထုတ်လုပ်တော့မယ်ဆိုရင် ကနဦးလုပ်ရမဲ့ လုပ်ငန်းစဉ်ကတော့ အဲဒီသီးနှံစိုက်မဲ့ မြေနဲ့ရေကို အာဟာရဓာတ်များ ပါဝင်မှု၊ မြေချဉ်ငန်ကိန်း၊ ဓာတု၊ အဏုဇီဝဆိုင်ရာ အန္တရာယ်ပြုနိုင်တဲ့ ပိုးများပါဝင်နေတဲ့ မြေ၊ ရေ ဟုတ်မဟုတ် စတင်ဓာတ်ခွဲစမ်းသပ်ပြီး သတ်မှတ်၊ မှတ်တမ်းပုံစံမှာ တာဝန်ခံနဲ့ တကွ အတည်ပြုမည့်သူ အားလုံး လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရမယ်ဆိုပါတယ်။ အဲဒီနှမ်းစိုက်ပျိုးမဲ့ ဧက ၁၀၀၀၀ ကို တစ်ကွက်မကျန် အဲဒီလုပ်ငန်းစဉ်ဆောင်ရွက်ထားပြီးပါပြီလားလို့။ ဧက ၁၀၀၀၀ ကို လုပ်ရမှာဆိုတော့ အချိန်၊ လူအင်အား၊ ပညာရှင်အား၊ ပစ္စည်းအင်အား၊ ငွေကြေးကုန်ကျမှု၊ မှတ်တမ်းပြုစုမှု စတဲ့ လုပ်ငန်းတွေ ခေါင်းထဲစဉ်းစားလိုက်ရုံနဲ့ပင် လွယ်လွန်းလှတဲ့ လုပ်ငန်းစဉ်တော့ မဟုတ်နိုင်ပါ။ ဒါကတော့ မြေပြင်မှာ လက်တွေ့လုပ်ကြမယ့်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းနဲ့ တောင်သူ လယ်သမားတွေပဲ ကိုယ့်ကိုကိုယ် အသိဆုံးဖြစ်မယ်ထင်ပါတယ်။

စာရေးသူအနေနဲ့ ‘GAP စနစ်ကို သမားရိုးကျသဘောမထားဘဲ အလေးအနက်ထားဆောင်ရွက်ကြဖို့’ ဆောင်းပါး တစ်စောင် ရေးခဲ့ဘူးပါတယ်။ စာရေးသူ အပျက်သဘောနဲ့ ဝေဖန် ခြင်းမဟုတ်ပါ။ GAP စနစ်နဲ့ လုပ်ပါတယ်လို့ ကြွေးကြော်ပြီးမှ တတ်သိပြည်တွင်း ပြည်ပပညာရှင်များက ထောက်ပြဝေဖန်ခံရလျှင် ရှက်စရာဖြစ်မှာစိုး၍ အပြုသဘောနဲ့ ပြောဆိုခြင်းဖြစ်ပါတယ်။ ဟိုတစ်လောက မြန်မာနိုင်ငံကပို့တဲ့ ဟင်းသီးဟင်းရွက် သစ်သီးဝလံတွေကို အီးယူနိုင်ငံတွေက ဓာတ်ကြွင်းအာနိသင် သေချာစွာ စစ်ဆေးပြီးမှ လက်ခံမယ်ဆိုတဲ့ အဖြစ်အပျက်တစ်ခု ကြုံခဲ့ဖူးပါတယ်။ အဲဒီသီးနှံတွေဟာ GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ထားတဲ့ သီးနှံတွေလို့ ဆိုပါတယ်။

နှမ်းတင်ပို့ရာမှာလည်း နှမ်းနဲ့အလွန်တူတဲ့ ကျောက်ခဲ သေးသေးလေးများပါလို့ မြန်မာနှမ်းကို ကန့်ကွက်ခံရပြီး ဝယ်ယူရေး ရပ်တန့်ခံရတယ်ဆိုတဲ့ အဖြစ်အပျက်လည်း ဆူဆူညံညံလေး ဖြစ်သွားခဲ့တာ ကြုံရပါတယ်။ GAP စနစ်နဲ့ ဆောင်ရွက်တဲ့ အဓိကသော့ချက်ကတော့ သီးနှံရဲ့ အရည်အသွေး စံချိန်စံညွှန်း အဆင့်မီတယ်ဆိုတာ အာမခံချက်ပေးဖို့နဲ့ သီးနှံများ အစားအစာ ဘေးကင်းလုံခြုံရေး အာမခံပေးဖို့ပဲ ဖြစ်ပါတယ်။ ဒီအဓိကနှစ်ချက်ကို ဆောင်ရွက်ရင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေးနဲ့ လုပ်သားများ ကျန်းမာ၍ သာယာသော ဘဝရရှိရေးကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

သို့အတွက် သီးနှံများရဲ့ အရည်အသွေး စံချိန်စံညွှန်း အဆင့်မီ

[ အောင်ဆန်း (စိုက်ပျိုးရေး) ]

အောင် အာမခံနိုင်ဖို့နဲ့ အစားအစာဘေးကင်းလုံခြုံရေး အာမခံနိုင်ဖို့အတွက် GAP စနစ်ကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ GAP Protocol အရ သတ်မှတ်ထားတဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တစ်ချက်ချင်းစီကို ပြည့်စုံအောင် သေချာဂရုစိုက်ပြီး အလေးအနက်ထား ဆောင်ရွက်မှသာ GAP စနစ်အထမြောက်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သီးနှံတစ်ခုကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တော့မယ်ဆိုရင် GAP Protocol ရဲ့ သတ်မှတ်ထားတဲ့ ဆိုထားချက်တွေကို ဂဃနဏ အတွင်းကျကျ သိရှိနားလည်သဘောပေါက်အောင် ကနဦး လေ့လာဖို့ လိုအပ်ပါတယ်။

သို့အတွက် နှမ်းသီးနှံရဲ့ GAP Protocol မှာ ဘာတွေဆိုထားသလည်းဆိုတာကို ဆွေးနွေးတင်ပြလိုပါတယ်။ ပထမဦးစွာ မြေကိုစတင် ဆွေးနွေးပါမယ်။ နှမ်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးဖို့ ရွေးချယ်တဲ့ မြေရဲ့ ရာဇဝင်ကို လေ့လာမှတ်တမ်းတင်ရန် လိုပါတယ်။ စိုက်ပျိုးဖို့ ရွေးချယ်တဲ့ မြေဟာ အာဟာရဓာတ်ပါဝင်မှု၊ မြေချဉ်ငန်ကိန်းတည်ရှိမှု၊ သီးနှံမှတစ်ဆင့် လူသားတို့အား အန္တရာယ်ဖြစ်စေမယ့် ဓာတ်ပစ္စည်း ၊ (ပြဒါးအာဆင်းနစ်) အနုဇီဝဘက်တီးယားပိုး၊ မှို၊ ဗိုင်းရပ်စ်ပိုးများ ပါဝင်မှုရှိမရှိတို့ကို ဓာတ်ခွဲစမ်းသပ်၍ သတ်မှတ်ပုံစံတွင် ရေးသွင်းပြီး တာဝန်ခံနှင့်တကွ အတည်ပြုရမည့် အဆင့်ဆင့်သော ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးထားရမည်လို့ ဆိုပါတယ်။

နှမ်းသီးနှံသည် ရေမဝပ်သော မြေ၊ သဲနုန်းမြေ၊ မြေနီသဲဝန်း၊ နုန်းစနယ်မြေများတွင် ကောင်းစွာဖြစ်ထွန်းသဖြင့် ရွေးချယ်သင့်ပါတယ်။ မြေချဉ်ငန်ကိန်းကတော့ ၅-၅-၇ကို ကြိုက်နှစ်သက်ပါတယ်။ နှမ်းအပင်ပေါက်ရန်အတွက် အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ် အပင်ကြီးထွားရန်အတွက် ၂၅ ဒီဂရီစင်တီဂရိတ်အထက်၊ နှမ်းအပွင့်ကောင်းစွာပွင့်ရန် ၂၄-၂၇ ဒီဂရီစင်တီဂရိတ် ရှိရန် လိုအပ်တဲ့ အတွက် ရွေးချယ်တဲ့ဒေသရဲ့ မိုးလေဝသ အချက်အလက် မိုးရေချိန်၊ နေ့ညအပူချိန်၊ နှင်းကျရောက်မှု အခြေအနေများကို (၁၀) နှစ်စာ ပြုစုလေ့လာ၍ မှတ်တမ်းထားရှိရန် လိုအပ်ပါတယ်။ အထက်ပါအပင်ရဲ့ လိုအပ်ချက်နဲ့ အနီးစပ်ဆုံးကိုက်ညီတဲ့ မိုးလေဝသအခြေအနေရှိတဲ့ ဒေသများကို ဦးစားပေးရွေးချယ်သင့် ပါတယ်။ အထူးသတိပြုရမဲ့ အချက်ကတော့ ၄၀ ဒီဂရီစင်တီဂရိတ် အထက် ကျော်သွားရန်တော့ သန္ဓေအောင်မှုကို ထိခိုက်နိုင်ပြီး အသီးအောင်နှုန်းနည်းနိုင်ခြင်းပဲ ဖြစ်ပါတယ်။ အထူးသတိပြု ရှောင်ဖို့လိုအပ်ပါတယ်။

နှမ်းသီးနှံအတွက် အသုံးပြုမည့်ရေသည် ကျန်းမာရေးနှင့် စိုက်ပျိုးရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ မပါဝင်စေဘဲ အရည်အသွေးကောင်းရေ ဖြစ်ရန်လိုပါတယ်။ သို့အတွက် ရေ၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ သတ်မှတ်ပုံစံတွင်ရေးသွင်းပြီး တာဝန်ခံနှင့်တကွ အတည်ပြုရမည့် ပုဂ္ဂိုလ်များက လတ်မှတ်ရေးထိုးထားရမည်ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ စိုက်ပျိုးမဲ့ မျိုးစေ့ဖြစ်ပါတယ်။ ပြည်ပပို့ကုန်ဈေးကွက်ဝင် ဈေးကောင်းရတဲ့မျိုးဖြစ်ဖို့လိုပါတယ်။ နှမ်းမျိုးစေ့သည် အပင်ပေါက်နှုန်း ၈၅ ရာခိုင်နှုန်းအထက်ရှိပြီး မျိုးကောင်းမျိုးသန့်ဖြစ်ဖို့လိုပါတယ်။ ဒေသရေမြေ ရာသီဥတုနဲ့ ကိုက်ညီပြီး ရာသီဥတုဒဏ်၊ ပိုးမွှားရောဂါဒဏ်၊ မျိုးစေ့ဆောင်ရောဂါကင်းတဲ့ မျိုးဖြစ်ဖို့လိုပါတယ်။ ဒါတွေဟာ ဓာတ်ခွဲခန်းမှာ စစ်ဆေးရမယ့်အချက်များ ဖြစ်ပါတယ်။ ရရှိလာတဲ့မျိုးရဲ့ ရရှိလာတဲ့ဒေသ၊ မျိုးအမည်၊ မျိုးရာဇဝင်၊ မျိုး၏ဇီဇသန့်စင်မှု၊ ရရှိလာတဲ့နေ့ရက်၊ ရရှိလာတဲ့ ပမာဏ၊ ထပ်ဆင့်လက်ခံစိုက်ပျိုးမည့်သူ အမည်များကို သတ်မှတ်ပုံစံတွင် မှတ်တမ်း



ရေးသွင်းပြီး တာဝန်ခံနှင့် အတည်ပြုရမည့်ပုဂ္ဂိုလ်များ လက်မှတ်ရေးထိုးထားရမည်ဖြစ်ပါတယ်။

နှမ်းသီးနှံ အရည်အသွေးကောင်းမွန်ရေးအတွက် အရေးပါသလို တစ်ဧက အထွက်နှုန်းတိုးတက်ရန်လည်း အဓိကကျပါတယ်။ ဒါမှလည်း စီးပွားရေးတွက်ခြေကိုက်မှာ ဖြစ်ပါတယ်။ တစ်ဧက အထွက်နှုန်း တိုးတက်ရေးအတွက်စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေသြဇာ၊ ဖြည့်စွက်မြေသြဇာနဲ့ သဘာဝမြေဆွေးများ စနစ်တကျ သုံးစွဲရေး အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်။ အသုံးပြုမဲ့ ဓာတ်မြေသြဇာ များနဲ့ ဖြည့်စွက်မြေသြဇာများကို ဌာနတွင် တရားဝင်မှတ်ပုံတင်ထားပြီးသော ပစ္စည်းများကိုသာ ဝယ်ယူ အသုံးပြုရန် လိုအပ်ပါတယ်။ ဝယ်ယူရရှိလာတဲ့ မြေသြဇာများနဲ့ ဖြည့်စွက်မြေသြဇာများကိုလည်း ရရှိလာတဲ့ဒေသ၊ အမျိုးအမည်၊ ရရှိလာတဲ့နေ့၊ ရရှိလာတဲ့ပမာဏ၊ ပါဝင်သော ဓာတ်ပစ္စည်းနှုန်းထားများကို သတ်မှတ်မှတ်တမ်းပုံစံတွင် မှတ်တမ်းရေးသွင်း၍ တာဝန်ခံနှင့်တကွ အတည်ပြုရမည့် ပုဂ္ဂိုလ်များ အဆင့်ဆင့် လက်မှတ်ရေးထိုးထားရမည်။ ရရှိလာတဲ့ပစ္စည်းများကိုလည်း အမျိုးအမည်အလိုက် သိုလှောင်ရုံတွင် စနစ်တကျ သိုလှောင်ထားရန် လိုအပ်ပါတယ်။

ကျွဲ၊ နွား၊ တိရစ္ဆာန်အညစ်အကြေး၊ အမှိုက်သရိုက်များကို သဘာဝမြေသြဇာအဖြစ် အသုံးပြုမည်ဆိုပါက အသုံးမပြုမီ ၃-၄ လ ကြိုတင်၍ ကောင်းမွန်စွာ ဆွေးမြေ့အောင် စီမံပြီးမှသာ သုံးစွဲရမည်ဖြစ်ပါတယ်။ ၎င်းသဘာဝမြေသြဇာများကိုလည်း လူသားတို့အတွက် အန္တရာယ်ဖြစ်စေနိုင်သည့် မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ်(စ်) ပိုးများ ပါဝင်မှုရှိမရှိ ဓာတ်ခွဲခန်းတွင် ကြိုတင်ဓာတ်ခွဲစမ်းသပ်မှတ်တမ်း တင်ထားရမည် ဖြစ်ပါတယ်။ ဓာတ်မြေသြဇာ၊ ဖြည့်စွက်မြေသြဇာနှင့် သဘာဝမြေဆွေးများကို အသုံးပြု၍ရောစပ်ရာတွင် စိုက်ပျိုးမြေနှင့် ရေတို့ကို ညစ်ညမ်းမှုဖြစ်စေနိုင်တဲ့ နေရာများတွင် မပြုလုပ်မိစေရန် အထူးသတိပြုရန် လိုအပ်ပါတယ်။ ရောစပ်သည့် အချိုးနှုန်းထား၊ သုံးစွဲတဲ့ပမာဏ၊ သုံးစွဲတဲ့နေ့ရက်များကိုလည်း မှတ်တမ်းတင် ထားရှိရမည်ဖြစ်ပါတယ်။

စိုက်ပျိုးရေးသုံး ဓာတုဆေးများနဲ့ အခြားဓာတုပစ္စည်းများ အသုံးပြုရာတွင် ဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော ပစ္စည်းများကိုသာ အသုံးပြုရမည်ဖြစ်ပါတယ်။ တင်းကြပ်စွာ တားမြစ်ထားသော ဓာတုဆေးများကို အသုံးမပြုမိစေရန် အထူးသတိပြုရန် လိုအပ် ပါတယ်။ ဖြစ်နိုင်လျှင် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းကို အသုံးပြုရမှာဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# အောင်ဘာလေထီလက်မှတ်များ ဝယ်ယူရာတွင် ငွေပေးသွင်းရန်အတွက် မြန်မာ့စီးပွားရေးဘဏ်တွင်သာ ဆောင်ရွက်နိုင်

အောင်ဘာလေထီလက်မှတ်များ လက်လီလက်ကား ဝယ်ယူခြင်းအတွက် ငွေပေးသွင်းရာတွင် မြန်မာ့စီးပွားရေး ဘဏ်၌သာဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်လှစ် ဆောင်ရွက်ရန် ညွှန်ကြားထားခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးအတွင်း ပြောကြားသည်။

ကျောက်တံတားမြို့နယ်မဲဆန္ဒနယ် အမှတ် ၁ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါ်ကြည်ပြာ၏ အောင်ဘာလေထီလက်မှတ်များ ရောင်းချခြင်းနှင့်ပတ်သတ်၍ မေးခွန်းမေးမြန်းရာတွင် ဝန်ကြီးမှ ယခုလိုပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း ၁၈၈ တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများသည် ပြည် ထောင်စု အဆင့် ဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့် ဌာနအဖွဲ့အစည်းများအတွက် သီးခြားစီခွဲ၍ စာရင်းများထားရှိဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်ဌာနအဖွဲ့အစည်းများ၏ စာရင်းများကို မြန်မာ့စီးပွားရေးဘဏ်တွင်သာ စာရင်းဖွင့်လှစ် ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်လှစ်ဆောင်ရွက်ရန် ညွှန်ကြားထားခြင်းမရှိပါကြောင်း၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနခွဲတစ်ခုဖြစ်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်နေသောကြောင့် မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက် ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ရောင်းချခြင်းဖြစ်ကြောင်း"ဟု ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမြင့်သောင်းက ပြောသည်။

ထို့ပြင် အောင်ဘာလေထီစာအုပ်များ မှာကြားရာတွင် လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူး ရုံးသို့ ဘဏ္ဍာရေးနှစ်တစ်နှစ်ရောင်းချ ရန်အတွက် သုံးလခန့် ကြိုတင်ခန့်မှန်း မှာကြားရပြီး ဝယ်လိုအားရောင်းလိုအား အခြေအနေအရ ပြင်ဆင်မှာကြားလိုပါကလည်း သုံးလခန့် ကြိုတင်ဆောင်ရွက်ရကြောင်း ဦးမြင့်သောင်းက ဆက်လက် ပြောကြားသည်။

ကျပ်တစ်ထောင်တန်အောင်ဘာလေ ထီစနစ်ကို ယခုလ အတွင်းစတင်ခဲ့ပြီး အမြင့်ဆုံးဆုအဖြစ် ကျပ်သိန်းတစ်သောင်းငါးထောင်ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲက သတင်းထုတ်ပြန်ထားသည်။

**သန်းထိုက်အောင်**

# MyCO စနစ်တွင်အသုံးပြုနိုင်မည့် ကုမ္ပဏီဆိုင်ရာ စာရွက်စာတမ်း ပုံစံများကို DICA ထုတ်ပြန်

ကုမ္ပဏီအွန်လိုင်း မှတ်ပုံတင်စနစ် (MyCO)တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ကာအသုံးပြုနိုင်မည့် ကုမ္ပဏီဆိုင်ရာ စာရွက်စာတမ်းပုံစံများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန မှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်အရ ကုမ္ပဏီ အွန်လိုင်းမှတ်ပုံတင်စနစ် (MyCO) တွင် ပုံစံ C-3 (တားမြစ်ခြင်းဆိုင်ရာအ ကြောင်းကြားစာ)၊ ပုံစံ စ-၈ (ကုမ္ပဏီ အမျိုးအစားပြောင်းလဲခြင်းနှင့် စပ်လျဉ်းသည့် တရားရုံးအမိန့်)၊ ပုံစံ ဇ-၃၊ ဇ-၄၊ ဇ-၅၊ ဇ-၆၊ ဇ-၇၊ ဇ-၈ နှင့် ဇ-၉ (ပေါင်းနှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ တင်ပြချက်များ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူနှင့် စပ်လျဉ်း၍ ခန့်အပ်ခြင်း၊ ဆက်လက်ထားရှိခြင်း) စသည့် စာရွက်စာတမ်းပုံစံများကို စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုံစံ စ-၁(အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲရန် လျှောက်လွှာ)၊ ပုံစံ စ-၂ (အစု ရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီသို့ ပြောင်းလဲရန်လျှောက်လွှာ)၊ ပုံစံ စ-၇ (နိုင်ငံတော် ပြန်တမ်းတွင်ထည့်သွင်းသည့် အကြောင်းကြားစာ)၊ ပုံစံ ဆ-၅ (အများနှင့် သက်ဆိုင်သောကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ)၊ ပုံစံ ဆ-၆ (နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းသည့်အကြောင်းကြားစာ)၊ ပုံစံ ဆ-၇ (နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်း၏ အလား အလာညွှန်းတမ်း)၊ ပုံစံ ည-၄ (ဆန္ဒအ လျောက်ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်၊ ပုံစံ-AR (နှစ်စဉ်အစီရင်ခံစာ) စသည့် မှတ် ပုံတင်ပုံစံများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ MyCO တွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) ကို ၂၀၁၈ ဩဂုတ်လ ၁ ရက်တွင်စတင်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်အထိ ကုမ္ပဏီပေါင်း ၄၇၀၀၀ ကျော် ပြန်လည်မှတ်ပုံတင်ခဲ့ကာ ကုမ္ပဏီသစ် တစ်သောင်းကျော်တည်ထောင်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**




# CVT Myanmar သက်မွေးမှု ပညာသင်တန်းကျောင်းမှ သင်တန်းသား သစ်များခေါ်ယူ

CVT Myanmar အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်းမှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် သင်တန်းသားသစ်များကို စတင်ခေါ်ယူနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ရက်က ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်ရှိ CVT Myanmar လက်တွေ့သင်ကြားရေးဌာနတွင် ပြုလုပ်သော Media Day အခမ်းအနားမှသိရသည်။

CVT Myanmar အသက် မွေးမှုအတတ်ပညာသင်တန်းကျောင်းတွင် စီးပွားရေးပညာ အထောက်အကူပြုသင်တန်း၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း၊ ပရိဘောဂပြုလုပ်မှု အတတ်ပညာသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်းနှင့် သတ္တုပစ္စည်း အတတ်ပညာသင်တန်းတို့ကို သင်ကြားပေးနေပြီး အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ အသက် ၁၇ နှစ်နှင့်အထက် လူငယ်များသင်တန်းတက်ရောက်ရန် လျှောက်ထားနိုင်ကြောင်း သိရသည်။

"ဒီနှစ်ပညာသင်နှစ်အတွက် လျှောက်လွှာတွေကို မတ်လကုန်မှာ ပိတ်သွားမှာဖြစ်ပါတယ်။ မေလဆန်းမှာ ပညာသင်နှစ်စတင်ပါမယ်။ သင်တန်းသားတွေဟာ CVT ကျောင်းမှာ တစ်ပတ်ကိုတစ်ရက် စာတွေ့သင်ကြားရမှာဖြစ်ပြီး ကျန်တဲ့ရက်တွေမှာတော့ မိမိသက်ဆိုင်ရာလုပ်ငန်းခွင်တွေမှာ လက်တွေ့သင်ကြား လေ့လာသွားရမှာဖြစ်ပါတယ်။ သင်တန်းကာလ သုံးနှစ်ပြီးဆုံးချိန်မှာလည်း စာတွေ့လက်တွေ့စာမေးပွဲတွေကို ဖြေဆိုရမှာဖြစ်သလို စာမေးပွဲအောင်မြင်ပြီးပြီဆိုရင်တော့ မြန်မာနိုင်ငံနဲ့ ဆွစ်ဇာလန် နိုင်ငံအသင်းအဖွဲ့တွေက အသိအမှတ်ပြုတဲ့ Junior Professionals အဆင့် ကျွမ်းကျင်ဝန်ထမ်းတွေဖြစ်လာမှာဖြစ်ပါတယ်"ဟု CVT Myanmar အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း၏ အမှုဆောင်အရာရှိချုပ် မခင်မြတ်စန္ဒာက ပြောသည်။

သင်တန်းလျှောက်လွှာများထုတ်ယူ လျှောက်ထားရန်နှင့် အသေးစိတ်သိရှိလိုပါက အမှတ် ၄၂၊ ကမ်းနားလမ်း၊ တတိယထပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရုံးချုပ်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၃၈၃၆၇၆၊ ၀၉-၇၃၁၆၆၂၀၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များ ကိုရီးယားဈေးကွက်သို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ဆွေးနွေး

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များ ကိုရီးယား ဈေးကွက်သို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ မြန်မာ့ကုန် သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ကိုရီးယားနိုင်ငံတွင် Myanmar Trade Center တစ်ခုဖွင့်ထားပြီး မြန်မာထုတ်ကုန်များကို ပြသ ရောင်းချနေပြီဖြစ်ကြောင်း၊ စီးပွားဆက်သွယ်မှုအရ အခြေခံကောင်းများရှိသည့်အတွက် ထိထိရောက်ရောက် အသုံးချပြီး ကိုရီးယား-မြန်မာ ကုန်သွယ်မှုတိုးတက်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်းပြောသည်။

ထို့နောက် ကိုရီးယားနိုင်ငံ၊ Kyung Hee University ၏ ပါမောက္ခ Hyun-Yong Park က "မြန်မာနိုင်ငံမှာ လယ်ယာထွက်ကုန်များကို တင်ပို့ခြင်းနှင့် ပတ်သက်၍ အထောက်အကူ ပေးမယ့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး ထွက်ကုန်များကို နိုင်ငံခြားသို့ တင်ပို့လို သူများအတွက် လိုအပ်တဲ့ လုပ်ငန်းစဉ် တွေ၊ အထောက်အထားတွေရရှိအောင် ကူညီဆောင်ရွက်ပေးတာမျိုး ရှိသင့်ပါတယ်။ ဒီအဖွဲ့အစည်းတွေက ဦးဆောင်ပြီး နိုင်ငံခြားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ပေးကာ မြန်မာနိုင်ငံအတွင်း ထုတ်ကုန်ပြပွဲတွေကို မကြာခဏ ပြုလုပ်ပေးတာတွေ၊ ရောင်းသူနှင့် ဝယ်သူချိတ်ဆက်ပေးတာတွေ ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုမြှင့်တင်ခြင်းကို အောင်မြင်အောင် လုပ်ဆောင်နိုင်ပါလိမ့်မယ်"ဟု ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံမှ ကိုရီးယားနိုင်ငံသို့ နှမ်းနက်၊ ဂဏန်း ပျော့နှင့် သစ်သီးဝလံများကို အဓိကတင်ပို့လျက်ရှိသော်လည်း အစေ့အဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်များမှာလည်း ကိုရီးယားနိုင်ငံ၌ ဈေးကွက် ဝယ်လိုအားများသဖြင့် တင်ပို့နိုင်ရန် ကြိုးစားသင့်ကြောင်း Kyung Hee University ၏ ပါမောက္ခ Young-jun Choi က အကြံပြုခဲ့သည်။

ကိုရီးယားနိုင်ငံသို့ လယ်ယာထွက်ကုန်၊ မွေးမြူရေးထွက်ကုန်တင်သွင်းရာတွင် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံမှ ၁၄ ဘီလီယံအထိရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း နှမ်းနက်အပါအဝင် အခြားထွက်ကုန်အမျိုးအစားများကိုလည်း တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

**သန်းထိုက်အောင်**

စာမျက်နှာ (၁၈) မြန်မာ့ပို့ကုန် "ပြောင်း"အား . . . မှအဆက်

စုစုပေါင်း Quota ပမာဏဖြစ်သည့် ၅၄၇၀၀ ဒသမ ၀၀ တန်အား Public Warehouse Organization သို့ ခွဲဝေပေးထားကြောင်း၊ ပြောင်းအားရာသီအလိုက်သာ တင်သွင်းခွင့်ပြုခြင်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၏ စိုက်ပျိုးချိန် မဟုတ်သည့် ရာသီအတွင်းသာ တင်သွင်းခွင့်ပြုရန် Quota ကို ထားရှိထားကြောင်း Thailand Trade Policy Review (2015)တွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

လတ်တလော မြန်မာနိုင်ငံမှာ "ပြောင်း"ထွက်တဲ့အချိန်ဖြစ်လာတော့ မြန်မာနိုင်ငံမှထွက်ရှိတဲ့ ပြောင်းတွေကို အိမ်နီးချင်းနိုင်ငံတွေကို အဓိကထား တင်ပို့ရောင်းချကြပါတယ်။ အထူးသဖြင့်တော့ မြန်မာ့လယ်ယာထွက်ကုန်ပြောင်းကို တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံဈေးကွက်ကို တင်ပို့ရောင်းချကြပါတယ်။ သို့သော် ပြောင်းကုန်သည် လုပ်ငန်းရှင်များအနေနဲ့လည်း မြန်မာ့လယ်ယာထွက်ကုန်တစ်ခုဖြစ်တဲ့ ပြောင်းကို တင်ပို့ရောင်းချတဲ့နေရာမှာ ထိုင်းနိုင်ငံဘက်ကို ပိုမိုအလေးထား တင်ပို့ ရောင်းချလိုကြတာကတော့ Duty Free Quota Free ဖြင့် ထိုင်းနိုင်ငံရဲ့ ဈေးကွက်ဝင်ရောက်ခွင့်ကို ထိုင်းနိုင်ငံနဲ့ ဆွေးနွေးသဘောတူထားပြီးဖြစ်တာလည်း ပါဝင်ပါတယ်။

သို့သော် ထိုင်းနိုင်ငံကို "ပြောင်း" တင်သွင်းရာမှာ ထပ်မံသတိပြုရမှာကတော့ ထိုင်းနိုင်ငံက ပြောင်းတင်သွင်းခွင့် policy ကို သုံးနှစ်တစ်ကြိမ် ပြောင်းလဲတတ်တယ်ဆိုတာကိုပါ။ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ထိုင်းဘာသာနဲ့ ထုတ်ပြန်ထားသော ပြောင်း၊ အာလူးနှင့် ကြက်သွန်နီတင်သွင်းခြင်းဆိုင်ရာ ၂၀၁၈-၂၀၂၀ Notification သုံးစောင်ဟာ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ အကျုံးဝင်ပါတယ်။ ထိုင်းဘာသာနဲ့ထုတ်ပြန်ထားတဲ့ Notification သုံးစောင်ရဲ့ အလွတ်သဘောမြန်မာဘာသာပြန်ဆိုချက်ကိုလည်း ပူးတွဲဖော်ပြလိုက်ပါတယ်။

ထိုင်းနိုင်ငံက ထုတ်ပြန်ထားတဲ့ ၂၀၁၈-၂၀၂၀Notification သုံးစောင်အနက် ပြောင်းအတွက် ထုတ်ပြန်ထားသော ပူးတွဲဖော်ပြထားတဲ့ Notification ပါ သတိထားရမယ့် အချက်တွေကတော့

- ထိုင်းနိုင်ငံသို့ တင်သွင်းသော ပြောင်းသည် တိရစ္ဆာန်ကုန်ကြမ်းအဖြစ်အသုံးပြုမည့် ပြောင်းဖြစ်ပြီး အကောက်ခွန်နှုန်းထား လိုင်း 1005.90.90 (HS Code 1005.90.90) ဖြင့်သာခွင့်ပြုခြင်း၊
- ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းလာသော ပြောင်းများသည် ထိုင်းအကောက်ခွန်ဌာနသို့ တင်ပြရန်အတွက် Form D၊ သက်ဆိုင်ရာနိုင်ငံ (သို့မဟုတ်) အာဏာပိုင်အဖွဲ့အစည်း၏ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်အတွက် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အသိအမှတ်ပြု ထောက်ခံချက်လက်မှတ်ပါရှိရမည်။ (FOBဈေးနှုန်းများနှင့် ဒေါ်လာနှစ်ရာထက်မပိုသော ကုန်ပစ္စည်းများကို တင်သွင်းရာတွင် အသိအမှတ်ပြုလက်မှတ်များ ဖော်ပြရန်မလိုပါ။ )
- မြန်မာနိုင်ငံ(သို့မဟုတ်)အခြားနိုင်ငံများမှ ပြောင်းတင်ပို့သူများသည် ထိုင်းနိုင်ငံ၏ Warehouse Organization တင်သွင်းသူများနှင့် ချိတ်ဆက်တင်သွင်းပါက ထိုင်းနိုင်ငံတွင်းသို့ ပြောင်း တစ်နှစ်ပတ်လုံး တင်သွင်းခွင့်ရှိခြင်းနှင့်
- မြန်မာနိုင်ငံဘက်မှ တင်ပို့သူများသည် ထိုင်းနိုင်ငံဘက်မှ အထွေထွေ တင်သွင်းသူများနှင့် ချိတ်ဆက်ဆောင်ရွက်သူများဖြစ်ပါက ထိုင်းနိုင်ငံမှထုတ်ပြန်ထားသော တိရစ္ဆာန်အစာများ အရည်အသွေးများ ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေ(၂၀၁၅)၏သတ်မှတ်ချက်များကို သိရန်၊ လိုက်နာရန်လိုအပ်ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း ခုနစ်လအတွင်း ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချနိုင်ပြီး ထိုင်းနိုင်ငံဘက်မှ ပြောင်းအတွက် သတ်မှတ်ထားသော HS Code 1005.90.90 ကိုသာ သုံးရမည်ဖြစ်ပါတယ်။

ထို့အပြင် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများသည် Duty Free Quota Free ပေးထားသည့် ကုန်စည်များအတွက် တင်သွင်းနိုင်ငံများမှ မိမိတို့နိုင်ငံတွင်းသို့ ကုန်စည်များ လွယ်လွယ်ကူကူ ဝင်ရောက်ခွင့်မရနိုင်ရန် ပြည်တွင်းစည်းမျဉ်းစည်းကမ်းများ ကိုလုပ်ထုံးလုပ်နည်း ဥပဒေများအတွင်းမှ ရေးဆွဲချမှတ်ကျင့်သုံးဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

အာဆီယံတွင် ခံစားခွင့်ပေးထားသော အကောက်ခွန်သက်သာခွင့် Form D နှင့် အခြားလိုအပ်သော စာရွက်စာတမ်းတင်ပြရမည်မှာ နိုင်ငံတိုင်း၏ လုပ်ထုံးလုပ်နည်းဖြစ်ပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံမှ သတ်မှတ်ထားသည့် ၎င်းတို့၏ ပြည်တွင်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာတင်ပို့ရမည်ဖြစ်ပါတယ်။

ASEAN တွင်လည်း ထိုင်းနိုင်ငံသို့ ပြောင်းတင်သွင်းခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးပါရန် ASEAN ၏ The Coordinating Committee on The Implementation of the ATIGA (CCA) အစည်းအဝေးများတွင် ကမ္ဘောဒီးယားနှင့် လာအိုတို့မှ စဉ်ဆက်မပြတ်တောင်းဆိုခဲ့ပြီး မြန်မာနိုင်ငံမှလည်း နစ်နာလျက်ရှိပါကြောင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သော (၂၆) ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ တင်ပြခဲ့ပါတယ်။

ထို့အပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော (၂၈) ကြိမ်မြောက် ASEAN The Coordinating Committee on The Implementation of the ATIGA (CCA) အစည်းအဝေးတွင်လည်း သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့် ASEAN Commitment များ လိုက်ပါခြင်းမရှိကြောင်းကို အစည်းအဝေးမှတ်တမ်းအပိုဒ်(၂၆)တွင် ဖော်ထုတ်မှတ်တမ်းတင်ထားသည်ကိုလည်း တွေ့ရှိရပါတယ်။

အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက်မှ ၈ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော 3/49 Senior Economic Official Meeting (SEOM) အစည်းအဝေးတွင် endorse ပြုလုပ်ခဲ့သော Guideline for the implementation of NTMs ၏ အပိုဒ်(၂၆)အရ ASSIST website ကို အသုံးပြုတင်ပြလာသည့် Case များကို The Coordinating Committee On The Implementation of the ATIGA( CCA ) မှ ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ASSIST ဆိုသည်မှာ အာဆီယံနိုင်ငံများအကြားတွင် ASEAN Solutions for Investments, Services and Trade-ASSIST လုပ်ငန်းစဉ်ကို အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်- ATIGA အောက်တွင် လိုက်ပါဆောင်ရွက်ရမည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို အာဆီယံဒေသအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ရည်ရွယ်တည်ထောင်ထားခြင်းဖြစ်ပြီး အာဆီယံဒေသတွင်းရှိ လုပ်ငန်းရှင်များအနေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းကြား ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ ကုန်သွယ်မှုပြုရာတွင် ကြုံတွေ့ရသည့် ကုန်သွယ်မှုဆိုင်ရာပြဿနာများကို ဤ Website မှတစ်ဆင့် အခမဲ့ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ASSIST သည် ASEAN Trade Repository ကို သွားရောက်ချိတ်ဆက်တာဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေနှင့် နိုင်ငံအလိုက် တည်ထောင်ထားကြသည့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များဘဏ္ဍာတိုက်(National Trade Portal) ကို ချိတ်ဆက်ထားတာ ဖြစ်ပါတယ်။ ထို့ကြောင့် အာဆီယံဒေသတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများတွင်လည်း တွေ့ကြုံရသည့်ပြဿနာရပ်များကို အချိန်တိုအတွင်း ရှာဖွေ ဖော်ထုတ်နိုင်မှာဖြစ်သည့်အတွက် အထူးပင်အကျိုးရှိမည်ဖြစ်ပါတယ်။

သို့ပါ၍ မိမိတို့ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ASSIST website အသိပညာပေးပွဲအား EU-ARISE နှင့်ပူးပေါင်း၍ Workshop on ASSIST ကို ၂၀၁၆ ခုနှစ် ဇွန် ၉ ရက်တွင် မြန်မာနိုင်ငံ၊ နေပြည်တော်ရှိ Hilton Hotelတွင် ကျင်းပ၍ အစိုးရဌာနများသို့ အသိ ပညာပေးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်တွင်လည်း UMFCCI ရုံးချုပ်၌ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အသိပညာပေးပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် မိမိတို့ဝန်ကြီးဌာန၏ websiteဖြစ်သော Myanmar National Trade Portal တွင် ASSIST website ကို တင်ထားပြီးဖြစ်ပါသဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံနှင့် ASEAN နိုင်ငံများအကြား ကုန်သွယ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာ၍ မိမိတို့ဘက်မှ နစ်နာမှုများရှိပါက အဆိုပါ ASSIST website တွင် တိုင်တန်းနိုင်ပြီး ထိုသို့ ဆောင်ရွက်ထားသည့် case များကိုသာ CCAအစည်းအဝေးတွင် ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ့ပို့ကုန် "ပြောင်း"အား ထိုင်းနိုင်ငံသို့ Duty Free Quota Free ဖြင့် တင်ပို့ခွင့်ရရှိရန်ကိစ္စနှင့် စပ်လျဉ်း၍ CCA အစည်းအဝေးတွင် Official လမ်းကြောင်းမှတင်ပြခြင်း၊ G to G bilateral ဆွေးနွေးခြင်းအနေဖြင့် မြန်မာ-ထိုင်း 2nd JBTC အစည်းအဝေးတွင် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ ထိုင်းနိုင်ငံမှ ၎င်းတို့ TRQ စနစ်ကျင့်သုံးရန် သတ်မှတ်ထားသည့် ကုန်စည်အပေါ် ရာသီအလိုက် သွင်းကုန်တင်သွင်းခြင်းဆိုင်ရာ ကုန်သွယ်မှုအစီအမံထားရှိခြင်းသည် ၎င်းနိုင်ငံ၏ TPR တွင် တရားဝင်ဖော်ပြထားသည့် ပြည်တွင်းလုပ်ထုံးလုပ်နည်း တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်း Duty Free Quota Free အခွင့်အရေးရရှိထား သည့် မြန်မာနိုင်ငံ၏ပို့ကုန်အပေါ် ကာလတစ်ခုသာ Duty Free (အခွန်သုညရာခိုင်နှုန်း) ပေး၍ ထိုကာလကျော်လွန်ပါက Bound Rate (၇၃) ရာခိုင်နှုန်း အကောက်ခွန် ကောက်ခံခြင်းသည် TRQ စနစ်ကျင့်သုံးသည့်ပုံစံ ဖြစ်နေသဖြင့် မိမိတို့ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ထိုင်းနိုင်ငံဘက်မှ တာဝန်ခံဖြစ်သော ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနသို့ G to G ထပ်မံညှိနှိုင်းထားပြီးဖြစ်ပါတယ်။

သို့သော် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ASSIST Website ကိုအသုံးပြု၍ B to G ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း ကောင်း၊ ကုန်သွယ်မှုချည်း သက်သက်သာမက မိမိတို့ကုန်သွယ်ဘက်နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာဘာသာရပ်များအပေါ် ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်မှု ပတ်ဝန်းကျင်ပြောင်းလဲနေမှုများကိုပါ မျက်ခြေမပြတ်ရန်လိုအပ်ကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

♦

စာမျက်နှာ (၃) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ . . . မှအဆက်

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် အညီ အားလုံးပိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် အများပြည်သူ သိရှိအောင်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် အားလုံးပါဝင်လာနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ အမျိုးသားလုံခြုံရေးနှင့် အချုပ်အခြာပိုင်ဆိုင်မှုများကို သိမ်မွေ့ညဉ်သာစွာနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဗဟိုလုပ်ငန်းအဖွဲ့အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ယုံကြည်စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဗဟိုလုပ်ငန်းအဖွဲ့အနေဖြင့် ရှေ့ဆက်၍ လက်ရှိအထူးစီးပွားရေးဇုန်များ၏ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် အထူးစီးပွားရေးဇုန်များ ထပ်မံ၍ တည်ထောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီများ၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်နှင့်တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားကြရန် စသည်ဖြင့်ပြောကြားသည်။

ယင်းနောက် အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်စိုးက (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီများက ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြီး သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီး

ဖျာပုံခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှု ပိုမိုထိရောက်စွာဖြေရှင်းနိုင်ရန်အတွက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၇ ရက်ကကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီး ဌာနမှ မြို့နယ်တာဝန်ခံများနှင့် ဌာနခွဲမှူးများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်က (၂၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဇန်နဝါရီလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဖေဖော်ဝါရီလတွင်ဆောင်ရွက်မည့် လျာထားချက်များ၊ Telenor Broadband ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖျာပုံမြို့နှင့် ဘိုကလေးမြို့နယ်မှ တိုင်ကြားသူနှစ်ဦးအား တွေ့ဆုံ၍ သဘောထားမေးမြန်းပြီး တိုင်းဦးစီးမှူးရုံးသို့တင်ပြခဲ့ကြောင်း၊ စိုက်ပျိုးသွင်းအားစုများ ဖြန့်ဖြူးရောင်းချရာတွင် ဥပဒေ၊ ညွှန်ကြားချက်နှင့်အညီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနိုင်ရေးကို စိုက်ပျိုးရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ အရည်အသွေးကိုက်ညီမှုရှိ/ မရှိ၊ တင်သွင်းထုတ်လုပ်ပြုပြင်သည့် နေရာများသို့ ကွင်းဆင်းစိစစ်ရန်ညွှန်ကြားထားကြောင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးပေါင်းသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များအား မြို့နယ်အလိုက် တစ်လတစ်ကြိမ် စိုက်ပျိုးရေးဌာနနှင့် သက်ဆိုင်ရာဌာနများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျိုက်လတ်မြို့နယ်ရှိ မုန့်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်နှင့် ပိုးသတ်ဆေး အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးရာတွင် သက်တမ်းလွန်ခြင်း၊ မျက်မြင်အခြေအနေအရ စားသုံးရန်မသင့်ခြင်းတို့ကြောင့် ပစ္စည်း ၅၆ မျိုးအား သိမ်းဆည်းခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသော အဖွဲ့ဝင်များက သက်ဆိုင်ရာဌာနအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဖျာပုံခရိုင်အတွင်း ဈေးကွက်စောင့်ကြည့်လေ့လာစစ်ဆေးချက်အရ သိမ်းဆည်းရရှိသောမုန့်မျိုးစုံ ၂၀ မျိုး၊ အလှကုန်ပစ္စည်း ၂၉ မျိုး၊ ပိုးသတ်ဆေးခုနစ်မျိုး စုစုပေါင်း ၅၆ မျိုး တန်ဖိုးကျပ် ၃၅၄၆၀၀ တို့အား အဖွဲ့နှင့်အတူ ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံး မြေကွက်လပ်တွင် မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ပဲခူးမြို့နယ်အတွင်းရှိ ဖက်တန်းဈေး၊ ဘုရားဈေး၊ အလင်းရောင်ဈေး၊ မြို့မဈေးကြီးနှင့် တာပေါ်ဈေးများအား ပူးပေါင်းအဖွဲ့များနှင့် ရှောင်တခင်ဝင်ရောက်စစ်ဆေး

ပဲခူးမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ခရိုင်ဦးစီးမှူးရုံးမှ CICC တာဝန်ခံ၊ ဌာနခွဲတာဝန်ခံနှင့် ဝန်ထမ်းများသည် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်၊ ထုတ်ကုန်များလုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန် အတွက် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်သောဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဈေးများမှ ဈေးခေါင်းများပါဝင်လျက် ပူးပေါင်းအဖွဲ့ဝင် ၁၈ ဦးသည် Mobile Lab ကားဖြင့် ပဲခူးမြို့နယ်အတွင်းရှိ ဖက်တန်းဈေး၊ ဘုရားဈေး၊ အလင်းရောင်ဈေး၊ မြို့မဈေးကြီးနှင့် တာပေါ်ဈေးများအတွင်းရှိ ဆိုင်များအနက် ၂၃ ဆိုင်အားဈေးကွက်စုံစမ်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဈေးများအတွင်း ရောင်းချလျက်ရှိသော မျှစ်၊ ပဲပြား၊ သရက်ချဉ်၊ နန္နွင်းမှုန့်၊ ငရုတ်စိမ်းမှုန့်၊ ငရုတ်အကြမ်းဖက်၊ အရောင်ဆိုးထားသောကွမ်းသီးခြမ်း၊ အမဲခေါင်းပြုတ်၊ ပဲငါးပိ၊ စိမ်းစားငါးပိ၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ ငါးချဉ်၊ ခေါက်ဆွဲဖတ် အပြား(အကြီး/အသေး)၊ မက်မန်းသီးစိမ်ရည်၊ နှုတ်ခမ်းနီဘူး၊ မိတ်ကပ်ဘူးများအားနမူနာရယူ၍ Mobile Lab ဖြင့် စစ်ဆေးရာသရက်ချဉ်၊ ပဲပြား၊ အမဲခေါင်းပြုတ်၊ ခေါက်ဆွဲဖတ်အပြား(အကြီး/အသေး)တို့တွင် ခွင့်မပြု တာရှည်ခံဆိုးဆေးများပါဝင်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျန်အစားအစာများတွင်လည်းခွင့်မပြု ဓာတုဆိုးဆေးများပါဝင်မှုရှိ/မရှိဆက်လက်၍ ဓာတ်ခွဲစမ်းသပ်ရန်အတွက် ဝယ်ယူခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဆိုးဆေးများ၏ အန္တရာယ်၊ တာရှည်ခံဆေးများ၏ အန္တရာယ်၊ မှိုအဆိပ်များ အန္တရာယ်များအကြောင်း အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ကြည်(ပဲခူး)**

# ကလေးမြို့ ကုန်စုံဆိုင်များသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ကလေးမြို့ ပင်လုံရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင် ရှစ်ဆိုင်အား ဖေဖော်ဝါရီ ၁၄ ရက်တွင် စားသုံးသူ ရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းဦးဆောင်၍ မိတ် ဖက်ဌာနများဖြစ်ကြသော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ပင်လုံရပ်ကွက်မှ ရာအိမ်မှူး၊ ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့အစည်းများနှင့် ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေး ဝါးကွပ်ကဲရေးဦးစီးဌာန၏ စားသုံးရန်မသင့် ထုတ်ပြန်ထားသော လားရှိုးပဲ ငါးပိများနှင့် သက်တမ်းလွန်ဖျော်ရည် မျိုးစုံစုစုပေါင်းတန်ဖိုးကျပ် ၂၂၉၀၀ သိမ်းဆည်းခဲ့ပြီး သိမ်းဆည်းပစ္စည်းများအား နောက်နောင်တွင် ရောင်းချခြင်း မပြုရန် သတိပေးခဲ့ကာ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

သိမ်းဆည်းပစ္စည်းများကို ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြ၍ ဆုံးဖြတ်ချက်များ ရရှိပါက မီးရှို့ဖျက်ဆီးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိရပါသည်။

**အဲနီ (ကလေး)**



# ကျိုင်းတုံမြို့မဈေးအတွင်း ရှောင်တခင် ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံး သူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ ခရိုင်ကျန်းမာရေး၊ ခရိုင်စက်မှုကြီးကြပ်၊ မြို့နယ်ထွေ/အုပ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ် စိုက်ပျိုးရေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျိုင်းတုံမြို့မဈေးအတွင်း ရှောင်တခင် ကွင်းဆင်းစစ်ဆေး အရေးယူခဲ့ကြောင်း သိရသည်။ ထိုသို့မြေပြင်ကွင်းဆင်းရာတွင် ကုန်စုံဆိုင်/ အေးခဲ အသားဆိုင် ၁၇ ဆိုင်အား စစ်ဆေးခဲ့ရာ သုံးဆိုင်မှ ထောက်ခံချက်မရှိသော ပြည်ပနိုင်ငံထုတ် စားသောက်ကုန်ကျပ် ၇၀၁၀၀ ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသော ဘုတ်ဆုံမငရုတ်သီးမှုန့် ကျပ် ၁၀၀၀ စုစုပေါင်းကာလတန်ဖိုးကျပ် ၇၁၁၀၀ အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၁၉-(င)နှင့်(စ)အရ သိမ်းဆည်းအရေးယူခဲ့ပြီး အများပြည်သူများ၏ ရှေ့မှောက်တွင်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ဆက်လက်၍ အဆိုပါဆိုင်များအား ကုန်စည်(၉)မျိုးတွင် မြန်မာဘာသာဖော်ပြပါရှိရေးဆိုင်ရာ အချက်များကို ရှင်းလင်းခဲ့ပြီး ဒေသထုတ် စားသောက်ကုန်များ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ထုတ်လုပ်ရောင်းချသွားရန် ဆွေးနွေးပညာပေးခဲ့ကြောင်း သတင်းရရှိသည်။

**ရန်နောင် (ကျိုင်းတုံ)**

# အင်းတော်မြို့နယ်၊ မော်လူ-ဒီပင်္ကရာဘုရားပွဲဈေးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ် (၁၀၈)ကြိမ်မြောက် မော်လူး - ဒီပင်္ကရာဘုရားပွဲဈေးတွင် စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရသည့် စားသောက်ကုန်များ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၈ရက်က အင်းတော်မြို့နယ် တာဝန်ခံနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်တို့မှ ဆက်စပ်ဌာနများ၊ မိတ်ဖက်ဌာနများ၊ NGO အဖွဲ့များ၊ သတင်းမီဒီယာများ စုစုပေါင်း ၂၀ ဦး ပူးပေါင်း စစ်ဆေးခဲ့ကြောင်း သိရပါသည်။

ဒီပင်္ကရာဘုရားပွဲဈေးအတွင်း စားသောက်ကုန်နှင့် မုန့်မျိုးစုံရောင်းချသည့် ဆိုင်ပေါင်း(၅၀)မှ စားသောက်ကုန်များအား စစ်ဆေးရာ သက်တမ်းလွန် အချိုရည်နှင့် စားသောက်ကုန်များ မတွေ့ရှိကြောင်း၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ မပါရှိသော အချိုရည်များအား ကုမ္ပဏီသို့ပြန်လည်လဲရန် အသိပေးခဲ့ရာ ချက်ခြင်းလဲပေးသဖြင့် ဌာန၏ ကြိုးပမ်းမှု၊ မိတ်ဖက်ဌာနဆိုင်ရာများ ပါဝင်မှု၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် စားသုံးမှုပုံစံ ပြောင်းလဲလာကြောင်း၊ သို့ပါ၍ သုံးစွဲသူနှင့် ရောင်းချသူများပို၍ သိရှိစေရန်အတွက် အသင့်စားသုံးရန် ထုပ်ပိုးထားသော ပစ္စည်းများ ဝယ်ယူသည့်အခါ သတိထားရန်အချက်များ၊ ပါဝင်ပစ္စည်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ အမှတ်တံဆိပ်၊ ထုတ်လုပ်သူနေရပ်လိပ်စာ၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ FDA ထောက်ခံချက်များ ရေးသားထားခြင်း ရှိ/မရှိ၊ မြန်မာဘာသာ နှင့်ဖော်ပြထား၍ စာတန်းမပါသော အစားအသောက်များကို ဝယ်ယူသုံးစွဲခြင်းမပြုရန်၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉-ခုနှစ် ဧပြီလ အထိ(၆)လ ပညာပေးကာလ သတ်မှတ်ပြီး၊ ၂၀၁၉- မေလမှစ၍ မြန်မာစာတမ်းမပါသော အစားအသောက်များ ရောင်းချခြင်း မပြုကြရန် အသိပညာပေးခဲ့ပြီး၊ ၁/ ၂၀၁၈ နှင့် ၁/ ၂၀၁၉ အမိန့်ကြော်ငြာစာများ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**



## သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏာဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏာဈေးတွင် ဈေးကွက်အတွင်း ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းအဖွဲ့နှင့် ဈေးတာဝန်ခံအဖွဲ့(သုဝဏ္ဏာဈေး) တို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်နှင့်ရည်မှန်းချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် အကြောင်းအရာများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူများမှ တိုင်ကြားလာသည့်နစ်နာမှုများအပေါ် ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် တိုင်ကြားမှုများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူးရုံးအပါအဝင် သက်ဆိုင်ရာခရိုင် ဦးစီးမှူးရုံးများတွင်သာမက စားသုံးသူရေးရာဦးစီးဌာန၏ Website ဖြစ်သော www.doca.gov.mm မှလည်း တိုင်ကြားနိုင်ကြောင်းကိုလည်း ဟောပြောခဲ့သည်။ ဆက်လက်၍ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက ထုတ်ပြန်သည့် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူများဘေး ကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဦးစားပေးကုန်စည်များပေါ်တွင် မဖြစ်မနေထည့်သွင်း ဖော်ပြရမည့်အချက်များနှင့် ၎င်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး (၆) လပြည့်မြောက်သည့်နေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန်အတွက် စားသုံးသူအကာ အကွယ်ပေးရေးဗဟိုကော်မတီ၏ ၁၇-၁-၂၀၁၉ ရက်စွဲပါအမိန့် ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၉ ကိုထုတ်ပြန်ပြီးဖြစ်ပါကြောင်း ရောင်းချသူများအား ဆင့်ပွားအသိပညာပေးခြင်းနှင့် တက်ရောက်သူများ၏ မေးမြန်းချက်များကို ပြည့်စုံ စွာဖြေကြားခဲ့ပြီး 'စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ အဆိုပါ ဟောပြောပွဲသို့ဈေးသူ/ဈေးသား အပါအဝင် ၃၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ **နွယ်ဇင်ဝင်း (ရန်ကုန်)**

## တွံတေးမြို့နယ်ရှိလုပ်ငန်းရှင်များသို့ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)အား ရှင်းလင်းဆွေးနွေး

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အသိပညာပေးဆွေးနွေးပွဲနှင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) အား အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ဖေဖော်ဝါရီ ၂၀ ရက်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးရွှေဖြူက ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အသိပညာပေးဆွေးနွေးရာတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားမှုနှင့် လုပ်ပိုင်ခွင့်များအား ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၈) အား လုပ်ငန်းရှင်များသို့အသေးစိတ်ချပြ ရှင်းလင်းခဲ့ကြောင်း သိရှိရပါသည်။

ယင်းဆွေးနွေးပွဲသို့ တွံတေးမြို့နယ်ရှိ ဌာနဆိုင်ရာနှင့်လုပ်ငန်းရှင် ၄၉ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **သိန်းနိုင်(သန်လျင်)**

## ကရင်ပြည်နယ် လှိုင်းဘွဲ့ မြို့နယ်ရှိ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် လှိုင်းဘွဲ့မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံတို့သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် လှိုင်းဘွဲ့မြို့နယ် ပိန္နဲတောကျေးရွာ၊ ဆိပ်ဖူးကုန်း ကျေးရွာနှင့် ဆင်ကူးကျေးရွာတို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

ဟောပြောပွဲတွင် မြို့နယ်တာဝန်ခံ ဒုကြီးကြပ်ရေးမှူး ဦးတင်မျိုးလတ်က ဌာနမှတာဝန်ယူ ဆောင်ရွက်နေသည့် အကြောင်းအရာများအား မိတ်ဆက်ရှင်းလင်းပြောကြားပြီး ပြည်နယ်ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အကြောင်း၊ စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် နစ်နာမှု/ မကျေနပ်မှုများ ဖြစ်လာခဲ့လျှင် တိုင်ကြားနိုင်သည့် အခွင့်အရေးများနှင့် တိုင်ကြားရာတွင်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်နယ် ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်နန်းပွင့်စန်းစန်းက တရားဝင်/တရားမဝင်အေးခဲအသား၊ ငါး၊ ပုစွန်များအကြောင်း၊ စားသုံးသူအကြောင်း ဗီဒီယိုဖိုင်ပြသ၍ ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။ တက်ရောက်



သူဦးရေ ၃၅၀ဦး၊ ကျေးရွာဒေသခံများက ကရင်လူမျိုးများသည့်အတွက် ကရင်ဘာသာစကားဖြင့်လည်း ဆွေးနွေးခဲ့ပြီး မေးခွန်းများ မေးမြန်းခြင်းဖြေကြားခြင်းများပြုလုပ်ခဲ့ကာ စားသုံးသူရေးရာ ဦးစီးဌာနမှလိုအပ်သည့် စိုက်ပျိုးရေး/မွေးမြူရေးနှင့် ပတ်သက်သည့် အထောက်အကူပြုစာအုပ်များ ပေးအပ်ခြင်း၊ လက်ကမ်း စာစောင်ဝေငှခြင်းတို့အား ပြုလုပ်ပေးခဲ့ပါသည်။ ဟောပြောပွဲများသို့ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများနှင့် ကျေးရွာနေဒေသခံ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။
**ခင်ကြည်(ကရင်ပြည်နယ်)**

## သာယာဝတီခရိုင်အတွင်းရှိမြို့နယ်များအတွင်း စားသုံးသူအကာအကွယ်ပေးရေးဆွေးနွေးဟောပြော

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ခရိုင်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဖေဖော်ဝါရီ ၁၈ ရက်တွင် လက်ပံတန်းမြို့ မြို့နယ်တာဝန်ခံဦးချစ်ကိုကိုနှင့် ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်ရီ၊ ဒေါ်ကြည်ကြည်ချို၊ ဒေါ်ကြည်အေးဆွေ၊ ပြည့်သူကျန်းမာရေး၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ မအူကုန်းရပ်ကွက် မြတ်စွယ်တော်ဘုရားပွဲ မုန့် ဈေးတန်းကို စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ အသိပညာများ ရရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာများ ရောင်းချရန်၊ သန့်ရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် ကွင်းဆင်းဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းပါသည်။
**ခိုင်ခိုင်ရီ(သာယာဝတီ)**

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် လစဉ်ကျင်းပပြုလုပ်သော တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

ပုသိမ်မြို့စားသုံးသူရေးရာ ဦးစီးဌာနတွင် လစဉ်ကျင်းပပြုလုပ်သော ဧရာဝတီတိုင်းဒေသကြီး၊ စားသုံး သူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပပြုလုပ်ရာ တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင် နှင့်ဌာနခွဲမှူးများ၊ အဖွဲ့ဝင်တိုင်းအဆင့်ဌာနဆိုင်ရာများ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေး လုပ်ငန်းရှင်ကိုယ်စားလှယ် ဥပဒေပညာရှင်နှင့် ဖိတ်ကြားထားသောတိုင်း အဆင့်ဌာနဆိုင်ရာများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကြည်အောင်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နေသလို နစ်နာဆုံးရှုံးမှုများရှိပါက ပြည်သူများ သိရှိတိုင်ကြားနိုင်ရန် ကျေးရွာ၊ တိုက်နယ်အထိ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ၂၆. ၁၀. ၂၀၁၈ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈) မှ ကုန်စည်များ ထုတ်လုပ်သူနှင့် ကုန်သွယ်မှုပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံစေရေးအတွက် သုံးစွဲသူများအား အညွှန်း၊ ထားသိုသိမ်းဆည်းပုံ၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ကြိုတင်သတိပေးချက် ဘေးထွက်ဆိုးကျိုးတို့ကို မြန်မာဘာသာ၊ မြန်မာဘာသာနှင့် အခြားဘာသာဖြင့်ဖြစ်စေ ဖော်ပြရန်ထုတ်ပြန်ခဲ့ပြီး အဆိုပါ ထုတ်ပြန်ချက်ကို စီးပွားရေးလုပ်ငန်းရှင်များအား ကြိုတင်အသိပညာပေး ရှင်းလင်းပွဲကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း စားသုံးသူပြည်သူများအား အကာအကွယ်ပေးသော လုပ်ငန်းဖြစ်လို့ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က စားသုံးသူ အကာ အကွယ်ပေးရေး လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ယခင်လက အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အဖွဲ့ဝင်များမှ နေရာစဉ်အလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။
**ဧရာမြေ (ပုသိမ်)**



# ရက်ချ်ဖို့ဒ်ကို ခေါ်ယူရန် ဘာစီလိုနာ ကမ်းလှမ်း

စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် မန်ယူအသင်းမှ လူငယ်တိုက်စစ်မှူး ရက်ချ်ဖို့ဒ်ကို ခေါ်ယူရန် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

အသက်(၂၁)နှစ်ရှိ ရက်ချ်ဖို့ဒ်သည် မန်ယူလူငယ်အသင်းသို့ ၂၀၀၅ ခုနှစ်ကပင် ရောက်ရှိလာခြင်းကြောင့် ၎င်းကစားသမားမှာ မန်ယူအသင်း၏ ငယ်မွေးခြံပေါက် ကစားသမားဟုပင် ပြော၍ရသည်။ ရက်ချ်ဖို့ဒ်သည် နည်းပြဟောင်း မော်ရင်ဟို လက်ထက်တွင် အရန်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း လက်ရှိအသင်း၏ ယာယီနည်းပြ ဆိုးလ်ရှား လက်ထက်တွင် ပထမဦးစားပေး တိုက်စစ်မှူးအဖြစ် ပါဝင်ခွင့်ရရှိနေပြီဖြစ်သည်။

ရက်ချ်ဖို့ဒ်သည် လက်ရှိအချိန်တွင် မန်ယူအသင်း၌ တစ်ပတ်လစာ ပေါင် ၄၅၀၀၀ သာရရှိနေပြီး အသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းရှိနေသည်။ မန်ယူအသင်းသည် ရက်ချ်ဖို့ဒ်ကို တစ်ပတ်လုပ်ခလစာ နှစ်သိန်းအထိ တိုးပေးပြီး စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေသော်လည်း အချိန်ကြန့်ကြာမှုများ ရှိနေသည်။

ရက်ချ်ဖို့ဒ်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းက စတင်စိတ်ဝင်စားမှုရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းကစားသမားကို မန်ယူအသင်းက စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာနေမှုကို အခွင့်ကောင်းယူပြီး ဘာစီလိုနာအသင်းက ခေါ်ယူရန် ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် ရက်ချ်ဖို့ဒ်ကို ခေါ်ယူရန် ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းလိုက်ခြင်းဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် သုံးသိန်းခန့်ပေးဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

# မက်ဆီမှာ ထူးချွန်သည့်ပါရမီရှင် ကစားသမားဟု ကာပယ်လို ချီးကျူးပြောကြား

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် သူမတူအောင် ထူးချွန်သည့် ပါရမီရှင် ကစားသမား တစ်ဦးဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဖေဘီယိုကာပယ်လိုက ပြောကြားလိုက်သည်။

ကာပယ်လိုက ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်ဒိုနှင့် မက်ဆီတို့မှာ ရွှေဘောလုံးဆုကို ငါးကြိမ်စီ ရရှိထားကြသော်လည်း စီရိုနယ်ဒိုထက် မက်ဆီမှာ မွေးရာပါထူးချွန်သည့် ပါရမီရှင်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။ ကာပယ်လိုက ‘မက်ဆီဟာ ဘောလုံးသမား မဟုတ်ဘူး။ ပါရမီရှင်တစ်ယောက်ပါ။ ကမ္ဘာ့ဘောလုံးလောကမှာ သူဟာ အပြောင်မြောက်ဆုံး၊ အထူးချွန်ဆုံးသူတစ်ယောက်ပါ။ သူဟာ မိခင်နိုင်ငံ အာဂျင်တီးနားအသင်းနဲ့ အောင်မြင်မှုဆိုလို့ ငွေတံဆိပ်ဆုတောင်မရဖူးပါဘူး။ ဒါပေမဲ့ မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ဆုဖလားတွေ အမြောက်အမြား ရယူထားနိုင်ပြီး ကမ္ဘာ့အကောင်းဆုံး ဘောလုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နေပါတယ်။ သူ့ရဲ့ခြေစွမ်းကို ဘယ်ကစားသမားမှ လိုက်မမီနိုင်ပါဘူး’ ဟု ပြောကြားသည်။ လက်ရှိအချိန်တွင်လည်း မက်ဆီသည် မိခင်နိုင်ငံ အာဂျင်တီးနားအတွက် အောင်မြင်မှုတစ်စုံတစ်ရာ ရယူပေးနိုင်ခြင်းမရှိသော်လည်း ဘာစီလိုနာအသင်းအတွက်မူ မရှိမဖြစ် အရေးပါနေဆဲ ကစားသမားတစ်ယောက်ဖြစ်သည်။



ဟန်နေသစ် စုစည်းသည်





# ချယ်လ်ဆီးအသင်း နည်းပြဖြစ်ရန် ဇီဒန်းနှင့် လမ်းပတ်တို့ ရေပန်းစား


ချယ်လ်ဆီးအသင်းသည် ရလဒ်များ ဆက်တိုက်ဆိုးရွားနေခြင်းကြောင့် လက်ရှိနည်းပြ ဆာရီကို ထုတ်ပယ်ရန် အသင်းဘုတ်အဖွဲ့က ပြင်ဆင်နေကြောင်း သိရသည်။

တစ်ချိန်တည်းတွင် ချယ်လ်ဆီးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းကို ခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သည်။ ချယ်လ်ဆီးအသင်းက ထိုကဲ့သို့ ကမ်းလှမ်းခဲ့ရာတွင် မိမိအနေဖြင့် ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ရန် ဆန္ဒရှိနေကြောင်း၊ သို့သော် အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် ဟာဇက်ကို အသင်းတွင် ဆက်ထိန်းထားရန်နှင့် ကစားသမားသစ်များ ခေါ်ယူနိုင်ရန်အတွက် ပေါင်သန်း ၂၀၀ ထုတ်ပေးရမည်ဖြစ်ကြောင်း ဇီဒန်းက ကနဦးအကြောင်းပြန်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိနည်းပြ ဆာရီကို ထုတ်ပယ်ပြီးပါက နည်းပြအဖြစ်အစားထိုးခန့်ထားရန် ၎င်းတို့၏ပထမဆုံးပစ်မှတ်မှာ ဇီဒန်းဖြစ်ပြီး အသင်း၏ကစားသမားဟောင်းဖြစ်သူ လမ်းပတ်ကိုလည်း ခေါ်ယူရန် အစီအစဉ်ရှိနေကြောင်း သိရသည်။ လမ်းပတ်သည် လက်ရှိအချိန်တွင် အင်္ဂလန်ချန်ပီယံရှစ်ကလပ် ဒါဘီအသင်းကို နည်းပြအဖြစ် ကိုင်တွယ်နေသည်။

ချယ်လ်ဆီးနည်းပြသစ် ဖြစ်လာရန် ရေပန်းစားနေသူများတွင် ဇီဒန်းနှင့် လက်ရှိနည်းပြ ဆာရီ၏ လက်ထောက်နည်းပြဖြစ်သူ ဇိုလာတို့က နှစ်လေး-တစ်လေးစီ၊ ဂူဟက်ဒင့်က ၁၇ လေး-နှစ်လေး၊ ဆီမြွန်နီနှင့် လမ်းပတ်တို့က ၁၀ လေး-တစ်လေးစီ၊ မော်ရင်ဟိုနှင့် ဘရန်ဒန်ရော်ဂျာတို့က ၁၄လေး-တစ်လေးစီ၊ အေဗရန် ဂရန့်၊ ဆောက်ဂိတ်၊ ကွန်တီနှင့် ဂျွန်တယ်ရီတို့က ၂၀ လေး-တစ်လေးစီ အသီးသီး ရေပန်းစားနေခြင်းဖြစ်သည်။

အခြားတစ်ဖက်တွင် ချယ်လ်ဆီးအသင်းသည် နည်းပြ ဆာရီကို သုံးပွဲအခွင့်အရေးပေးထားသည်။ ယင်းသုံးပွဲမှာ မန်စီးတီးအသင်းနှင့် ကစားရမည့် ကာရာဘာအိုဖလား ဗိုလ်လုပွဲ၊ စပါး၊ ဖူလ်ဟမ်အသင်းတို့နှင့် ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ်များ ဖြစ်သည်။ ဆာရီအနေဖြင့် အဆိုပါသုံးပွဲတွင် ရလဒ်မကောင်းခဲ့ပါက အသင်းမှထုတ်ပယ်ခံရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် လက်ရှိ ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)အပြီးတွင် ရမှတ် ၅၀ ဖြင့် အဆင့်(၆)တွင် ရပ်တည်နေသည်။




အငှားကိုယ်ဝန်ဖြင့် မွေးဖွားခဲ့သည့် ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒို၏သားဖြစ်သူ အသက်(၈) နှစ်အရွယ်သာရှိသေးသည့် ခရစ္စတီယာနို ဂျူနီယာသည် လက်ရှိအချိန်တွင် ဂျူဗင်တပ် ယူ-၉ အသင်းတွင် ဝင်ရောက်ကစားလျက်ရှိရာ ၂၃ ပွဲ ကစားထားရာ ၅၈ ဂိုး သွင်းပေးထားနိုင်ပြီး ဂိုးဖန်တီးပေးမှု ၁၇ ကြိမ် ပြုလုပ်ပေးထားနိုင်သည်။



# မန်ယူအသင်း ဂါရက်ဘေးလ်ကို ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်

မန်ယူအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ဝေးလ်တောင်ပံကစားသမား ဂါရက်လ်ဘေးကို ခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။ မန်ယူအသင်း၏ ဒုဥက္ကဌဖြစ်သူ အက်ဝုဒ်ဝတ်က ဂါရက်ဘေးလ်ကို ကာလရှည် စာချုပ်တစ်ရပ်ဖြင့် ခေါ်ယူလိုကြောင်း ပြောကြားထားသည်။ သို့သော် ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများကမူ မိမိတို့အနေဖြင့် ချယ်လ်ဆီးအသင်းမှ ဟာဇက်ကို ခေါ်ယူနိုင်မှသာလျှင် ဂါရက်ဘေးလ်ကို လက်လွှတ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဂါရက်ဘေးလ်ကို ၂၀၁၃ ခုနှစ်က စပါးအသင်းထံမှ ပေါင် ၈၆ သန်းဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ် အသင်းအနေဖြင့် ၎င်းတို့၏ ကစားသမားကို ပေါင် ၁၃၁ သန်းရရှိမှသာလျှင် ထုတ်ရောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ဂါရက်ဘေးလ်ကို ခေါ်ယူနိုင်ရန်အတွက် မကြာမီအချိန်တွင် တရားဝင် ကမ်းလှမ်းသွားမည်ဖြစ်ပြီး ဖြစ်နိုင်ပါက အပြောင်းအရွှေ့အတွက် အကြိုသဘောတူညီမှုများ ရယူထားမည်ဖြစ်ကြောင်းနှင့် ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးမှာ ပေါင်သန်း ၁၀၀ ခန့်ဖြစ်နိုင်ကြောင်း မန်ယူအသင်းဘက်မှ ပြောကြားထားသည်။

# ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ပုစွန်တင်ပို့မှု အမေရိကန်ဒေါ်လာ လေးဘီလီယံရောက်ရှိရန် မျှော်မှန်းထားခဲ့

၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ပုစွန်တင်ပို့မှုကို လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ်များအရ တန်ဖိုး အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်သို့ ရောက်ရှိရန် မျှော်မှန်းထားပါကြောင်း ဗီယက်နမ်နိုင်ငံ ရေထွက်ပစ္စည်းတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ၏ ပြောပြချက်အရ သိရှိရပါတယ်။

ပုစွန်ကဏ္ဍအတွက် ခန့်မှန်းထားသည့် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရန် စတင်အာဏာ သက်ဝင်နေပြီဖြစ်သော ဥရောပသမဂ္ဂ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်အရ သွင်းကုန်အကောက်ခွန်နှုန်းများ လျှော့ကျလာသောကြောင့် ဥရောပသမဂ္ဂနိုင်ငံ ၂၈ နိုင်ငံသို့ တင်ပို့မှုနှင့် ပတ်သက်၍ အခက်အခဲများရှိပါက ထိုးဖောက်ကျော်လွှားသွားနိုင်လိမ့်မည် ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စီးပွားရေး ရည်မှန်းချက်များကို ပြည့်မီစေဖို့ ပုစွန်တင်ပို့မှုများက အောင်မြင်မှု မရရှိခဲ့ပါကြောင်းနှင့် ပုစွန်တင်ပို့မှုများမှာ ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန် ဒေါ်လာ ၃ ဒသမ ၅၅ ဘီလီယံ ရရှိခဲ့ပါကြောင်း VASEP ၏ ပြောပြချက်အရ သိရှိရပါတယ်။

ပြည်ပသို့ တင်ပို့မှုများကို တိုးမြှင့်ခြင်းအတွက် ရရှိမည့်များစွာသော အကျိုးကျေးဇူးများကြောင့် ပုစွန်လုပ်ငန်းကို ၂၀၁၈ ခုနှစ်တွင် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံရရှိဖို့ ရည်မှန်းထားခဲ့ကြောင်းနှင့် ၂၀၁၆-၂၀၂၀ ခုနှစ်ကာလအတွင်း ရေထွက်ပစ္စည်းများ၏ စီးပွားရေးကို ထိန်းထားနိုင်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သည် အစီအစဉ်တစ်ရပ်တွင် လက်ရှိတည်ရှိနေသော နည်းစနစ်နှင့် မူဝါဒများမှ အဆိုပါ အကျိုးကျေးဇူးများ ပါဝင်ပါကြောင်း သိရှိရပါတယ်။

ထို့အပြင် ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂ နိုင်ငံတို့တွင် လိုအပ်သောကုန်ပစ္စည်း အရေအတွက်များပြားခြင်းနှင့် ရာသီဥတုတို့ကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ ကဲ့သို့သော ကြီးမားသောဈေးကွက်များအတွက် ပုစွန်လိုအပ်ချက် ပမာဏမှာကျဆင်းခဲ့ရပြီး၊ ဒုတိယကွာတားအတွင်း ပြည်တွင်း ဈေးနှုန်းများမှာ တင်ပို့သည့်တန်ဖိုးနှင့် ပြည်တွင်းဈေးကွက်တို့၏ အကျိုးသက်ရောက်မှုကြောင့် ၂၀ နှင့် ၃၀ ရာခိုင်နှုန်းအကြား ကျဆင်းခဲ့ပါကြောင်း သိရှိရပါတယ်။

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာ့ပုစွန်ဈေးနှုန်းများ ကျဆင်းခဲ့ပါကြောင်းနှင့် ဗီယက်နမ်နိုင်ငံက အဆိုပါဈေးကွက်သို့ တင်ပို့မှုများကို တိုးမြှင့်မတင်ပို့နိုင်ခဲ့ခြင်းမှာ အမေရိကန် ပြည်ထောင်စုတွင် လိုအပ်သော ကုန်ပစ္စည်းအရေအတွက် များပြားခြင်းတို့ကြောင့် အိန္ဒိယ၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ကဲ့သို့သော ပုစွန်မွေးမြူသည့် နိုင်ငံများမှ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ပမာဏက တိုးတက်လာခဲ့ပါကြောင်းနှင့် တရားဝင်မဟုတ်သော နယ်စပ်ဖြတ်ကျော်သည့် ဂိတ်များမှတစ်ဆင့် ပုစွန်တင်ပို့မှုကို တရုတ်နိုင်ငံက တင်းကြပ်လိုက်သည့်နောက်ပိုင်း အိန္ဒိယ၊ အီကွေဒေါနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်ပို့သော ကုန်ပစ္စည်းအရေအတွက်များကလည်း တိုးတက်လာပါကြောင်း သိရှိရပါတယ်။

၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏အဓိကဈေးကွက်လေးခုသို့ ပုစွန်တင်ပို့မှုများသည် ယခင်နှစ်ကထက် ကျဆင်းခဲ့ပြီး၊ တရုတ်နိုင်ငံသို့ တင်ပို့သည့်တန်ဖိုးမှာ ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံသို့ တင်ပို့မှုမှာ ၉ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုများမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၃ ရာခိုင်နှုန်းတို့ အသီးသီး ကျဆင်းခဲ့ပါကြောင်းနှင့် တောင်ကိုရီးယားနှင့် ကနေဒါနိုင်ငံတို့သို့ တင်ပို့မှုများမှာ ၁ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြင့် အနည်းငယ်စီ အသီးသီး တိုးတက်လာခဲ့ပါကြောင်း သိရှိရပါတယ်။

တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၃၈ ဒသမ ၃ သန်းနှင့် တင်ပို့မှု၏ ၂၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဗီယက်နမ်နိုင်ငံမှ ပုစွန်တင်ပို့ခဲ့သည့် ဥရောပသမဂ္ဂနိုင်ငံသည် အကြီးဆုံးဈေးကွက်အဖြစ် ရှိနေသေးပါကြောင်းနှင့် White tiger ပုစွန်များတင်ပို့မှု ၂၃ ရာခိုင်နှုန်းနှင့် အခြားအမျိုးအစား ပုစွန်များ တင်ပို့မှု ၈ ဒသမ၃ ရာခိုင်နှုန်းတို့ ရှိနေစဉ်အတွင်း Whiteleg ပုစွန်တင်ပို့မှုမှာ ပုစွန်တင်ပို့မှုများ၏ ၆၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဈေးကွက်တွင် အဓိကနေရာတစ်ခုကို ဆက်လက်ရရှိထားပါကြောင်း သိရှိရပါတယ်။ **ချိုချိုမာ (ရန်ကုန်)**

# ထိုင်းနိုင်ငံသို့ ဝက်သားတင်သွင်းခွင့်ပြုရန် အမေရိကန်တိုက်တွန်း

အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်၏ အရှေ့တောင်အာရှ ပစိဖိတ် ဒေသခရီးစဉ်အတွင်း ထိုင်းနိုင်ငံ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး Chutima Bunyapraphasara နှင့် ဆွေးနွေးရာတွင် အမေရိကန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ဝက်သား တင်သွင်းမှု ခွင့်ပြုရန်နှင့် ပြည်ပလုပ်သားများ အခွင့်အရေးကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် အလုပ်သမားသမဂ္ဂများ ထူထောင်ခွင့်ပြုရန် ထပ်မံပြောကြားခဲ့ကြောင်း၊ ထိုင်းနိုင်ငံက ဆွေးနွေးရာတွင် အမေရိကန်နိုင်ငံမှ ဝက်သားတင်ပို့မှုကို ထိုင်းနိုင်ငံမှ ခွင့်ပြုထားကြောင်း၊ ဝက်သားတွင် ractopamine ပါဝင်မှုကြောင့် စားသုံးသူ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများကို လေ့လာအကဲ ဖြတ်ရန် အမေရိကန်-ထိုင်း ပူးတွဲ ကော်မတီထူထောင်ရန် အစောပိုင်းကတည်းက သဘောတူညီထားပြီးဖြစ်ကြောင်း ဆွေးနွေးခဲ့သည်ကို ဖေဖော်ဝါရီ ၂၀ ရက်က ဗန်ကောက်ပို့စ် သတင်းတွင် ဖော်ပြခဲ့သည်။

ဝက်များကြီးထွားမှုနှုန်းမြန်ရန် ဖြည့်စွက်အစားအစာအဖြစ် အသုံးပြုသော ractopamine အား လွန်ခဲ့သည့် (၁၅) နှစ်ကျော်ကတည်းက ထိုင်းနိုင်ငံမှ ပိတ်ပင်ထားကြောင်း၊ အမေရိကန် အခြေစိုက်အမျိုးသား ဝက်သား ထုတ်လုပ်သူများကောင်စီ (National Pork Producers Council-NPPC) မှ အကောက်ခွန်သက်သာခွင့် အစီအစဉ်ဖြစ်သည့် Generalized System of Preferences အား ထိုင်းနိုင်ငံမှ လိုက်နာရန် ပျက်ကွက်မှုအပေါ် ၂၀၁၈ ခုနှစ် ဧပြီလတွင် သုံးသပ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အမေရိကန်သို့ တင်ပို့သော စိုက်ပျိုးရေးထွက်ကုန်များ Most Favored Nation (MFN) အခွန်နှုန်းကို ခံစားနေစဉ် ထိုင်းနိုင်ငံမှ ဝက်သားတင်သွင်းမှုအပေါ် ကန့်သတ်မှုများ ရှိနေကြောင်း၊ သို့ပါ၍ ထိုင်းနိုင်ငံအား MFN အစီအစဉ် ခံစားခြင်းအပေါ် ကန့်သတ်မှုပြုရန် NPPC မှ ထရမ့် အစိုးရအား တိုက်တွန်းထားကြောင်း သိရှိရပါသည်။

ကျန်းမာရေးအပေါ် ractopamine ၏ အကျိုးသက်ရောက်မှု လေ့လာချက်အား မတ်လတွင် အပြီးသတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သိပ္ပံနည်းကျအထောက်အထားများအရ စားသုံးသူများ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေပါက ထိုင်းနိုင်ငံတွင်းသို့ ဝက်သားများတင်သွင်းခွင့် မပြုတော့ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်များဖြင့်သာ Ractopamine သုံးစွဲရမည့် ပမာဏကို ကန့်သတ်နိုင်မည်ဖြစ်ကြောင်း Ms Chutima က ပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။ **ခိုင်(တာချီလိတ်)**

## စာမျက်နှာ (၂၀) ကွက်လပ်များကို ဖြည့်မည့် . . . မှအဆက်

နိုင်ငံ၏ မိုးရွာသွန်းမှုပုံစံမှာ မိုးတွင်းကာလရက်ပေါင်း ၁၂၀ မှ ရက်ပေါင်း ၁၀၀ ခန့်အတွင်း ရောက်ရှိလာနေကြောင်း၊ မိုးရေချိန်မှာ မကွာခြားကြောင်း သိရပါသည်။ ဆိုလိုသည်မှာ မိုးရွာရက်နည်းနည်းနှင့် မိုးများများ ရွာလာသည့်သဘောတရားဖြစ်ပါသည်။ အဆိုပါ မိုးလေဝသ အခြေအနေသည် လယ်ယာသုံးစက်များဖြင့် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းမပြုပါက စိုက်ပျိုးထုတ်လုပ်နိုင်မှု ကျဆင်းမည့် အခြေအနေ ဖြစ်ပါသည်။ ထိုသို့သော လိုအပ်ချက်ကို အစိုးရမှတတ်အားသရွေ့ဆောင်ရွက်ပေးသော်လည်း တောင်သူများ၏စက်ကိရိယာ လိုအပ်ချက်ကို တစ်ဦးချင်းဖြည့်ဆည်းနိုင်ရန် မလွယ်ကူသေးသည်ကို တွေ့ရပါသည်။ ချေးငွေများလည်း ဆောင်ရွက်ပေးနေသော်လည်း လိုအပ်နေဆဲ ဖြစ်နေသည်ကို တွေ့နေရပါသည်။ အစိုးရ တစ်ဖက်တည်းဖြင့် ဆောင်ရွက်ခြင်းအပြင် ပုဂ္ဂလိကမှလည်း ထိုကဏ္ဍများတွင် ပူးပေါင်းကူညီမှသာ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ထိုကွက်လပ်များကို ဖြည့်ဆည်းပေးရန်တတ်နိုင်သည့်ဘက်မှ အမျိုးစုံကြိုးစားနေသည့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှာ မြင်းခြံခရိုင်တွင် ကိုးသုံးလုံးမဟာသမာဓိဟူသော အမည်ဖြင့်တည်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်စဉ်က ပဲအထူးပြုကုမ္ပဏီများ ထူထောင်ရန် ကြိုးပမ်းခဲ့ဖူးပါသည်။ အထူးပြုကုမ္ပဏီများ၏ ရည်ရွယ်ချက်မှာ ကိုးသုံးလုံးမဟာသမာဓိကုမ္ပဏီ ဆောင်ရွက်နေသော Value Chain တစ်ခုလုံးတွင် ကုမ္ပဏီမှဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်ရန် ဖြစ်ပါသည်။ တောင်သူများလိုအပ်ချက်ဖြစ်သော မျိုး၊ သွင်းအားစု၊ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လယ်ယာသုံးစက်ကိရိယာများ၊ ထွန်စက်များ၊ ရိတ်သိမ်းစက်များ၊ ရေရရှိရေးဆောင်ရွက်ချက်များနှင့် ဈေးကွက်ရရှိရေးပူးပေါင်း ဆောင်ရွက်မှုများ ဖြစ်ပါသည်။ ကိုးသုံးလုံးမဟာသမာဓိကုမ္ပဏီတွင် မျိုးထုတ်လုပ်နေသည်ကိုလည်း တွေ့နိုင်ပါသည်။ ပြောင်းအခြောက်ခံ စက်လည်း တွေ့နိုင်ပါသည်။ မြေသြဇာလည်း တွေ့နိုင်ပါသည်။ ဆီစက်လည်းရှိသည်။ ယခုတစ်ဖန် လယ်ယာသုံးစက်ကိရိယာများလည်း ရောင်းမည်၊ ငှားမည်၊ အရစ်ကျဘဏ်ဖြင့် ချိတ်ဆက်ရောင်းပေးမည်ဟု သိရပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က ကိုးသုံးလုံးမဟာသမာဓိကုမ္ပဏီနှင့် နယ်သာလန်မှ ရင်းနှီးမြှုပ်နှံသူများ ပူးပေါင်းတည်ထောင်ထားသော Agrinova trading and development Company Limited မှ မြန်မာပြည်တွင် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး စတင်ဖြန့်ချိမည့် အရည်အသွေးမြင့် BOMET တံဆိပ် (ဥရောပနိုင်ငံထုတ်) စိုက်ပျိုးရေးကိရိယာများကို ထွန်ယက်ပြသကြောင်း တွေ့ခဲ့ရပါသည်။ BOMET တံဆိပ်သည် ပိုလန်နိုင်ငံမှ ထုတ်လုပ်သော လယ်ယာသုံးထွန်ထယ်စက်ကိရိယာများဖြစ်ပြီး၊ အာလူး၊ ကြက်သွန်နီ၊ မြေပဲဖော်စက်များလည်း ပါဝင်သည်ကို တွေ့ရပါသည်။ အရည်အသွေးနှင့်ပတ်သက်ပြီး လက်တွေ့စမ်းသပ်ထွန်ယက်ပြနေသည်ကိုလည်း လေ့လာခဲ့ရပါသည်။ တတ်နိုင်သူများက ဝယ်ဖို့ဆိုင်းပြင်းနေကြသကဲ့သို့၊ မဝယ်နိုင်သေးသူများကလည်း ငှားရမ်းထွန်ပေးနိုင်မလား မေးနေသည်ကို ကြားနေရပါသည်။ အရည်အသွေးပိုင်းတွင် ယခင်က မြန်မာနိုင်ငံနှင့် မရင်းနှီးသဖြင့် တောင်သူများမှ သိချင်နေကြသကဲ့သို့၊ တရုတ်စက်များနှင့် ယှဉ်နိုင်ပါ့မလား၊ တရုတ်လုပ်စက်များမှာ ဈေးနှုန်းအားဖြင့် သက်သာနေမလားဟုလည်း တွေးနေကြမည်ထင်ပါသည်။ ကိုးသုံးလုံးမဟာသမာဓိကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ အရည်အသွေးကောင်းသည့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများရရှိ သုံးစွဲစေလိုခြင်းပင်ဖြစ်ပါသည်။ ကောင်းသည်ကမှန်ပါသည် ဈေးမတတ်နိုင်သူများကို မည်သို့ဆောင်ရွက်ပေးမည်လဲဟု မေးမြန်းကြည့်ရာတွင် လက်ငင်းမဝယ်နိုင်သူများကိုလည်း Hire Purchase စနစ်ဖြင့်၊ ဘဏ်ဖြင့်ချိတ်ဆက်ဆောင်ရွက်ပြီး ရောင်းချပေးမည်ဖြစ်ကြောင်း၊ လုံးဝမဝယ်နိုင်သူများအတွက်လည်း အငှားလိုက်ထွန်ယက်ပေးမည်ဖြစ်ကြောင်း ရှင်းပြသည်ကို သိခဲ့ရပါသည်။ တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ကွက်လပ်ကလေးဖြည့်ပေးသည်ဟု ပြောချင်မိပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် အရည်အသွေးခေတ်ကို ထူထောင်နိုင်ရန်အတွက် အရည်အသွေးကောင်းမျိုး၊ သွင်းအားစုများ၊ အရည်အသွေးကောင်း လယ်ယာသုံးစက်ကိရိယာများ၊ နည်းပညာကောင်းများဖြင့် ဆောင်ရွက်မည်ဆိုပါက တောင်သူများအနေဖြင့် နွားနှင့်ဖက်ရုန်းစရာမလိုဘဲ ဝင်ငွေကောင်းများရလာနိုင်မည်ဟု မျှော်မှန်းကြည့်မိပါသည်။ ကျွန်တော်တို့၏ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်သော 'ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်' နှင့် အလွန်ညီညွတ်နေသော ပုဂ္ဂလိကကဏ္ဍ၏ ဆောင်ရွက်ချက်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် မြင်းခြံခရိုင်ကဲ့သို့ ပူပြင်းခြောက်သွေ့သော ဒေသမျိုးတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများသည် အလွန်စွန့်စားသူများဖြစ်ကြသည်။ သူတို့ထက် စွန့်စားသူမှာ မြင်းခြံမှ စိုက်ပျိုးထုတ်လုပ်သူများကိုတတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည့်သူမှာ ပို၍စွန့်စားသူဖြစ် ပါသည်။ များများစွန့်စားသူများသည် အကျိုးအမြတ်ကောင်းကောင်း ရရှိနိုင်သည်ဟူသော စကားနှင့်အညီ စွန့်စားခြင်းကိုစီမံခန့်ခွဲသည့် နည်းပညာဖြင့် ထိန်းသိမ်းကာ တောင်သူများအနေဖြင့် အကျိုးကျေးဇူးကောင်းများရပါစေကြောင်း ဆုတောင်းပေးလိုက်ပါသည်။

# ပါကစ္စတန်နိုင်ငံအတွက် ခွင့်ပြုထားသည့် MFN status ပြန်လည်ရုပ်သိမ်းခြင်းအား အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက WTO သို့ အသိပေးအကြောင်းကြားမည်

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ အကြားဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေကြောင့် ပါကစ္စတန်သို့ ခွင့်ပြုထားခဲ့သည့် MFN Status ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကာ အဆိုပါ ဆုံးဖြတ်ချက်အား အိန္ဒိယကူးသန်း ရောင်းဝယ်ရေးဝန်ကြီးက WTO သို့ မကြာမီ အသိပေးအကြောင်းကြားလိမ့်မည်ဟု တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၈ ဒသမ ၅ သန်းတန်ဖိုးရှိ ပါကစ္စတန်ကုန်စည်များကို အိန္ဒိယကတင်သွင်းခဲ့ပြီး MFN status ရုပ်သိမ်းလိုက်သည့် ယခုဆုံးဖြတ်ချက်ကြောင့် အိန္ဒိယသို့ တင်သွင်းသည့် ပါကစ္စတန်ကုန်စည်များအပေါ် သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပါကစ္စတန်နိုင်ငံအပေါ် ခွင့်ပြုထားသည့် MFN status အား ပြန်လည်ရုပ်သိမ်းရာ၌ လုံခြုံရေးခြွင်းချက်ပါရှိသည့် WTO ၏ အပိုဒ်ခွဲ ၂၁ (Article 21) ကို မှီငြမ်းကိုးကားပြီး ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာနက WTO သို့ အကြောင်းကြား စာပေးပို့လိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် ယင်းဝန်ကြီးဌာနသည် ပါကစ္စတန်မှ အိန္ဒိယသို့ တင်သွင်းနေသည့် ကုန်စည်များစာရင်းကို ပြုစုကာ အခွန်တိုးမြှင့် ကောက်ခံခြင်းကိုလည်း ဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယက တင်သွင်းနေသည့် ပါကစ္စတန်နိုင်ငံထုတ် အဓိကကုန်စည်များမှာ သစ်သီး၊ ဘိလပ်မြေ၊ ရေနံထွက်ပစ္စည်းများ၊ တွင်းထွက်ပစ္စည်းနှင့် သတ္တုရိုင်းများနှင့်လယ်သာကုန်ချောတို့ဖြစ်ကြောင်း၊ အိန္ဒိယသည် ပါကစ္စတန်နိုင်ငံအတွက် MFN status ကို ၁၉၉၆ ခုနှစ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့သော်လည်း ပါကစ္စတန်ကလည်း အိန္ဒိယအတွက် အပြန်အလှန်မှုအားဖြင့် ပြန်လည်ခွင့်ပြုရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပါကစ္စတန်က MFN status ကို အိန္ဒိယအတွက် ယနေ့တိုင် ခွင့်ပြုပေးထားခြင်းမရှိသေးကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇ ဘီလီယံသာရှိခဲ့သော်လည်း ၂၀၁၇-၁၈ တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁ ဘီလီယံသို့အနည်းငယ်တိုးလာခဲ့ကြောင်း၊ ၂၀၁၇-၁၈ အတွင်း အိန္ဒိယက ပါကစ္စတန် ထုတ်ကုန်စည်အမျိုးမျိုး အမေရိကန်ဒေါ်လာ ၄၈၈ ဒသမ ၅ သန်းဖိုး တင်သွင်းခဲ့ပြီး၊ ပါကစ္စတန်သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂ ဘီလီယံဖိုးတင်ပို့ခဲ့ကြောင်း၊ ပါကစ္စတန်သို့ အဓိကတင်ပို့သည့် အိန္ဒိယပို့ကုန် အမယ်များမှာ ဝါဂွမ်း၊ ချည်ခင်၊ ဓာတုပစ္စည်း၊ ပလတ်စတစ်၊ လက်လုပ်ချည်ခင်နှင့် ဆိုးဆေးများတို့ဖြစ်ကြောင်း သိရှိရပါသည်။

ယခုဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ကုန်သွယ်ရေးပညာရှင်များက နှစ်နိုင်ငံအကြား နှစ်စဉ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသုံးဘီလီယံအောက်တွင်သာရှိသည့်အတွက် အိန္ဒိယ၏ကုန်သွယ်မှုအပေါ် သိသာသည့်သက်ရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း၊ MFN status ရုပ်သိမ်းသည့် အိန္ဒိယ၏ဆုံးဖြတ်ချက်အပေါ် ပါကစ္စတန်က WTO သို့ တင်ပြလာနိုင်ဖွယ်ရှိသော်လည်း ပါကစ္စတန်က အိန္ဒိယအတွက် အပြန်အလှန်အားဖြင့် MFN status ခွင့်ပြုထားခြင်း မရှိသောကြောင့် ယင်းတို့၏တင်ပြချက်မှာ အားနည်းလိမ့်မည်ဟု သုံးသပ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ဟောင်ကောင်၏ Data Centre ဈေးကွက်မှာ ယခုနှစ်တွင် ၁၇ ရာခိုင်နှုန်းမြင့်တက်မည် မျှော်မှန်း

ဟောင်ကောင်၏ Data Centre ဈေးကွက်မှာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၃ ဘီလီယံတန်ဖိုးထိ ၁၇ ရာခိုင်နှုန်းမြင့်တက်မည် မျှော်မှန်းထားပြီး၊ Data Centre ဝန်ဆောင်မှုအတွက် ငှားရမ်းမှုနှုန်း မြင့်မားလာခြင်းမှာလည်း ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုတစ်မျိုး ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်တွင် အဓိကပါဝင်သောလုပ်ငန်း ၃ ခုမှ ၂၀၂၃ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံထိ ထပ်မံတိုးမြှင့်နိုင်မည် မျှော်မှန်းကြောင်း သိရှိရပါသည်။ ဂျပန်နိုင်ငံ၏ အကြီးဆုံး တယ်လီကွန်မြူနီကေးရှင်းကုမ္ပဏီဖြစ်သည့် Nippon Telegraph and Telephone Corporation ၏ လက်အောက်ခံဖြစ်သော ဟောင်ကောင်အခြေစိုက် NTT Communications ၏ ရင္ဂွေမှာ စုစုပေါင်းဈေးကွက်၏ ၂၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရှိရပါသည်။

ဟောင်ကောင်၏ Data Centre (၅၇) ခုအတွက် ဆက်သွယ်ရေးလုပ်ငန်းပေါင်း (၄၄) ခုမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဟောင်ကောင်အတွင်း Data Centre ဝန်ဆောင်မှုအတွက် ငှားရမ်းခမှာ ကမ္ဘာလုံးဆိုင်ရာတွင် အမြင့်ဆုံးဖြစ်ပြီး ရင်းနှီး တည်ဆောက်သူများနှင့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ လုပ်ငန်းများအတွက် ဆွဲဆောင်မှုရှိသော လုပ်ငန်းတစ်ခုဖြစ်လာကာ ဝယ်လိုအားမြင့်တက်ခဲ့ပြီး Data Centre ဝန်ဆောင်မှုအတွက် ငှားရမ်းခနှုန်းထားများကိုမြင့်မားလာစေခဲ့ကြောင်း၊ အဆိုပါ ငှားရမ်းခနှုန်းမြင့်မားလာမှုမှာ စင်တာများအတွက် ယှဉ်ပြိုင်နိုင်စွမ်းကို အတားအဆီးတစ်ခုဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

ဒီဇင်ဘာလတွင် Sunivision Holidays မှ Data Centre အတွက် (၁) စတုရန်းပေလျှင် ဟောင်ကောင်ဒေါ်လာ ၄၅၀၉ ဒေါ်လာနှုန်းဖြင့် ဟောင်ကောင်ဒေါ်လာ ၅ ဒသမ ၄၆ ဘီလီယံ သုံးစွဲခဲ့သည်။ အဆိုပါဈေးနှုန်းမှာ မြေယာများ တန်ဖိုးသတ်မှတ်မှု၏ အမြင့်ဆုံးသတ်မှတ်ချက်ထက် ၄၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဟောင်ကောင်မှာ AWS Microsoft၊ Google နှင့် Alibaba group ကဲ့သို့အဆင့်မြင့် Cloud providers များကို Data Centre ဝန်ဆောင်မှုပေးနိုင်သည့် အခြား နိုင်ငံတကာ ဒေတာစင်တာများအနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းများမှာဎင်းတို့၏ Data Centre Capacity လိုအပ်ချက်အား ၎င်းတို့ကိုယ်ပိုင် တည်ဆောက်ခြင်း မဟုတ်ဘဲ providers များထံမှသာ အပြည့်အဝ ငှားရမ်းသုံးစွဲကြကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင် (စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**




# ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်း တရုတ်ကုန်စည် ၉၉ ခုအပေါ် Anti-dumping duty သတ်မှတ်စည်းကြပ်ပြီးဖြစ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာန ထုတ်ပြန်

အစိုးရသည် ပြည်ပမှဈေးပေါသော သွင်းကုန်များကြောင့် ပြည်တွင်းထုတ်လုပ်သူများအား ထိခိုက်နစ်နာခြင်းကို ကာကွယ်ရန်အတွက် လက်ရှိဘဏ္ဍာနှစ် ဇန်နဝါရီ ၂၈ ရက်ထိ တရုတ်ကုန်စည် ၉၉ ခုအပေါ် Anti-dumping duty သတ်မှတ်စည်းကြပ်ထားပြီးဖြစ်သည် ဟု အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အောက်လွှတ်တော်သို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရှင်းလင်းပြန်ကြားခဲ့ကြောင်း သိရှိရပါသည်။

ယင်းပြန်ကြားစာတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ Anti-dumping duty သတ်မှတ်စည်းကြပ်လျက်ရှိသော တရုတ်ကုန် စည်များတွင် ဓာတုပစ္စည်း၊ ချည်ထည်၊ ချည်ခင်၊ စက်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါး၊ ရော်ဘာနှင့် သံမဏိတို့ပါဝင်ကြောင်း သိရှိရပါသည်။

ယင်းအခွန်စည်းကြပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မျှတသည့် ကုန်သွယ်မှု အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် ပြည်တွင်းထုတ်လုပ်သူများအတွက် ပြည်ပထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ရာ၌ တန်းတူရည်တူရှိသည့် နယ်ပယ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ရန်ဖြစ်ကြောင်း၊ ထိုမျှသာမက အစိုးရသည် တရုတ်သို့အိန္ဒိယပို့ကုန်များ တင်ပို့ရာ၌ကြုံတွေ့နေရသည့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို ပိုမိုနည်းပါးစေခြင်းအားဖြင့် ကုန်သွယ်မှုလိုငွေကွာဟချက် လျှော့ချနိုင်ရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ပုံဖော်ဆောင်ရွက်နေသည်ဟုလည်း ပြန်ကြားစာတွင် ဖော်ပြပါရှိကြောင်း၊ ထိုမျှသာမက အိန္ဒိယစိုက်ပျိုးရေးထွက်ကုန်များ၊ တိရစ္ဆာန်အစားအစာများ၊ ဆီထွက်သီးနှံများ၊ နို့နှင့်နို့ထွက်ပစ္စည်းများနှင့် ဆေးဝါးအမျိုးမျိုးတို့အတွက် ဈေးကွက်ရရှိရေးသက်ဆိုင်ရာ တရုတ်တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်းကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း သိရှိရပါသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်၊ ဧပြီမှ ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံထုတ်ပစ္စည်းများ အိန္ဒိယသို့တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၇ ဘီလီယံခန့်သာရှိခဲ့ပြီး၊ ၂၀၁၇-၁၈ အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၃၈ ဘီလီယံထိရှိခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းဟောင်ကောင်၏ တံဆိပ်ခေါင်းခွန်ရငွေ ၁၀ ရာခိုင်နှုန်းထိကျဆင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် တံဆိပ်ခေါင်းခွန်ရငွေမှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုကြောင့် ဟောင်ကောင်ဒေါ်လာ ၁၀၀ ဘီလီယံရရှိမည် ခန့်မှန်းထားသော်လည်း ၈၉ ဒသမ ၇ဘီလီယံ သာရရှိခဲ့ပြီး၁၀ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း PwC ၏ စစ်တမ်းတွင် ဖော်ပြထားပါသည်။ ထိုသို့ ကျဆင်းရခြင်းမှာ စတော့ဈေးကွက်နှင့် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ကျဆင်းမှုကြောင့်ဖြစ်ကြောင်း၊ သို့ရာတွင် ယခု ဘဏ္ဍာရေးနှစ်တွင် ဟောင်ကောင်၏ စုစုပေါင်းရငွေမှာ ဟောင်ကောင် ဒေါ်လာ ၅၇၆ ဒသမ ၁ဘီလီယံနှင့် အသုံးစရိတ်မှာ ၅၃၀ ဘီလီယံရှိကာ ဘဏ္ဍာပိုလျှံငွေမှာ မူလမျှော်မှန်းထားသည့် ဟောင်ကောင်ဒေါ်လာ ၄၆ ဒသမ ၆ ဘီလီယံနှင့် ကွာဟမှုအနည်းငယ်သာရှိခဲ့ပြီး ၄၆ ဒသမ ၁ ဘီလီယံရရှိနိုင်မည် ခန့်မှန်းကြောင်းဖော်ပြထားပါသည်။

နိုင်ငံခြားရန်ပုံငွေအနေဖြင့်မတ်လကုန်တွင် ဟောင်ကောင် ဒေါ်လာ ၁ ဒသမ ၁၄၉ ထရီလီယံရှိမည် မျှော်မှန်းထားကြောင်း၊ ဟောင်ကောင်၏ ဘဏ္ဍာရေးအခြေအနေမှာ ကောင်းမွန်နေသေးသော်လည်း ရငွေတိုးတက်မှုနှုန်းမှာ အသုံးစရိတ်မြင့်မားမှုနှုန်းထက် လျော့နည်းနေသေးကြောင်း၊ အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားဖြစ်သော ဆန်းသစ်တီထွင်မှုနှင့် နည်းပညာကဲ့သို့ လုပ်ငန်းများကို မြှင့်တင်နိုင်မည့် အစီအမံများ ချမှတ်သင့်ကြောင်း၊ ဟောင်ကောင်၏ ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်နိုင်ရန် တစ်ဖက်တွင် ဟောင်ကောင်၏ အဓိကလုပ်ငန်းများအား ရင်းနှီးငွေတိုးမြှင့်သကဲ့သို့ တခြားတစ်ဖက်တွင်လည်း ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဗဟိုချက်တစ်ခုအဖြစ် မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုနှင့် အနာဂတ်အလားအလာအားသေချာမှုရှိစေရေး လက်ရှိကျင့်သုံးနေသည့် အခွန်စနစ်အား ပြန်လည်သုံးသပ်မှု တစ်ခုဆောင်ရွက်သင့်ကြောင်း တိုက်တွန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# စီးပွားရေးလုပ်ငန်းများအလုပ်အကိုင်ဖန်တီးနိုင်အောင် တောင်ကိုရီးယားအစိုးရကဆွဲဆောင်မှုပေး

စည်ပင်သာယာအစိုးရအဖွဲ့များနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ အလုပ်အကိုင်များဖန်တီးပါက ကုမ္ပဏီများအား မက်လုံးများအမျိုးမျိုးပေးမည့် အစီအစဉ်များကို တောင်ကိုရီးယားအစိုးရက ဖေဖော်ဝါရီ ၂၁ ရက်မှာ ထုတ်ပြန်ခဲ့ကြောင်း ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

အဆိုပါမက်လုံးများတွင် ရင်းနှီးမြှုပ်နှံမှု ထောက်ပံ့ကြေးနှင့်အခွန်လျှော့ချမှုများပါဝင်သကဲ့သို့ စက်မှုလုပ်ငန်းဒေသများတွင် ငှားရမ်းခနှုန်းထားများအားလျှော့ချပေးခြင်းများလည်း ပါဝင်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အကယ်၍ ကုမ္ပဏီတစ်ခုသည် ဝမ်ဘီလီယံ ၉၀ ရင်းနှီးမြှုပ်နှံပါက စည်ပင်သာယာအစိုးရထံမှ ဝမ် ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်း) ပြန်လည်ရရှိမှာဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ယခုဆောင်ရွက်မှုသည် စီးပွားရေး နှေးကွေးကျဆင်းနေချိန်၌ အလုပ်အကိုင်များဖန်တီးနိုင်အောင် အစိုးရက



ကြိုးပမ်းဆောင်ရွက်သည့် အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ဂွမ်ဂျူးမက်ထရိုပိုလီတန်စီးတီးနှင့် ဟွန်ဒိုင်းမော်တာကုမ္ပဏီတို့ ဆောင်ရွက်လျက်ရှိသော ပုံစံမှာ၎င်းပုံစံကိုအခြေပြုဆောင်ရွက်ထားသောပုံစံဖြစ်သည်။

ဟွန်ဒိုင်းမော်တာကုမ္ပဏီသည် ပြိုင်ကားငယ်များ ထုတ်လုပ်ရန်အတွက် ဆိုးလ်မြို့၏အနောက်တောင်ဘက် ကီလိုမီတာ ၃၃၀ အကွာရှိ ဂွမ်ဂျူးစက်တပ်ဆင်ရေးစက်ရုံအတွက် ဝမ် ၅၃ ဘီလီယံရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ကို ဇန်နဝါရီလအတွင်းက ကြေညာခဲ့သည်။

ဖက်စပ်ကုမ္ပဏီတွင် မော်တော်ကားကုမ္ပဏီကရှယ်ယာ ၁၉ ရာခိုင်နှုန်းပါဝင်ကာ ဂွမ်ဂျူးမက်ထရိုပိုလီတန်စီတီးက ဝမ် ၅၉ ဘီလီယံဖြင့် ရှယ်ယာတန်ဖိုး ၂၁ ရာခိုင်နှုန်းပါဝင်ထားသည်။ စည်ပင်သာယာအဖွဲ့က ရင်းနှီးမြှုပ်နှံမှုဝမ် ၁၆၈ ဘီလီယံရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖက်စပ်ကုမ္ပဏီသည် ဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ နောက်ထပ်၍ ဝမ်ဘီလီယံ ၄၂၀ ချေးငွေရရှိအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

မော်တော်ကားတပ်ဆင်ရေး စက်ရုံသစ်သည် ၂၀၁၈ ခုနှစ်က အလုပ်လက်မဲ့ ၃ ဒသမ ၈ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သော ဂွမ်ဂျူး၌ အလုပ်အကိုင် ၁၁၀၀၀ ဖန်တီးရန်စီစဉ်ထားသည်။

ဂွမ်ဂျူးနှင့်ဆောင်ရွက်သော ဟွန်ဒိုင်းမော်တာ၏ အစီအစဉ်က တောင်ကိုရီးယား စီးပွားရေးပြန်လည်ရှင်သန်ရေးအတွက်အခွင့်အလမ်းများကိုပေးပြီး ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးတိုးတက်မှုသဘောတူစာချုပ်များအတွက် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ကြောင်း ကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီး ဆန်ယွန်မိုက ပြောသည်။

**စံမီအောင်**



# အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်၏ ရည်မှန်းချက်များအပေါ်ယုံကြည်မှုရှိ

အာဆီယံနိုင်ငံများနှင့် အခြားသော အာရှပစိဖိတ်ခြောက်နိုင်ငံတို့ကို ဆက်သွယ်ပေးမည့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်၏ စည်းကမ်းသတ်မှတ်ချက်များကို ယခုနှစ်ကုန်တွင် ချမှတ်နိုင်လိမ့်မည်ဟု အာဆီယံကုန်သွယ်ရေးဝန်ကြီးများက ယုံကြည်ကြောင်း ထိုင်းနိုင်ငံနေးရှင်းသတင်းတွင် ဖော်ပြသည်။

ယခုနှစ်တွင် အာဆီယံအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ထိုင်းနိုင်ငံကဆောင်ရွက်ချိန်တွင် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) ကိုယခုနှစ်ကုန်၌ အပြီးသတ်ဆောင်ရွက်ရန် အရာရှိ များက သတ်မှတ်ပြီးဖြစ်သည်။ နိုင်ငံစုံလွတ်လပ်စွာကုန်သွယ်ရေးမူဘောင်အရ အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံများမှာ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်တို့ဖြစ်ကြသည်။

RCEP စေ့စပ်ညှိနှိုင်းရေး ကော်မတီသည် ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ထိုင်းနိုင်ငံကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းရေးဌာနညွှန်ကြားရေးမှူးချုပ် အော်ရာ မွန်ဆူသာ





ဝီသွန်ကပြောသည်။ ဆွေးနွေးမှုများကို ဖေဖော်ဝါရီ ၂၈ ရက်တွင် အပြီးသတ်ဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲထားပြီး ဖြစ်သည်။ အဆိုပါ အစည်းအဝေးမှာ စေ့စပ်ညှိနှိုင်းရေး ဆွေးနွေးမှုများ အပြီးသတ်ဆောင်ရွက်ရန်အတွက် ရည်ရွယ်ပြုလုပ်သော အစည်းအဝေးများတွင် ၂၅ ကြိမ်မြောက် အစည်းအဝေးဖြစ်သည်။

ဆွေးနွေးပွဲများတွင် သဘောတူစာချုပ်၏ အခန်းပေါင်း ၁၃ ခန်းကို ဆွေးနွေးမည်ဖြစ်ပြီး ထုတ်ကုန်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပင်ရင်းနိုင်ငံအထောက်အထား၊ ကုန်သွယ်မှုကုစားချက်များ၊ လူပုဂ္ဂိုလ်နှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှု၊ အီးကောမတ်စ်နှင့် ယှဉ်ပြိုင်မှုဥပဒေစသည့် အချက်များ ပါဝင်သည်။

မူဘောင်အရအခန်းခုနစ်ခန်းကို အပြီးသတ်ရေးဆွဲထားပြီးဖြစ်သည်။ ရေးဆွဲထားပြီးသော အခန်းများတွင် သန့်ရှင်းရေးနှင့် အပင်များတင်ပို့ရာတွင် ရောဂါဘယကင်းရေး၊ နည်းပညာဆိုင်ရာကြီးကြပ်မှု၊ အဖွဲ့အစည်းများ၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ အစိုးရဝယ်ယူဖြည့်တင်းရေး၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးနှင့်အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ စသည့် ကိစ္စရပ်များပါဝင်သည်။

**စံမီအောင်**

# နည်းပညာ အချက်အချာ ဒေသအဖြစ် ထူထောင်ရန် အင်ဒိုနီးရှားနိုင်ငံ ရည်ရွယ်

ဒစ်ဂျစ်တယ် နည်းပညာသည် မကြာမီကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် အရေးပါလာတော့မည်ဖြစ်ကြောင်း စီးပွားရေးပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးရုံးမှ အရာရှိတစ်ဦးဖြစ်သူ ရူဒီဆာလာဟတ်ဒင်၏ ပြောကြားချက်ကို ကိုးကား၍ The Jakarta Post သတင်းတွင် ဖော်ပြသည်။

ရည်မှန်းချက်အကောင်အထည်ဖော်ရေးအတွက် ဤကဏ္ဍနှင့် ပတ်သက်သောစည်းမျဉ်း ဥပဒေငါးခုကို အစိုးရက အသစ်ထုတ်ပြန်မည် သို့မဟုတ် ပြန်လည်ပြင်ဆင်သွားမည်ဖြစ်သည်။ ထိုစည်းမျဉ်းဥပဒေများတွင် အီးကောမတ်စ်ဆိုင်ရာ အစိုးရ၏ကြီးကြပ်မှု၊ ပုဂ္ဂလိကဒေတာအချက်အလက်ကာကွယ်ရေးဥပဒေကြမ်းနှင့် အီးကောမတ်စ်အခွန်အကောက်ဆိုင်ရာ အခွန်ရုံးလုပ်ထုံးလုပ်နည်းများ စသည့်အချက်တို့ပါဝင်သည်။

"ဒစ်ဂျစ်တယ်နည်းပညာကိုနိုင်ငံအနှံ့ သုံးစွဲလာတော့မှာဖြစ်ပါတယ်။ ဒီလိုသုံးစွဲလာကြမယ်ဆိုရင် ဒစ်ဂျစ်တယ်လုပ်ငန်းပြန့်ပွားရေးအတွက် အစိုးရက ပြင်ဆင်ရာမှာ ပိုမိုကျယ်ပြန့်တဲ့ မဟာဗျူဟာတစ်ရပ်လိုအပ်မှာဖြစ်ပါတယ်" ဟုတီထွင် ဖန်တီးမှုစီးပွားရေး၊ စီးပွားရေးလုပ်ငန်းနှင့် SME များ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဝန်ကြီးဌာန လက်ထောက်ဝန်ကြီးဖြစ်သူ ရူဒီက မကြာသေးမီက ပြုလုပ်သော ဆွေးနွေးပွဲတွင် ပြောသည်။

သမားရိုးကျစက်မှုလုပ်ငန်းများ အွန်လိုင်းကို ဆက်သွယ်နိုင်ရေးအတွက် အထောက်အကူပေးခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဤကဏ္ဍက နိုင်ငံစီးပွားရေးကို ကြီးမားစွာ အထောက်အကူပေးမှာဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာသစ်တွင်ဖော်ပြထားသည်။ ရူဒီ၏အမြင်မှာ အစီရင်ခံစာပါ အချက်များနှင့် ကိုက်ညီလျက်ရှိသည်။

ဒစ်ဂျစ်တယ်ကုန်သွယ်ရေးကဏ္ဍသည် ၂၀၃၀ ပြည့်နှစ်တွင်ပြည်တွင်းစီးပွားရေး တစ်ခုတည်းအတွက် ရူပီး ထရီလီယံ ၂၃၀၀ အထိရှိသော စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးနိုင်လိမ့်မည်ဟု အစီရင်ခံစာတွင် ခန့်မှန်းထားသည်။

**စံမီအောင်**




မြန်မာနိုင်ငံသားများဖြင့် စုစည်းတည်ထောင်ထားသော **NEVER OLD TRADING CO.,LTD** မှ နိုင်ငံတကာအဆင့်မှီ အရည်အသွေးဖြင့် **STRUCTURAL INSULATED PANEL** များကို မြန်မာပြည်အနှံ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည် ဖြစ်ပါ၍ လုပ်ငန်းရှင် မိတ်ဆွေတို့ အနေဖြင့် နိုင်ငံခြားမှ မှာယူတင်သွင်းရန် မလိုအပ်တော့ပဲ အချိန်တိုတိုအတွင်းမှာ ပြည်တွင်းဖြစ်ထုတ်ကုန်များကို လိုအပ်သည့် အချိန်တိုင်းမှာ မှာယူရရှိနိုင်ပါပြီ။

## SPECIFICATIONS
TYPICAL PHYSICAL PROPERTIES

| PROPERTY | RESULTS |
|---|---|
| Injected Overall Density (Kg/m³) | 43 ± 2 |
| Thermal Conductivity (W/m°K) | 0.022 - 0.024 |
| Tensile Strength (KPa) | 300 - 600 |
| Bonding Strength (KPa) | 300 - 580 |
| Shear Strength (KPa) | 120 - 300 |
| Water Absorption (volume change %) | <2 |
| Closed Cell content (%) | >90 |
| Water Vapor Transmission | 1.8 - 3.0 |
| Flash Point (°C) | 300 |
| Stable Operating Temperature (°C) | -40 to +80 |

## Product Application








- Industrial Coldroom & Hot Room.
- Electronic/Pharmaceutical Clean Room.
- Food Processing Plant/ Factory.
- Polatry Farms.
- Telecommunication Cabins.
- Schools.
- Mining & Platation Quarters.
- Modular Systems.
- Prefabricated Houses & Buildings.

*Make local Standard Global*

Office Address: No. 8/9, 3rd Floor, Thanthumar Street, Gagyi Ward, Thingangyun Township,Yangon, Myanmar.
Ph : 09773179881, 09773179882, 09773179883, 09773179884, 09773179886, 09773179887.
Email : info@neverild.com.my
Website : www.neverold.com.my

# Myanmar Essential World Construction & Trading Co., Ltd

## မြန်မာမရှိမဖြစ်ကမ္ဘာဆောက်လုပ်ရေးနှင့်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်




**Myanmar Essential World Construction & Trading Co.,Ltd** မှ

- တိုက်ခန်းများ၊ လုံးချင်းအိမ်ရာများကို (၃၀) ရာခိုင်နှုန်းအထူးလျှော့ဈေးဖြင့် (၅) နှစ်အရစ်ကျရောင်းပေးနေပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။
- Saloon၊ Pickup၊ Wagon ၊ Taxi ကားများကို (၁၀) ရာခိုင်နှုန်းအထူးလျှော့ဈေးနှုန်းဖြင့်ရောင်းချပေးနေသည့်အပြင်နိုင်ငံခြားမှကားများကို လေလံမှာယူတင်သွင်းလိုသူများကိုလည်း ကုမ္ပဏီမှလက်ခံဆောင်ရွက်ပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
- ကျောက်စိမ်း၊ မိုးကုတ်တွင်းထွက်ပတ္တမြား၊ နီလာစသည့်ကျောက်မျက်ရတနာ မျိုးစုံအား (၁၀) ရာခိုင်နှုန်းအထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။
- လှည်းကူးမြို့နယ်၊ ပဲခူးမြို့နယ်၊ သန်လျင်မြို့နယ်၊ (သီလဝါစက်မှုဇုံမျက်နှာချင်းဆိုင်)၊ တာချီလိတ်မြို့နယ်ရှိမြေကွက်များကိုလည်း (၂၀) ရာခိုင်နှုန်း အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
- ဟိုတယ်အိမ်ရာအပန်းဖြေစခန်း၊ စက်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်သူများနှင့်ဥယျာဉ်ခြံမြေစိုက်ပျိုးလိုသူများ M.E.W Co.,Ltd သို့အမြန်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှတ်(၂၉)မြေညီထပ်၊ ပုညဝနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

09-5157337, 09-965157337, 09-5174546, 01-209320, 01-554703

myanmarmssentialworld2011@gmail.com
koaye@myanmarmssentialworld.com
www.myanmarmssentialworld.com



# CHERRY OO

# ချယ်ရီဦး Member များအတွက် အထူးခံစားခွင့်များ




မွေးလ - 25% / ပုံမှန် - 10%
( ၁၀ သိန်းနှင့်အထက် )

မွေးလ - 40% / ပုံမှန် - 20%
( သိန်း ၂၀၀ နှင့်အထက် )

မွေးလ - 30% / ပုံမှန် - 13%
( သိန်း ၅၀ နှင့်အထက် )

မွေးလ - 35% / ပုံမှန် - 15%
( သိန်း ၁၀၀ နှင့်အထက် )

မွေးလ - 20% / ပုံမှန် - 5%
( ၁ သိန်းနှင့်အထက် )

https://www.facebook.com/cherryoowatchgallery
https://www.instagram.com/cherryoowatchgallery
https://www.cherryoo.com

**Contact**
09 730 222 48, 09 451 522 228

# COMMERCE INTERNATIONAL


# ပြည်ပနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် SMEs များကို ကာကွယ်နိုင်မည့် ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်အစိုးရပြောကြား

ပြည်ပနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် SMEs များအတွက် မူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်ကဲ့သို့ အသိဉာဏ်ပစ္စည်းများကို ကာကွယ်နိုင်မည့် ဝန်ဆောင်မှုများတိုးချဲ့ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီမှ ပြောကြားခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် ကုန်သွယ်မှုဆိုင်ရာ ကိုယ်ကျိုးကာကွယ်မှုများနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာယှဉ်ပြိုင်မှုများ ပြင်းထန်လာသည့်အတွက် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီအနေဖြင့် အခြားနိုင်ငံအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်လျက် ကမ္ဘာလုံးဆိုင်ရာ ဝန်ဆောင်မှုကွန်ရက်မှတစ်ဆင့် ဆန်းသစ်တီထွင်မှု၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်လျှောက်ထားခြင်းနှင့် ကာကွယ်မှုများ မြှင့်တင်နိုင်ရန်အတွက် SMEs များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်/သွင်းကုန်အတွက် လုပ်ငန်းစဉ်များတွင် ဖြစ်ပေါ်နိုင်မည့် ဥပဒေဆိုင်ရာ ပြဿနာများတွင် အက်စ်အမ်အီးလုပ်ငန်းများကို အကြံဉာဏ်ပေးနိုင်ရန်အတွက် ဥပဒေဆိုင်ရာ အကြံပေးမှုများ



အား ဆက်လက်မြှင့်တင်သွားမည်ဖြစ်ပြီး တိုင်ကြားမှုအတွက် complaint hotlines နှင့် တစ်နေရာတည်းတွင် ပြီးစီးနိုင်သည့် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုပလက်ဖောင်းအား တည်ထောင်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ တရားစွဲဆိုမှုကိစ္စရပ်များ သို့မဟုတ် နိုင်ငံတကာ အငြင်းပွားမှုတို့တွင် ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် ပြည်ပနိုင်ငံများ၏ ဥပဒေဆိုင်ရာသတင်း အချက်အလက်များ၊ လိုအပ်ချက်များ၊ သုတေသနစာတမ်းများအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိ ရပါသည်။

အေဂျင်စီအနေဖြင့် ဖြစ်နိုင်ခြေရှိသော စီးပွားရေးနှင့် ကုန်သွယ်မှု အငြင်းပွားမှုများအတွက် အက်စ်အမ်အီးများကို ကြိုတင်အသိပေးသည့် ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာမှ အဖွဲ့အစည်းပေါင်း ၂၀၀ ကျော်ဖြင့် မိတ်ဖက်လုပ်ငန်းများအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်နိုင်ခြေရှိသည့် နိုင်ငံရေး၊ လုံခြုံရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးနိုင်မှုအန္တရာယ်များကြိုတင်သိရှိတုံ့ပြန်နိုင်ရန် သုတေသနပြုလုပ်မှုများဆောင်ရွက်၍ အက်စ်အမ်အီးများသို့ သတင်းအချက်အလက်များ အချိန်မီ ပေးပို့ကူညီပံ့ပိုးနိုင်ရန်အတွက် ကြိုတင်ဆောလျင်စွာ သတင်းပေးသည့် ယန္တရားတစ်ရပ် တည်ထောင်သွားမည်ဖြစ်ကြောင်း၊ အက်စ်အမ်အီးများ၏ လျင်မြန်သောထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ပြုလွယ်ပြောင်းလွယ်ရှိသောလုပ်ငန်းအုပ်ချုပ်မှုပုံစံနှင့် စရိတ်စကသက်သာမှု စသည့် အားသာချက်များကြောင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အထူးသဖြင့် ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းတစ်လျှောက်ရှိ နိုင်ငံများတွင် ဝင်ရောက်ပေါင်းစည်းမှုကို အများဆုံးဆောင်ရွက်နိုင်ကြောင်း နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာန ဒုတိယဉက္ကဋ္ဌက ပြောကြားခဲ့ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## အိန္ဒိယ အနောက်မြောက်ဒေသတွင် မိုးနှင့် မိုးသီးမုန်တိုင်းများက မုန်ညင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများကို ပျက်စီးစေခဲ့

အိန္ဒိယအနောက်မြောက်ဒေသတွင် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် သည်းထန်စွာ ရွာသွန်းသည့် မိုးများနှင့် မိုးသီးမုန်တိုင်းများကြောင့် အဆိုပါဒေသရှိ ဆီထွက်သီးနှံစိုက်ခင်းများနှင့် အခြားပျက်စီးလွယ်သည့် ပဲလုံး (peas)၊ အာလူးနှင့် ပန်းမုန်လာထုပ်တို့ကို ထိခိုက်ပျက်စီးစေခဲ့ကြောင်း၊ သို့ရာတွင် အဓိက ဆောင်းသီးနှံဖြစ်သည့် ဂျုံသီးနှံကိုမူ စိုးစဉ်းမျှ ထိခိုက်ပျက်စီးစေခြင်းမရှိခဲ့ကြောင်း၊ အဆိုပါမိုးကြောင့် ဂျုံသီးနှံများအတွက် ရေသွင်းစရိတ်ပင် သက်သာဖွယ်ရှိသော်လည်း ဆီထွက်သီးနှံများ၏ အထွက်နှုန်းကိုမူ ထိခိုက်မှုရှိမည်ဟု သိရှိရပါသည်။

အဆိုပါမိုးသီးမုန်တိုင်းသည် အဓိကအားဖြင့် Haryana နှင့် Punjab ပြည်နယ်တို့ရှိ သီးနှံပျက်စီးထိခိုက်မှုဖြစ်စေခဲ့ပြီး၊ ပျက်စီးမှုအခြေအနေနှင့် စပ်လျဉ်း၍ ကနဦးတွေ့ရှိချက် အစီရင်ခံစာများဆောင်ရွက်ပြီးဖြစ်သော်လည်း ဆုံးရှုံးမှုပမာဏအား သိရှိရန် လေ့လာဆန်းစစ်ချက် တစ်ရပ်ဆက်လက်ပြုလုပ်မည်ဖြစ်ကာ သက်ရောက်ခံရသည့် တောင်သူလယ်သမားသို့ လျော်ကြေးပေးမည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## အာဖရိကဝက်တုပ်ကွေး တရုတ်နိုင်ငံ အေးခဲဖက်ထုပ်များတွင်တွေ့ရှိ

အာဖရိက ဝက်တုပ်ကွေးရောဂါပိုးအား အေးခဲဖက်ထုပ်များတွင် စစ်ဆေးတွေ့ရှိကြောင်း တရုတ်နိုင်ငံမှ ဝက်သား ထုတ်လုပ်ရောင်းချသော Sanquan Food ကုမ္ပဏီမှ တရားဝင်ပြောကြားသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က အေးရှားနယူး သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဝက်သားကို ကမ္ဘာတွင်အများဆုံး ထုတ်လုပ်ရောင်းချလျက်ရှိပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လကုန်ခန့်မှစတင်ကာ အာဖရိက ဝက်တုပ်ကွေးရောဂါပိုး တွေ့ရှိမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာ၍ စစ်ဆေးတားမြစ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဝက်တုပ်ကွေး ရောဂါပိုးရှိသော ဝက်ထောင်ပေါင်းများစွာကို သုတ်သင်ရှင်းလင်းပြီးဖြစ်ကာ ယခုတွေ့ရှိမှုမှာ ဖြန့်ဖြူးရောင်းချမှု မပြုရသေးသော သိမ်းဆည်းထားသည့် အေးခဲဝက်ဖက်ထုပ်တွင် တွေ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ရောဂါပိုးသည် လူများကိုမထိခိုက်စေဘဲ ဝက်များကိုသာ ကူးစက်သေဆုံးစေနိုင်ကြောင်းကို အာဏာပိုင်များက ဖြေရှင်းထားသော်လည်း သတင်း



ရင်းမြစ် ခိုင်မာမှု မရှိသည့် မီဒီယာစာမျက်နှာများ၏ ဖော်ပြမှုအောက်တွင် လူထောင်ပေါင်းများစွာက စိတ်ဆိုးသော မှတ်ချက်များဝင်ရောက်ရေးသားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ အဆိုပါအရေးပေါ်အခြေအနေကြေညာချက်ကြောင့် အိမ်နီးချင်းနိုင်ငံများသည်တရုတ်နိုင်ငံမှ ဝက်သားတင်သွင်းမှုများကို ယာယီကန့်သတ်ထားကြောင်း သိရသည်။

**ကြည်သာသစ်နိုင်**


Trash is not Garbage

**အသုံးပြု၍မရသော အရာတိုင်းသည် အမှိုက်မဟုတ်ပါ။**